
ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

**ဘဝကိုတန်ဖိုးရှိအောင်နေထိုင်**

လောက၌ လူအဖြစ်ကိုရခြင်းသည်လည်းကောင်း၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည်လည်းကောင်း၊ သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်းကောင်း၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ခြင်းသည်လည်းကောင်း ခဲယဉ်းလှပါပေ၏။ (လူ့ဘဝကိုရ၍ အသက်ရှင်ခြင်းကို ရရှိကြသူတိုင်းသည် မိမိဘဝတန်ဖိုးရှိအောင် ပြုမူနေထိုင်ရာ၏။)

ဗုဒ္ဓဝင်(ဓမ္မပဒ-၁၈၂)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 26 October 2016 (၈၇၂၆)




# မဲခေါင်ဒေသ၏ စီးပွားရေးအခွင့်အလမ်းများအား စုစည်းအင်အားဖြင့် ဖော်ထုတ်အသုံးပြုပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်သွားရမည်

**ဟနွိုင်း အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အမျိုးသား ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ)သို့ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ဌာနမှူး မစ္စတာ Rick Samans နှင့် အာရှ-ပစိဖိတ်ဒေသ ဌာနမှူး မစ္စတာ Justin Wood တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ)တွင် အမှာစကားပြောကြားစဉ်။(သတင်းစဉ်)**

ထို့နောက် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖွတ်က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က အမှာစကားပြောကြားရာတွင် ယခု အစည်းအဝေးသည် မဲခေါင်ဒေသအတွင်း မတူညီကွဲပြားမှုများမှ စုစည်းအင်အား ဖော်ထုတ် အသုံးပြုရေးအတွက် အရေးကြီးသည့်အစည်းအဝေးတစ်ရပ်ဖြစ်ကြောင်း၊ မဲခေါင်မြစ်သည် ဒေသတွင်းနေထိုင်သော ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရှင်သန်ရပ်တည်မှုအတွက် အခြေခံကျစွာ ချိတ်ဆက်လျက်ရှိကြောင်း၊ မဲခေါင်မြစ်ဝှမ်းနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းများရှိသော်လည်း စိမ်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး ငြိမ်းချမ်းရေးနှင့်အညီ နေထိုင်မယ်ဆိုရင် ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို မလွဲမသွေအောင်မြင်မယ်လို့ ယုံကြည်

**နေပြည်တော် အောက်တိုဘာ ၂၅**

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် ညစာစားပွဲကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Grand Ballroom ၌ ယမန်နေ့ညစ ၆ နာရီက ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဒီနေ့ ကျင်းပတဲ့ (၇၁) ကြိမ်မြောက် ကုလသမဂ္ဂနေ့ အထိမ်းအမှတ်အခမ်းအနားကို လူကြီးမင်းများအားလုံးနဲ့ အတူတူ ကျင်းပခွင့်ရတာကျွန်မအနေနဲ့ ဝမ်းမြောက်မိပါတယ်။ ကျွန်မအနေနဲ့ ကုလသမဂ္ဂနဲ့ လက်တွဲလာခဲ့တာ အချိန်ကာလအားဖြင့် ကြာခဲ့ပြီဖြစ်ပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

**(၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



" မတူညီတဲ့ ကွဲပြားခြားနားချက်တွေကို အချင်းချင်းနားထောင်ကာ သင်ခန်းစာယူပြီး ချစ်ခင်ရင်းနှီးမှုမပျက်ဘဲ ယဉ်ကျေးသိမ်မွေ့စွာနဲ့ သဘောထားကွဲလွဲနိုင်ရမှာဖြစ်ပါတယ်။ မိမိနဲ့ သဘောထားမတိုက်ဆိုင်လို့ ရန်သူကဲ့သို့ ဆက်ဆံနေမယ်ဆိုရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာမှာ ဧကန်မလွဲပါပဲ။ ရန်သူများအကြား သဘောထားကွဲလွဲမှုဟာ အန္တရာယ်ရှိနိုင်သော်လည်း ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှုကို အခြေခံကာ အယူအဆကွဲလွဲကြမယ်ဆိုရင်တော့ အမြင်ချင်းဖလှယ်ပြီး ဘုံရည်မှန်းချက်အတွက် ဖြေရှင်းနည်းအသစ်တွေကိုလည်းရရှိနိုင်မှာ ဖြစ်ပါတယ်။ "



ကြေးမုံ

# တောင်သူလယ်သမားတို့၏ အကျိုးစီးပွား

တိုင်းပြည်၏လူဦးရေအများစုသည် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ် မှီခိုနေရသော ကျေးလက်ပြည်သူများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျေးလက်ပြည်သူတို့၏ဘဝ စိုပြည်သာယာမှသာ နိုင်ငံသူနိုင်ငံသားတို့၏ဘဝ စိုပြည်သာယာမည်ဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့လက်ဝယ်၌ သုံးနိုင်၊ စွဲနိုင်သော ငွေကြေးအင်အားရှိမှသာ စားသုံးကုန်နှင့် လူသုံးကုန်ပစ္စည်းများအပါအဝင် ပညာရေး၊ ကျန်းမာရေးစသော လူမှုစီးပွားဘဝ လိုအပ်ချက်အရပ်ရပ်အတွက် သုံးနိုင်၊ စွဲနိုင်မည်ဖြစ်ပါသည်။ ကျေးလက်ပြည်သူတို့၏ဘဝ ဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်၏ စီးပွားရေးသည်လည်း ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါသည်။

အောက်တိုဘာလ မိုးစပါးပေါ်ချိန်တွင် စပါးဝယ်ယူဈေးတို့ ကျဆင်းလျက်ရှိသည်ဟု ကြားသိရပါသည်။ စပါးသစ်ပေါ်ချိန်တွင် စပါးဝယ်ယူဈေးတို့ ကျဆင်းသည်မှာ ဖြစ်လေ့ဖြစ်ထရှိသော ဖြစ်စဉ်ဖြစ်နေပါသည်။ သို့သော် တောင်သူလယ်သမားများသည် စပါးဝယ်ယူဈေးတို့ ကျဆင်းလျက်ရှိနေသည့်ကြားမှပင် ၎င်းတို့၏ လိုအပ်ချက်အရပ်ရပ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရရာဈေးဖြင့် ရောင်းချကြရပါသည်။ ထွက်ပေါ်နေသော သတင်းများအရ လက်ရှိစပါးဝယ်ယူဈေးသည် တောင်သူလယ်သမားတို့၏ ကုန်ကျစရိတ်ကိုပင် ကာမိခြင်းမရှိဟု ကြားသိရပါသည်။ တောင်သူလယ်သမားတို့ အရှုံးပေါ်ခြင်း (သို့တည်းမဟုတ်) ကျေးလက်ပြည်သူတို့ လက်ဝယ်သုံးစွဲစရာငွေကြေးရှားပါးတော့မည်ဟူသော အဓိပ္ပာယ်သည် တိုင်းပြည်စီးပွားရေးအပေါ် အနုတ်လက္ခဏာသဘော ရိုက်ခတ်တော့မည်ကို ညွှန်းဆိုခြင်းဖြစ်ပါသည်။ အဆိုပါ အခြေအနေအပေါ် အလေးအနက်ထားသုံးသပ်၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တို့က လိုအပ်သကဲ့သို့ စီမံခန့်ခွဲပေးမည်ကို ယုံကြည်မျှော်လင့်နေကြောင်း တင်ပြအပ်ပါသည်။

အဆိုပါ ပြဿနာအား ကိုင်တွယ်ဖြေရှင်းရာ၌ ရေရှည်မူဝါဒတစ်ရပ်အဖြစ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)အား ဘဏ်များတွင် အာမခံအဖြစ်ထား၍ ချေးငွေရယူနိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ရန်ဖြစ်ပါသည်။ အမှန်တကယ်၌ ဤကဲ့သို့ဆောင်ရွက်ခွင့်ကို ဥပဒေအရ အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇)အား အာမခံအဖြစ်ထား၍ ချေးငွေရယူနိုင်ရေးနှင့်ပတ်သက်ပြီး ပြည်တွင်းဘဏ်များတွင် မည်ကဲ့သို့သော အခက်အခဲများရှိနေသည်ကို လေ့လာသုံးသပ်သင့်ကြောင်း လေးစားစွာအကြံပြုအပ်ပါသည်။ ပြည်တွင်းဘဏ်လုပ်ငန်းရှင်များအနေဖြင့်လည်း အဆိုပါပြဿနာနှင့်ပတ်သက်၍ ရင်ဆိုင်ရလျက်ရှိသော အခက်အခဲတို့ကို ပွင့်ပွင့်လင်းလင်းတင်ပြလျက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လမ်းညွှန်ထားသကဲ့သို့ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သောလုပ်ငန်းတို့ကို တက်တက်ကြွကြွအကြံပြုတင်ပြသင့်ပါသည်။

တောင်သူလယ်သမားတို့၏ အကျိုးစီးပွားနှင့် လုပ်ငန်းရှင်တို့၏ အကျိုးစီးပွားတို့ကို အပြန်အလှန်အထောက်အကူပြု အားကောင်းစေမည့် ကန်ထရိုက်လယ်ယာမြေစနစ် (Contract Farming) ပေါ်ပေါက်လာစေရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒချမှတ်တွန်းအားပေးဆောင်ရွက်ရေးကိုလည်း လေးစားစွာအကြံပြုအပ်ပါသည်။ ချုပ်၍တင်ပြရပါက တာဝန်ရှိပုဂ္ဂိုလ်တို့အနေဖြင့် လယ်သမားအရေး၊ တိုင်းပြည်အရေးဟု နှလုံးသွင်းဖော်ဆောင်ပါက တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးထောက်ကူနိုင်မည်ဖြစ်ကြောင်း လေးစားစွာအကြံပြုတင်ပြအပ်ပါသည်။ ။

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ စည်းဝေး



**နေပြည်တော် အောက်တိုဘာ ၂၅**

ကိုကာကိုလာ မြန်မာကုမ္ပဏီမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လုပ်ကိုင်ခဲ့သည့် လေးနှစ်တာကာလအတွင်း Cooperate Social Responsibility (CSR) နှင့် ပတ်သက်၍ အလေးထားဆောင်ရွက်ခဲ့သည့်ကိစ္စ၊ ရေနှင့် သန့်ရှင်းရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကူညီထောက်ပံ့မှုကိစ္စ၊ သက်ကြီးရွယ်အိုကိစ္စရပ်များ၊ မသန်စွမ်းသူများ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပေါ်နေကလေးသူငယ်များဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု၊ ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ယမန်နေ့ နံနက် ၉ နာရီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် ကိုကာကိုလာမြန်မာကုမ္ပဏီမှ အထွေထွေမန်နေဂျာဖြစ်သူ Mr. Rehan Khan ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အလားတူ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီးအား ကျား၊ မ ရေးရာတန်းတူညီမျှရေး ကွန်ရက်အဖွဲ့မှ ဒါရိုက်တာဖြစ်သူ ဒေါ်မေစပယ်ဖြူ ဦးဆောင်သောအဖွဲ့မှ လာရောက်တွေ့ဆုံသည်။ တွေ့ဆုံစဉ် အမျိုးသမီးများ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေး ဥပဒေ (မူကြမ်း)နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ CEDAW အစီရင်ခံစာများနှင့်ပတ်သက်၍ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များ၊ ကျား၊ မ ရေးရာ တန်းတူညီမျှရေးကွန်ရက်အဖွဲ့မှ ရှေ့ဆက်ဆောင်ရွက်မည့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဝန်ကြီးဌာနမှ ပူးပေါင်းကူညီပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းရုံးအစည်းအဝေးခန်းမ၌ စတုတ္ထအကြိမ်မြောက် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး စွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ Gender Equality and Women Empowerment Sector Working Group (GEWE-SWG) အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ပြုလုပ်သော အစည်းအဝေးမှာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော် နိုင်ရေးအတွက် လုပ်ငန်းစီမံကိန်းများကို စနစ်တကျ ညှိနှိုင်းဖော်ဆောင်သွားကြရန်ဖြစ်ကြောင်း၊

မြန်မာနိုင်ငံ၏ ကျား၊ မ ရေးရာ တန်းတူညီမျှခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာ အခြေအနေ ဆန်းစစ်မှု (Gender Equality and Women's Rightsin MYANMAR: A Situation Analysis) သည် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (၂၀၁၃-၂၀၂၂)၏ အောင်မြင်မှုဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များမှာပါသည့် ဦးတည်ချက်တွေကို ဆောင်ရွက်ရာတွင် အထောက်အကူပြုကြောင်း၊ SDG ၏ ပန်းတိုင် ၁၇ ခုတွင် အမှတ်စဉ်(၅) ဖြစ်သည်။ ကျား၊ မ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်ရွယ်သူများအားလုံး စွမ်းပကားတိုးမြှင့်စေရေးသည် အမျိုးသမီးများ၊ အမျိုးသမီး ငယ်ရွယ်သူများအားလုံး အလုပ်အကိုင် အခွင့်အလမ်းမှစ၍ ကဏ္ဍပေါင်းစုံတွင် ကျား၊ မ မခွဲခြားဘဲ တန်းတူညီမျှအခွင့်အလမ်းရရှိစေမည်ဖြစ်ပါကြောင်း၊ အမျိုးသမီးများ၏ အခွင့်အရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းဧရိယာများကို ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ UN အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်မရော အောက်တိုဘာ ၂၅**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် Village Developer ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ကလိုင်းကနိုင်-ကဇွန်းကုန်းလမ်း ကတ္တရာခင်းခြင်း၊ လေးဖာလုံနှင့် စိန်ဖားတောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရေတွင်းကုန်း၊ ခနောင်၊ ပိန္နဲကုန်းလမ်း ကွန်ကရစ်ခင်းခြင်း ၂ ဒသမ ၂၈၃ ဖာလုံအား အောက်တိုဘာ ၂၁ ရက်က လုပ်ငန်းအခြေအနေများကို မော်လမြိုင်ခရိုင် ကျေးလက်ဦးစီးဌာနမှ ခရိုင်မှူး ဦးရဲဝင်း၊ မြို့နယ်ဦးစီးမှူး ဦးသူရလွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်ဦး၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြင့်နိုင်တို့က ဆောင်ရွက်ဆဲလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၁၂၈၊ ၀၆၇-၃၆၀၁၃၀၊ ဖက်စ် ၀၆၇-၃၆၀၁၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၇ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၈၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❒ ရှေ့ဖုံးမှ

ထုတ်ကုန်တိုးမြှင့်မှုနှင့် စီးပွားရေးယှဉ်ပြိုင်စွမ်းတိုးမြှင့်မှု ကဏ္ဍများတွင် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း။

ယခုအစည်းအဝေးမှ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုနှင့် ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် နည်းလမ်းများ ရှာဖွေနိုင်လိမ့်မည်ဟုယုံကြည်ကြောင်း၊ မဲခေါင်ဒေသ၏ စီးပွားရေးအခွင့်အလမ်းများအား စုစည်းအင်အားဖြင့် ဖော်ထုတ်အသုံးပြုပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့မဲခေါင်နိုင်ငံများတွင် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းများစွာရှိပါကြောင်း၊ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း စီးပွားရေးပေါင်းစပ်ဆောင်ရွက်မှုများကို မြှင့်တင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာထောင်လွန်းဆီဆိုလစ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွန်ကစ်ဂျာတူဆရီပီတက်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဟန္နိုင်းမြို့ ပိုးထည်ရွာသို့ သွားရောက်ပြီး ပိုးထည်ရက်လုပ်နေမှုနှင့် ပိုးထည်များအား ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၇)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲများအား ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ကျင်းပသည့်ကမ္ဘာ့စီးပွားရေးဖိုရမ်(မဲခေါင်ဒေသ)သို့တက်ရောက်လာသည့် နိုင်ငံအကြီးအကဲများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)





နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ ပိုးထည်ရွာရှိ ပိုးထည်ရက်လုပ်နေမှုနှင့် ပိုးထည်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့ထွက်ခွာ




နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ကို နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် ဇနီးဒေါ်စုစုလွင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် (၈)ကြိမ်မြောက် CLMV၊ (၇)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးများနှင့် ကမ္ဘာ့စီးပွားရေးဖိုရမ်-မဲခေါင်ညီလာခံသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ထွက်ခွာသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. NGUYEN THANH VINH နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော်သမ္မတ၏ခရီးစဉ်တွင်အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီးဦးကျော်တင်နှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့သို့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၅၅ မိနစ်တွင်ရောက်ရှိကြရာ လေဆိပ်၌ ဗီယက်နမ်နိုင်ငံ Minister of Education and Training, H.E. Mr. Phung Xuan Nha၊ ဗီယက်နမ်နိုင်ငံဆိုင်ရာမြန်မာသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အဖွဲ့သည် ခေတ္တတည်းခိုမည့် ဟန္နိုင်းဂရင်းပလာဇာဟိုတယ်သို့ ရောက်ရှိကြသည်။


**(သတင်းစဉ်)**

# အမေရိကန်နှင့် စစ်ရေးသဘောတူညီချက်ကို မေ့ပျောက်ပစ်ရန် ဒူတာတေးပြော

**မနီလာ အောက်တိုဘာ ၂၅**
မိမိ၏နိုင်ငံနှင့်ရရှိခဲ့သော စစ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စုအနေဖြင့် မေ့ပျောက်ထားသင့်ကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားလိုက်သည်။

မိမိသည် သမ္မတရာထူးတွင် အချိန်ကာလပိုမိုရှည်ကြာစွာ တာဝန်ထမ်းဆောင်နိုင်မည်ဆိုပါက အမေရိကန်ပြည်ထောင်စုနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးသဘောတူညီချက်ကို လက်မှတ်ထိုးမည်မဟုတ်ကြောင်း ဂျပန်နိုင်ငံသို့ မထွက်ခွာမီ မြို့တော် မနီလာရှိ နီနွိုင်းအကွီနို နိုင်ငံတကာလေဆိပ်တွင် သတင်းထောက်များအား ပြောကြားသည်။

မိမိနိုင်ငံအတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တွေ့မြင်လိုခြင်း မရှိကြောင်း ဒူတာတေးက ပြောကြားသည်။ **ရိုက်တာ။**


ဂျပန်နိုင်ငံသို့ ရောက်ရှိလာသော သမ္မတ ဒူတာတေးအား ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက လက်ခံတွေ့ဆုံစဉ်။

# တရုတ်ထိပ်တန်းသံတမန် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်

**ပြုံယမ်း အောက်တိုဘာ ၂၅**
တရုတ်ထိပ်တန်းသံတမန်တစ်ဦး မြောက်ကိုရီးယားနိုင်ငံသို့သွားရောက်ခြင်းသည် မြောက်ကိုရီးယားခေါင်းဆောင်နှင့်တွေ့ဆုံပြီး နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးသွားဖွယ်ရှိသည်ဟု ထင်မြင်မှန်းဆချက်များ မြင့်တက်လျက်ရှိသည်။

တရုတ်ကိုယ်စားလှယ်အဖွဲ့ကို တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး လျူဇန်မင် ဦးဆောင်၍ ပြုံယမ်းမြို့သို့ တနင်္လာနေ့တွင် ရောက်ရှိလာကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ထုတ်ပြန်ကြေညာသည်။ အဆိုပါထုတ်ပြန်ချက်တွင် လျူဇန်မင်သည် နှစ်နိုင်ငံနယ်စပ်ဒေသနှင့် ပတ်သက်သည့် ဆွေးနွေးပွဲသို့တက်ရောက်မည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ယင်းထုတ်ပြန်ချက်တွင် လျူဇန်မင်သည် မည်သူနှင့်တွေ့၍ မည်သည့်ကိစ္စကို ဆွေးနွေးမည်ဟု ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းမရှိပေ။

မြောက်ကိုရီးယားနိုင်ငံက စက်တင်ဘာလတွင် ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်ပြီးနောက်ပိုင်း လျူဇန်မင်သည် ပြုံယမ်းမြို့သို့ ပထမဆုံးလာရောက်သည့် တရုတ်အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သည်။

မြောက်ကိုရီးယားရေးရာ တရုတ်သံတမန် ဝူဒဝယ်သည် ဖေဖော်ဝါရီလအတွင်းက ပြုံယမ်းမြို့သို့လာရောက်၍ နျူကလီးယားနှင့် ဒုံးကျည်စမ်းသပ်မှုအစီအစဉ်များကို ဆွေးနွေးခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံများသည် မြောက်ကိုရီးယားနိုင်ငံ၏ မကြာသေးမီက နျူကလီးယားစမ်းသပ်မှုများကြောင့် အရေးယူပိတ်ဆို့မှုများထပ်မံတိုးမြှင့်ရန် ဆွေးနွေးလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**

# ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ဆန္ဒပြပွဲအတွင်း ပစ်ခတ်မှုဖြစ်ပွား အရပ်သားလေးဦးသေဆုံး

**ဘန်ဂွီ အောက်တိုဘာ ၂၅**
ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ကုလသမဂ္ဂက စစ်ရေးတည်ရှိမှုကို ကန့်ကွက်သည့် ဆန္ဒပြပွဲအတွင်း အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အရပ်သူ၊ အရပ်သား လေးဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာအနာတရရရှိကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားကြသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံမှ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များ ထွက်ခွာသွားရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြပြီး ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ကျောက်ခဲများဖြင့် ပစ်ပေါက်ခဲ့ကြောင်း၊ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များက သတိပေးသည့်အနေဖြင့် သေနတ်ပစ်ဖောက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းနောက်တွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်ဆောင်ထားသူများအကြား အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဆို၏။

ဆန္ဒပြသူများ ချထားသည့် အတားအဆီးများကို ဖျက်သိမ်းနိုင်ရန် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များက အောက်တိုဘာ ၂၄ ရက် နံနက်စောစောပိုင်းတွင် လုပ်ဆောင်ခဲ့ရကြောင်း ဗဟိုအာဖရိကနိုင်ငံဆိုင်ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းအဖွဲ့က ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့သည် ဗဟိုအာဖရိကသမ္မတနိုင်ငံ၏ ပြည်သူများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ခြင်းမရှိသဖြင့် နိုင်ငံအတွင်းမှ ရုပ်သိမ်းထွက်ခွာပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

ဗဟိုအာဖရိက သမ္မတနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ခဲ့သည်။ ထိုစဉ်က သမ္မတဖြစ်သူ ဖရန်ဆွာ ကိုဇစ်အား မွတ်စလင်သူန်များက ရာထူးမှ ဖြုတ်ချခဲ့ရာမှ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များသည် ကလေးများကို ဗလက်ကာရပြုလုပ်သည်ဟု စွပ်စွဲချက်အများအပြား ပေါ်ထွက်ခဲ့သည်။ **ရိုက်တာ။**

# ပါကစ္စတန်၌ ရဲသင်တန်းကျောင်းကို စစ်သွေးကြွများတိုက်ခိုက် လူ ၆၁ ဦးသေဆုံး၊ ၁၀၀ ကျော်ဒဏ်ရာရ

**ကွက်တာ အောက်တိုဘာ ၂၅**
ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့ရှိ ရဲတပ်ဖွဲ့သင်တန်းကျောင်းတစ်ကျောင်းကို အသေခံဗုံးခွဲခါးပတ်များ ဝတ်ဆင်ထားသော သေနတ်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ၆၁ ဦးထက်မနည်း သေဆုံးပြီး ၁၀၀ ကျော် ဒဏ်ရာရရှိကြောင်း၊ သေနတ်သမားက ရဲသင်တန်းသားများကို ဓားစာခံအဖြစ်ဖမ်းဆီးခဲ့ကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူများက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားကြသည်။

အောက်တိုဘာ ၂၄ ရက်အစောပိုင်းက သင်တန်းသား ၂၀၀ ကျော် တက်ရောက်နေသော ရဲသင်တန်းကျောင်းအတွင်းသို့ စစ်သွေးကြွများဝင်ရောက်လာကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ငါးနာရီခန့်ကြာမြင့်သည့် ယင်းတိုက်ခိုက်မှုအတွင်း သင်တန်းသားအချို့အား သေနတ်သမားများက ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြောင်း၊ သေဆုံးသူအများစုမှာ သင်တန်းသားရဲအရာရှိလောင်းများဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ရဲသင်တန်းသားများနေထိုင်ရာ စစ်တန်းလျားအဆောက်အအုံအတွင်းသို့ သေနတ်သမားများက ဝင်ရောက်လာခဲ့ပြီး ပစ်ခတ်တိုက်ခိုက်ကြောင်း၊ သင်တန်းသားများ အိပ်စက်အနားယူနေစဉ်တွင် တိုက်ခိုက်လာခြင်းဖြစ်ကြောင်း ဘလူချီစတန်ပြည်နယ် ပြည်ထဲရေးဝန်ကြီး မီရာဆာဖာရက်ဇ် ညတ်တီက ပြောကြားသည်။



အသေခံတိုက်ခိုက်သူ သေနတ်သမားများအနက် နှစ်ဦးမှာ ၎င်းတို့ကိုယ်တွင်တပ်ဆင်ထားသော ဖောက်ခွဲရေးပစ္စည်းများအား အသေခံဖောက်ခွဲခဲ့ပြီး အခြားတစ်ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရကြောင်း ပြည်နယ်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် သေနတ်သမားများမှာ ငါးဦးသို့မဟုတ် ခြောက်ဦးခန့်ရှိကြောင်း ယင်းပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက အစောပိုင်းတွင် ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့အစည်းကမျှ တာဝန်ရှိသည်ဟု လတ်တလော ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ **ဆင်ဟွာ။**

# တရုတ်တွင် အိမ်တွင်းပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၄ ဦးသေဆုံး

**ပေကျင်း အောက်တိုဘာ ၂၅**
တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်ရှီးပြည်နယ်တွင် ပြင်းထန်သည့်ပေါက်ကွဲမှုတစ်ခုကြောင့် သေဆုံးသူများမြင့်တက်လာလျက်ရှိပြီး ၁၄ ဦးအထိရှိလာပြီဖြစ်သည်။ ၁၄၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် ၁၁ ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင် ရှိနေသည်။

ဖူဂူစီရင်စု၌ မိသားစုဝင်ငါးဦးနေထိုင်သည့် အသင့်ထုတ်လုပ်ပြီး အစိတ်အပိုင်းများဖြင့် ဆောက်လုပ်ထားသော အိမ်တစ်လုံးတွင် ယမန်နေ့မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းအေဂျင်စီနှင့် အခြားသောသတင်းမီဒီယာများက ပြောကြားသည်။

အိမ်တွင်း၌ ပေါက်ကွဲစေနိုင်သောပစ္စည်းများ သိုလှောင်ထားခြင်းကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ဖွယ်ရှိကြောင်း ရဲတပ်ဖွဲ့က သံသယရှိနေသည်။ ရဲတပ်ဖွဲ့က အိမ်ပိုင်ရှင်ကို စုံစမ်းမေးမြန်းလျက်ရှိပြီး စက်တင်ဘာလကတည်းက ငှားရမ်းနေထိုင်ခဲ့သည့် အိမ်ငှားများကို ရှာဖွေလျက်ရှိသည်။

ပေါက်ကွဲမှုကြောင့် အဆိုပါအိမ်မှာ လုံးဝပျက်စီးသွားပြီး အနီးအနားရှိနေအိမ်များကိုပါ ပျက်စီးစေခဲ့သည်။ ပေါက်ကွဲမှုမှာ အလွန်ပြင်းထန်ခဲ့ပြီး စတုရန်းမီတာ ၈၀၀ ခန့်အတွင်းရှိ အဆောက်အအုံများ၏ ပြတင်းပေါက်များပါ ကွဲကြေပျက်စီးသွားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို တစ်ညလုံးပြုလုပ်ခဲ့ကြသည်။ ပေါက်ကွဲမှုမှာ အလွန်ပြင်းထန်သည့်အတွက် အိမ်တွင်း၌ ပေါက်ကွဲစေနိုင်သောလက်နက်ခဲယမ်းများ လျှို့ဝှက်သိမ်းဆည်းထားခြင်း ဖြစ်နိုင်ကြောင်း တရုတ်သတင်းမီဒီယာများက ထင်မြင်ယူဆကြသည်။ သို့သော် အန္တရာယ်များသည့် ပစ္စည်းများ အဆိုပါအိမ်အတွင်း မည်သည့်အတွက် သိုလှောင်သိမ်းဆည်းထားသည်ကို မသိရှိရပေ။ **အင်န်အိတ်ချ်ကေ။**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် ဥက္ကဋ္ဌတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace and Human Rights ဥက္ကဋ္ဌ Mr.Kjell Magne Bondevik ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းအခြေစိုက် အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ဥက္ကဋ္ဌ Mr. Liqun JIN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

နော်ဝေဝန်ကြီးချုပ်ဟောင်းနှင့် Oslo Center for Peace and Human Rights ၏ ဥက္ကဋ္ဌနှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုကိစ္စရပ်များ၊ ရခိုင်ပြည်နယ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များနှင့် မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နိုင်သောကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ဥက္ကဋ္ဌ Mr. Liqun JIN နှင့်တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်တို့အကြား ရေလမ်း၊ မီးရထားလမ်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်ဥက္ကဋ္ဌ Mr. Liqun JIN နှင့်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၄/၂၀၁၆)
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) ဗုဒ္ဓဟူးနေ့၊ ၁၃း၃၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)မန်းဝင်းခိုင်သန်း**
**နာယက**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၃/၂၀၁၆)
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀ နာရီ အချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ)ဝင်းမြင့်**
**ဥက္ကဋ္ဌ**

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ်( ၃/၂၀၁၆ )
၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ(ခ)တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက် (၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်)ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ နိုဝင်ဘာ ၁၅ ရက် အရောက်သတင်းပို့ရန် ဖိတ်ကြားထားရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည် ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားရှိရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် နေပြည်တော် ပြည်သူ့လွှတ်တော်ရုံး ရေးရာဆောင်အမှတ်-၁၂ (I-12) သို့ နိုဝင်ဘာ ၁၄ ရက် (တနင်္လာနေ့) ထက်မစော နိုဝင်ဘာ ၁၅ ရက် (အင်္ဂါနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ နိုဝင်ဘာ ၁၅ ရက်အရောက် သတင်းပို့ရန် ဖိတ်ကြားထားရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယ ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပမည်။

အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် -၁၉ (I-19) သို့ နိုဝင်ဘာ ၁၄ ရက် ထက်မစော ၁၅ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန် ပန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✱ အဝါရောင်အဆင့်မှ**

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ည ၇ နာရီခွဲ အချိန်တွင် မြောက်လတ္တီကျု ၁၆ ဒသမ ၈ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၇ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းခန့်ဖြစ်သည်။

မုန်တိုင်း၏အရှိန်ကြောင့် အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာကာ နေရာကွက်၍ မိုးကြီးနိုင်ပြီး မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သဖြင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၈ တွင် ဖော်ပြပါရှိသည့် **"အောင်စိုးမိုးကျော်-၂(ခ)ရွှေသီဟ" ခရီးသည်တင်အမြန်ရေယာဉ် နစ်မြှုပ်မှုဖြစ်စဉ်မှ သေဆုံးသူများ၏ မိသားစုဝင်များအား နိုင်ငံတော်အစိုးရက ကူညီထောက်ပံ့မှုများ အပြည့်အဝဖြည့်ဆည်းဆောင်ရွက်ပေး** ခေါင်းစဉ်ဖြင့် တွေ့ဆုံမေးမြန်းမှုမှ Market Trading Co.,Ltd. အစား Mother Trading Construction Co.,Ltd. ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်း**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၂၄ ရက် နေ့ထုတ် ကြေးမုံသတင်းစာ၏ နိုင်ငံတကာ မြင်ကွင်းဆောင်းပါးတွင် ဒုတိယကော်လံ၊ ဒုတိယစာပိုဒ်၊ စာကြောင်းရေ ၁၁ ၌ "ကယ်လီဖိုးနီးယားပြည်နယ်ရဲ့သမ္မတရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲ ၅၃၈ မဲစလုံးကိုရပါတယ်" ဟု မှားယွင်းဖော်ပြမိပါသည်။ အမှန်မှာ အဆိုပါ ဆောင်းပါးတွင် ဒုတိယကော်လံ၊ ပထမအပိုဒ်၊ စာကြောင်းရေ ၆ ၌ ဖော်ပြထားသကဲ့သို့ "ကယ်လီဖိုးနီးယားပြည်နယ်ရဲ့သမ္မတ ရွေးချယ်ရေးအဖွဲ့ ဆန္ဒမဲအရေအတွက်ဟာ ၅၅ မဲ"သာဖြစ်ကြောင်း အမှားပြင် ရှင်းလင်းတင်ပြအပ်ပါသည်။ အမှားအယွင်းအတွက် စာဖတ်သူပြည်သူတို့အား လေးစားစွာတောင်းပန်အပ်ပါသည်။

**ရဲရင့်လင်းလက်**

# ပန်းသတင်းလေညင်းဆောင်

## သီလဝသား

အများပြည်သူတွေ အားကိုးအားထားပြုနေသော ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးခန်း စသည်အားဖြင့် နိုင်ငံတော်က ကူညီပံ့ပိုးထားသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ ရာနှုန်းပြည့် အဆင်မပြေသေးသော်လည်း ငါးဆယ်ရာခိုင်နှုန်းခန့် အဆင်ပြေနေပါသည်။ ဝန်နှင့်အား လေးနှင့်မြားဆိုသကဲ့သို့ ဝန်ထမ်းအင်အား၊ နေရာထိုင်ခင်းအခြေအနေ၊ လိုအပ်သည့်ဆေးဝါးပံ့ပိုးမှု၊ အချိန်တိုအတွင်း ကြည့်ရှုစောင့်ရှောက်နိုင်မှုတို့မှာ လိုအပ်ချက်များစွာရှိပါသည်။ သို့သော် မည်သည့်လုပ်ငန်းမဆို ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်လို့မရပါ။ စာရေးသူတို့ ဖြစ်ချင်သလိုဖြစ်လာဖို့ ဘက်ပေါင်းစုံမှ များစွာကြိုးစားဖို့ လိုနေပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ ရုန်းမထွက်နိုင်သေးသကဲ့သို့ ဆင်းရဲတွင်းနက်နေသော နိုင်ငံလည်းဖြစ်နေပါသည်။ ဘက်ပေါင်းစုံမှ တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် နိုင်ငံတော်နှင့်အတူ ပူးပေါင်း ကူညီဆောင်ရွက်နိုင်မှ လိုအပ်သည့်ခရီးကို ရောက်နိုင်မည် ဖြစ်ပါသည်။ ပြည်သူကိုးဆယ့်ငါးရာခိုင်နှုန်းခန့် ပြည်သူ့ဆေးရုံကြီးများကို အားကိုးမှီတွယ်နေရပါသည်။ ကျန်ငါးရာခိုင်နှုန်းခန့်သည် ပြည်တွင်းပုဂ္ဂလိကဆေးရုံကြီးများ၊ ပြည်ပဆေးရုံကြီးများသို့ အားကိုးအားထားပြု၍ သွားရောက်ကုသမှုခံယူနေကြပါသည်။

အာရောဂျံပရမံလာဘံဟူသည် ကျန်းမာရေးကောင်းသည့်အတွက် လာဘ်ကြီးတစ်ပါးရရှိခြင်းဆိုသည်ထက် ကျန်းမာရေးမကောင်းမှ ကျန်းမာရေးကောင်းသည့်အချိန်အခါ၏ တန်ဖိုးကို သိလာရပါသည်။ စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု တင်ပြချင်ပါသည်။ အသက်ခုနစ်ဆယ်အရွယ်ရှိ အစ်ကိုကြီးမှာ တစ်မြို့တစ်ရွာ၌ ခြေထောက်ဒဏ်ရာ ရရှိလာသဖြင့် အထူးကုဆေးရုံ၊ ပုဂ္ဂလိကဆေးရုံသို့ ထက်ရောက်ကုသခဲ့ပါသည်။ ငွေကြေးအဆင့်ဆင့်ခွဲခြားထားသော အခန်းယူမှု၌ ငွေကြေးသင့်တင့်သောအခန်းကိုရယူလျက် ခွဲစိတ်ခန်းသို့ ဝင်ခဲ့ပါသည်။ သူ့အဆင့်နှင့်သူ ပေးချေရမည့်ငွေကြေး၊ ခွဲစိတ်ကုသခ၊ ဆေးဖိုးကျသင့်ငွေများကို ညီညွတ်မျှတစွာ ပေးဆောင်ခဲ့ရသော်လည်း ဝန်ဆောင်မှုအပိုင်း၌ လွန်စွာအားနည်းလျက်ရှိသည်ကို တွေ့ရှိခံစားခဲ့ရပါသည်။ ခွဲစိတ်ခန်းမှထွက်လာသောလူနာအား အုပ်ဆိုင်းပေးရန် စောင်တောင်းခံခြင်း၊ လူနာကို ခုတင်ပေါ် မ တင်နိုင်ခြင်းစသည်အားဖြင့် အဝေးမှ ရောက်ရှိလာသော လူနာရှင်အဖို့ ငွေကြေးအဆင်ပြေသော်လည်း ရုတ်တရက်လိုအပ်သည့်ပစ္စည်း ဝယ်ယူပေးနိုင်ဖို့ လူနာကိုမ နိုင်သော သန်မာတောင့်တင်းသည့်အဖော်မပါလာသည့်အတွက် ကူညီဖို့မလွယ်ကူပါ။ အထူးကုဆေးရုံကြီးသို့ လာရောက်ကုသရခြင်းမှာလည်း ပြည်သူ့ဆေးရုံကြီးများ၌ လူနာများစွာကို ကြည့်ရှုကုသပေးနေရသော ဆရာဆရာမများမှ မိမိလူနာကို မိမိတို့ဖြစ်စေချင်သော ဆန္ဒအတိုင်း ချက်ချင်းကူညီမှုမပေးနိုင်၍ အထူးကုဆေးရုံကြီးသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ပါသည်။ ပြည်သူ့ဆေးရုံကြီးများ၏ ကုသရေးအပိုင်း၌ အရေးကြီးလျှင် အရေးကြီးသလို ကုသဆောင်ရွက်ပေးနေသည်ကို ပြည်သူများအသိပင်ဖြစ်ပါသည်။

စာရေးသူ၏ အစ်ကိုကြီးမှာ အသက်ကြီးသည်က တစ်ကြောင်း ရရှိသော ဒဏ်ရာမှာ အနာအို အနာဟောင်းဖြစ်သည့်အတွက် အေးအေးဆေးဆေးကုသပြီး ကောင်းမွန်စွာ အနားယူနိုင်မည့် အထူးကုဆေးရုံကြီးကို ရွေးချယ်တက်ရောက်ခဲ့ရခြင်းဖြစ်သည်။ လူနာနေသည့်အခန်းမှာ လေအေးပေးစက်၊ ရုပ်မြင်သံကြားစက်၊ ရေခဲသေတ္တာ၊ ဗီရို၊ ရေလောင်းအိမ်သာ၊ ဆက်တီခုံတန်းများရှိနေရုံဖြင့် လူနာအတွက် ပြီးပြည့်စုံပြီဟု ဆို၍မရပါ။ အခန်းသန့်ရှင်းရေးသည် အဓိကကျပါသည်။ မည်သည့်ပိုးသတ်ဆေးအနံ့မှ မရှိသော အခန်းတွင်း၌ ခွဲစိတ်လူနာထားရှိပါသည်။ အထပ်မြင့် အဆောက်အအုံမဟုတ်သည့် အဆောက်အအုံဖြစ်ပြီး မြေညီအဆောက်အအုံမှာ နံရံများညစ်ပေနေခြင်း၊ နံရံများ အက်ကြောင်းများ ပေါ်နေခြင်းတို့မှာ ပြုပြင်စရာကောင်းသည့်အနေအထားဟု ဆိုချင်ပါသည်။ အောက်ခြေဝန်ထမ်းများသည်လည်း ဝတ်ကျေတန်းကျေလုပ်ငန်းများ ဆောင်ရွက်သည်ကို တွေ့ရပါသည်။

အိမ်နီးချင်းနိုင်ငံများ၌ ဆေးကုသစရိတ်သည် ပြည်တွင်းကုသစရိတ်ထက် သုံးဆခန့်ပိုများပါသည်။ ကိုယ်တွင်းအင်္ဂါအစားထိုးကုသရမည်ဆိုလျှင် မမျှော်မှန်းနိုင်သည့် ကုန်ကျစရိတ်ရှိသည်ကို ကြားသိရပါသည်။ သို့သော် စာရေးသူမိသားစုမှ သွားရောက်ကုသသည့် ပုဂ္ဂလိကဆေးရုံကြီးများတွင် ခွဲစိတ်ခဲ့ရသည့် ဇနီးသည်အား လူနာဝတ်စုံ၊ အပိုဝတ်စုံ၊ ၁၀ပေ×၁၅ပေ အခန်းတစ်ခန်း၌ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ ဆက်တီစားပွဲ၊ ဗီရို၊ အလွယ်တကူစားသောက်ရန် ပန်းကန်ခွက်ယောက်အစုံ၊ ရေခဲသေတ္တာ၊ လေအေးစက်၊ အချိန်ပြည့်သန့်ရှင်းရေးလုပ်ပေးသော ဝန်ထမ်းများ၊ အချိန်ပြည့်ကြည့်ရှုပေးသော ဆရာဝန် ဆရာမများ စသည်တို့၏ ဝန်ဆောင်မှုပေးခြင်းသည် စိတ်ချမ်းမြေ့စရာကောင်းလှပါသည်။

လူနာစာအတွက် မဆိုထားဘိ၊ လူနာစောင့်အတွက် ပင်လျှင် သာမန်အစားအသောက် (နံနက်ခင်းစာ)ကို အခမဲ့ကျွေးမွေးပေးပါသည်။ ဝန်ဆောင်မှုကောင်းမှာပေါ့၊ သူတို့က ငွေကြေးအများကြီး ယူထားတာကိုးဟု ပြောစရာရှိပါသည်။ မှန်ပါသည်။ ငွေကြေးယူပြီး ထိုက်တန်အောင် ဝန်ဆောင်မှုပေးခြင်း၊ စိတ်ချမ်းသာအောင်ထားပေးခြင်း၊ ဝန်ထမ်းများဆက်ဆံရေး ချောမွေ့ပြေပြစ်ခြင်းတို့သည် ကျွန်တော်တို့နိုင်ငံမှ ပုဂ္ဂလိကဆေးရုံကြီးများအနေဖြင့် မျက်ကွယ်မပြုဘဲ နည်းနာယူသင့်သည်ဟု ဆိုရပေမည်။ နာရီနှင့်အမျှ တိုးတက်ပြောင်းလဲနေသော ယနေ့အချိန်အခါတွင် ဘက်ပေါင်းစုံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ပေါက်လာပါမည်။ မလွဲမသွေ ကျန်းမာရေးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုအပိုင်းလည်း ရှိလာပါမည်။ စာရေးသူတို့ ယှဉ်ပြိုင်ရပါတော့မည်။ ယနေ့အနေအထားနှင့် ယှဉ်ပြိုင်နိုင်ဖို့ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်ပြီး များစွာကြိုးစားအားထုတ်ဖို့ လိုနေသေးကြောင်း တင်ပြရပါသည်။ ။

**နာရီနှင့်အမျှ တိုးတက်ပြောင်းလဲနေသော ယနေ့အချိန်အခါတွင် ဘက်ပေါင်းစုံမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ပေါက်လာပါမည်။ မလွဲမသွေ ကျန်းမာရေးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုအပိုင်းလည်း ရှိလာပါမည်။ စာရေးသူတို့ ယှဉ်ပြိုင်ရပါတော့မည်။ ယနေ့အနေအထားနှင့် ယှဉ်ပြိုင်နိုင်ဖို့ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်ပြီး များစွာကြိုးစားအားထုတ်ဖို့ လိုနေသေးကြောင်း။**

## မော်တော်ယာဉ်အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များ၏ အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် အောက်တိုဘာ ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုး စီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်အထိ ၆၀ လတာကာလအတွင်း ၅၇၁၂၈၃ စီးဖြစ်ပြီး နိုင်ငံတော် အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၈၂၁၅၆၆ ဒသမ ၀၂ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် (CT) ၆၈၀၉၁၀ ဒသမ ၄၁ ကျပ်သန်းနှင့် အထူးကုန်စည် ခွန် (SGT) ၂၄၄၀၆ ဒသမ ၉၈ ကျပ်သန်း စုစုပေါင်း ၁၅၂၆၈၈ ဒသမ ၄၁ ကျပ်သန်းအား ကောက်ခံရရှိခဲ့ပြီးဖြစ်သည်။

၎င်း ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေးစီမံချက် အတွက် ၁၄၁၃၈၇ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၂၈၃၃၄ စီး၊ သဘော်သားပါမစ်ဖြင့် တင်သွင်းမှုများ အတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်ကိုင်သူများ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်း ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၂၉၅၅၈၀ တို့ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(ဝင်းမြင့်)**



## ကမ်းရိုးတန်းဒေသကြီးတစ်လျှောက် လေပြင်းတိုက်ခတ်နိုင်မှု အမြန်ရေယာဉ်များအား ပညာပေးစစ်ဆေး

**တနင်္သာရီ အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြန်မာ့ကမ်းရိုးတန်းဒေသတစ်လျှောက်တွင်လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသ အထူးသတိပေးချက်အရ သိရသည်။

ယင်းကြောင့် မြိတ်-တနင်္သာရီမြို့မှ မြိတ်မြို့သို့ အမြန်ရေယာဉ်ဖြင့် နေ့စဉ်ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ သွားလာနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးလွှမ်းမိုးအောင်နှင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူးတင်အောင် ဦးဆောင်သော ပူးပေါင်းအဖွဲ့ဝင်များက အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ချောင်းငယ်ရပ်ကွက် ကမ်းနားလမ်း ဆိပ်ခံတံတားမှ မြိတ်မြို့သို့ ထွက်ခွာမည့် ဒို့တောရွာ အမြန်ရေယာဉ်အတွင်း အသက်ကယ်အင်္ကျီပြည့်စုံလုံလောက်မှု ရှိ/မရှိ၊ သတ်မှတ်ခရီးသည်နှင့် ဝန်တင်ဆောင်မှု ရှိ/မရှိ၊ အရေးပေါ် မီးသတ်ဆေးဘူးထားရှိခြင်း ရှိ/မရှိ စသည်တို့ကို စစ်ဆေး၍ မိုးလေဝသသတိပေးကြေညာချက်များကို စဉ်ဆက်မပြတ် နားထောင်လိုက်နာဆောင်ရွက်ကြရေး အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်ဆက်)**

## ဥရောပသမဂ္ဂမှ တရားဝင်ငါးဖမ်းဆီးခြင်း အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရေး သင်တန်းပို့ချ

**ကော့သောင်း အောက်တိုဘာ ၂၅**

ဥရောမသမဂ္ဂ (Europen Union) နှင့် Myanmar Trade Development Programme(TDP) အစီအစဉ်ဖြင့် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများအဖွဲ့ တရားဝင်ငါးဖမ်းဆီးခြင်းအသိမှတ်ပြုလက်မှတ် (Catch Certificate) ထုတ်ပေးနိုင်ရေးသင်တန်းကို ကော့သောင်းမြို့ ဒေသခံငါးလုပ်ငန်းရှင်များနှင့် ငါးလုပ်ငန်းကုမ္ပဏီတာဝန်ရှိသူများအား ယမန်နေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ဂါးဒင်းဟိုတယ်၌ စတင်ဖွင့်လှစ်ပို့ချကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဥရောမသမဂ္ဂ (Europen Union) ပညာရှင် အီတလီနိုင်ငံသား Mr.GillesHosch နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများက ဒေသခံငါးလုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးသယံဇာတမပြုန်းတီးရေး၊ တရားမဝင်ငါးဖမ်းဆီးမှုများ ပပျောက်ရေး၊ တရားမဝင် ငါးတင်ပို့ရောင်းချမှုမဖြစ်ပေါ်စေရေးအတွက် ဒေသခံရေလုပ်ငန်းရှင်များအား တရားဝင် ငါးဖမ်းဆီးမှုအသိအမှတ်ပြု (Catch Certificate) ထုတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ■ ကုလသမဂ္ဂမှ

ကျွန်မ ငယ်ရွယ်စဉ်အချိန် တက္ကသိုလ်က ဘွဲ့ရပြီးခါစမှာ နယူးယောက်မှာရှိတဲ့ ကုလသမဂ္ဂလက်အောက်ခံဖြစ်တဲ့ Advisory Committee on Administrative and Budgetary Questions (ACABQ) ဆိုတဲ့ဌာနမှာ အလုပ်လုပ်ကိုင်ခဲ့ပါတယ်။ နိုင်ငံအသီးသီးက သံတမန်တွေက ယင်းအဖွဲ့အစည်းမှာ အလုပ်လုပ်ခွင့်ရဖို့ အလွန်ကို စိတ်ဝင်စားခဲ့ကြပါတယ်။ အဲဒီအချိန်က ကုလသမဂ္ဂပေါ်ပေါက်ခဲ့တာ ၂၆ နှစ်သာ ရှိသေးတဲ့အတွက် သက်တမ်းအားဖြင့် အလွန်ကို နုနယ်သေးတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ နှစ်ပေါင်းများစွာကြာခဲ့ပြီးနောက် ကျွန်မနဲ့ ကုလသမဂ္ဂရဲ့ဆက်ဆံရေးက စာမျက်နှာသစ်ဖွင့်လှစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ရဲ့ပါတီခေါင်းဆောင်ဘဝမှာ ကုလသမဂ္ဂနဲ့ဆက်ဆံရေးက တစ်မျိုးတစ်ဖုံ ထူးခြားနေပြီး စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးရာကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ ကုလသမဂ္ဂရဲ့အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး မတူညီတဲ့အမြင် ရှုထောင့်အမျိုးမျိုးကို ကျွန်မ ရရှိခဲ့ပါတယ်။ ယူအန်ဒီပီနဲ့ အခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းတွေနဲ့ မတူညီတဲ့ အဖွဲ့အစည်းအမျိုးမျိုးဖြစ်တဲ့ လူမှုအဖွဲ့အစည်းတွေ၊ အတိုက်အခံအဖွဲ့အစည်းတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေနဲ့ ဘယ်လိုချိတ်ဆက်ဆောင်ရွက်လဲဆိုတာ ကျွန်မလေ့လာသိရှိခဲ့ရပါတယ်။ အခုဆိုရင်ကျွန်မနဲ့ ကုလသမဂ္ဂဆက်ဆံရေးဟာ တတိယစာမျက်နှာသစ်ကို ဖွင့်လှစ်ခဲ့ပြီဖြစ်ပါတယ်။ အခုကျွန်မဟာ အစိုးရသစ်၏ အဖွဲ့ဝင်တစ်ဦးအနေနဲ့ ပါဝင်လာပြီဖြစ်တဲ့အတွက် ယခင်အတိုက်အခံပါတီ ခေါင်းဆောင်တစ်ဦးအနေနဲ့ ဆက်ဆံရေးမျိုးလို မဟုတ်ဘဲ ထူးခြားနေပြန်ပါတယ်။ ကုလသမဂ္ဂဟာ ကမ္ဘာပေါ်မှာ ပြဿနာများဖြေရှင်းရာမှာ အရေးအပါဆုံးသော အဖွဲ့အစည်းအနေနဲ့ ရှိနေဆဲပဲ ဖြစ်ပါတယ်။

### ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံခေါင်းဆောင်တွေအနေနဲ့ နှစ်စဉ်ကျင်းပတဲ့ အစည်းအဝေးတွေမှာ အထူးသဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ အနာဂတ်အတွက် မျှော်မှန်းပြီး ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အဓိကဆွေးနွေးလေ့ရှိကြပါတယ်။ ကုလသမဂ္ဂက ငြိမ်းချမ်းရေးကာကွယ်စောင့်ရှောက်ရာမှာ အရေးပါတဲ့အခန်းကဏ္ဍမှ ပါဝင်တယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

### ကုလသမဂ္ဂနဲ့ ငြိမ်းချမ်းရေး

ကျွန်မအနေနဲ့ ကုလသမဂ္ဂစာစီစာကုံးပြိုင်ပွဲမှာ ပါဝင်တဲ့သူတွေကို အသိအမှတ်ပြု ကျေးဇူးတင်ပါတယ်။ ယင်းပြိုင်ပွဲတွင် အမြင့်ဆုံးဆုရရှိသူများမှာ မိန်းကလေးများသာဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ များစွာအံ့သြမိပါတယ်။ မိန်းကလေးတွေက ကုလသမဂ္ဂအကြောင်း ပိုစိတ်ဝင်စားကြလို့ပဲလား၊ ပညာရေးဘက်မှာ မိန်းကလေးတွေက ပိုတော်နေလို့လားဆိုတာ မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ မိန်းကလေးတွေဆုရကြတာ ဝမ်းသာပေမယ့် ယောက်ျားလေးတွေက မိန်းကလေးတွေလောက် ငြိမ်းချမ်းရေးကို စိတ်မဝင်စားလို့လားဆိုပြီး မျှော်မှန်းထားသလောက်ဖြစ်မလာတဲ့အတွက် အနည်းငယ်တော့ စိတ်ပျက်မိတာအမှန်ပါပဲ။ ဘာလို့လဲဆိုတော့ ဒီနှစ်စာစီစာကုံး ခေါင်းစဉ်က "ကုလသမဂ္ဂနဲ့ ငြိမ်းချမ်းရေး" ဖြစ်လို့ပါပဲ။ မိန်းကလေးတွေက ငြိမ်းချမ်းရေးကို အလှတရားတစ်ခုအနေနဲ့ ခံစားကြပါတယ်။ ကမ္ဘာကြီးရဲ့ သဘာဝအလှတရားကို ဖျက်ဆီးနေတဲ့ ပဋိပက္ခတွေ၊ အကြမ်းဖက်မှုတွေ၊ ပြန်ပေးဆွဲမှုတွေ၊ အမုန်းတရားတွေနဲ့ ရန်လိုမုန်းတီးမှုတွေကို ဆန့်ကျင်တိုက်ထုတ်မှသာ တည်ငြိမ်အေးချမ်းပြီး သာယာလှပတဲ့ကမ္ဘာကြီးကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။

ကုလသမဂ္ဂအဖွဲ့အစည်းက ယနေ့ထက်တိုင် ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲအောင် တည်ဆောက်ထားနိုင်ဆဲဖြစ်တဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာမိပါတယ်။ ယနေ့ကျင်းပတဲ့အခမ်းအနားကို ယခင်နှစ်တွေနဲ့မတူ တက်ရောက်လာသူတွေနဲ့ လွတ်လွတ်လပ်လပ် ဆွေးနွေးအမြင်ချင်းဖလှယ်ပြီး ရင်းနှီးမှုတွေ တိုးပွားလာအောင် ရည်ရွယ်ကျင်းပခြင်းပဲဖြစ်ပါတယ်။

### သဘောထားကွဲလွဲနိုင်

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ ကျော်နဲ့ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂမှာ သဘောထားမတူညီမှုတွေရှိနေမှာတော့ ဓမ္မတာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့ဟာ မတူညီတဲ့ ကွဲပြားခြားနားချက်တွေကို အချင်းချင်းနားထောင်ကာ သင်ခန်းစာယူပြီး ချစ်ခင်ရင်းနှီးမှုမပျက်ဘဲ ယဉ်ကျေးသိမ်မွေ့စွာနဲ့ သဘောထားကွဲလွဲနိုင်ရမှာ ဖြစ်ပါတယ်။ မိမိနဲ့သဘောထားမတိုက်ဆိုင်လို့ ရန်သူကဲ့သို့ ဆက်ဆံနေမယ်ဆိုရင် မလိုလားအပ်တဲ့ပြဿနာတွေ ဖြစ်လာမှာ ဧကန်မလွဲပါပဲ။ ရန်သူများအကြား သဘောထားကွဲလွဲမှုဟာ အန္တရာယ်ရှိနိုင်သော်လည်း ရှိရင်းစွဲချစ်ခင်ရင်းနှီးမှုကိုအခြေခံကာ အယူအဆကွဲလွဲကြမယ်ဆိုရင်တော့ အမြင်ချင်းဖလှယ်ပြီး ဘုံရည်မှန်းချက်အတွက် ဖြေရှင်းနည်းအသစ်တွေကိုလည်း ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ဆောင်ရွက်လိုပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေကိုလည်း ကုလသမဂ္ဂအကြောင်း ပိုမိုသိစေချင်ပါတယ်။

### မမေ့နိုင်တဲ့ ဂုဏ်ယူမှု

ကျွန်မကလေးဘဝတုန်းက မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့တွေ ကုလသမဂ္ဂအစည်းအဝေးပွဲတွေကို တက်ရောက်ဖို့အတွက် ခရီးဝေးလှတဲ့ နယူးယောက်ကိုသွားတာကို ဂုဏ်ယူခဲ့ပါတယ်။ အဲဒီအချိန်မှာ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့ ကမ္ဘာ့အလယ်မှာ ဉာဏ်ပညာကြီးမားစွာ ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနိုင်တဲ့အတွက် ကမ္ဘာက လေးစားတာကိုလည်း ခံယူနိုင်ခဲ့ကြပါတယ်။ တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံကဖြစ်တဲ့အတွက်လည်း ကမ္ဘာက မြန်မာနိုင်ငံကို လေးစားပြီး အထင်တကြီးရှိခဲ့ကြပါတယ်။ အဲဒါကတော့ ကျွန်မတို့အတွက် မမေ့နိုင်တဲ့ ဂုဏ်ယူမှုတစ်ခုပဲဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ ကမ္ဘာမှာအာဏာရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့တယ်ဆိုတာ သမိုင်းမှာ မှတ်ကျောက်တင်နိုင်ခဲ့ပြီဖြစ်ပြီး ကျွန်မအနေနဲ့ အဲဒီအနေအထား ပြန်လည်ရောက်ရှိအောင် ကြိုးစားချင်ပါတယ်။

### အချင်းချင်းညှိနှိုင်း

ယနေ့ ကုလသမဂ္ဂက မည်သည့်လမ်းကြောင်းသစ်ကို ဦးတည်နေတယ်ဆိုတာကိုကြည့်ပြီး မိမိတို့အနေဖြင့်လည်း မည်သည့်လမ်းကြောင်းဆီ လိုက်ပါဆောင်ရွက်မည်ကို စဉ်းစားအကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ကိစ္စတွေကိုလက်ခံပြီး အနာဂတ်မှာ မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်မည်ကို အချင်းချင်းညှိနှိုင်းကြရမှာဖြစ်ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ သက်ရှိသတ္တဝါအားလုံးအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကမ္ဘာဖြစ်ဖို့ ဝိုင်းဝန်းကြိုးစားကြရမှာဖြစ်ပါတယ်။

### အပြုသဘောဆောင်

ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံး ငြိမ်းချမ်းရေးနှင့်အညီ နေထိုင်မယ်ဆိုရင် ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကို မလွဲမသွေ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ ဒီခန်းမမှာ စုဝေးရောက်ရှိနေတဲ့ နိုင်ငံအသီးသီးနဲ့ အဖွဲ့အစည်းအသီးသီးရဲ့ ကိုယ်စားလှယ်တွေ၊ သံတမန်တွေအနေနဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ လူသစ် စိတ်သစ် မျှော်လင့်ချက်အသစ်တွေနဲ့ ပြည့်နေတဲ့ ကျွန်မတို့နိုင်ငံမှာ ချစ်ခင်ရင်းနှီးစွာနဲ့ ပျော်ရွှင်ဖွယ်ရာ အဆုံးသတ်မှုတစ်ခုဖြစ်စေရန် ကြိုးစားလုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်။ စစ်မှန်တဲ့ ချစ်ခင်ရင်းနှီးမှုနဲ့ လွဲမှားနေတာတွေကိုလည်း ပြင်ဆင်ပေးပြီး လိုအပ်နေတာတွေကိုလည်း ကူညီပေးပြီး လွတ်လပ်စွာ အပြုသဘောဆောင် အမြင်ချင်းဖလှယ်ပြုပြင်ပေးစေလိုပါတယ်။

### စစ်မှန်တဲ့ မျှော်လင့်ချက်

မိမိ ယခင်က နော်ဝေနိုင်ငံသွားခဲ့စဉ်က မှတ်သားမိတာလေးရှိပါတယ်။ တစ်ချိန်က နော်ဝေဟာ ဆင်းရဲတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်တဲ့။ ဒါပေမယ့် အဲဒီလို ထုတ်ဖော်ပြောရတာ သူတို့မရှက်ပါဘူးတဲ့။ ဘာလို့လဲဆိုတော့ အခုလို အခြေအနေမျိုးရောက်အောင် လိမ္မာပါးနပ်စွာနဲ့ ရုန်းထွက်နိုင်ခဲ့တာ ဂုဏ်ယူစရာဖြစ်နေလို့ပါတဲ့။ အဲဒီအတွေးအခေါ်လေးကို တော်တော်လေး ကောင်းပါတယ်။ မိမိတို့ မြန်မာနိုင်ငံဟာ လက်ရှိမှာဆင်းရဲနေတုန်းပါပဲ။ ဒါပေမယ့် မိမိတို့လည်း တစ်နေ့မှာ နော်ဝေနိုင်ငံလို တစ်ချိန်က ဆင်းရဲခဲ့တယ်လို့ ပြောနိုင်ရပါမယ်။ ဆင်းရဲတာ ရှက်စရာမဟုတ်ပါဘူး။ အနာဂတ်ကို မျှော်မှန်းပြီး အခြားနိုင်ငံ၊ အဖွဲ့အစည်းတွေရဲ့အကူအညီကို ရယူပြီး မိမိတို့စွမ်းအားနဲ့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ယနေ့တက်ရောက်လာတဲ့ ဧည့်သည်တော်များအနေနဲ့ မြန်မာနိုင်ငံအတွက်သာမက တစ်ကမ္ဘာလုံးအတွက်ပါ စစ်မှန်တဲ့ မျှော်လင့်ချက်တွေကို နားလည်အောင် ကြိုးစားကြမယ်လို့ မျှော်လင့်မိပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## ပြည်ပသို့ ရောက်ရှိလုပ်ကိုင်နေသည့်အလုပ်သမားများ Passport for Job အစီအစဉ်အတွက် စိုးရိမ်ဖွယ်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ထိုင်းနိုင်ငံ၌ နိုင်ငံတော်အစီအစဉ်ဖြင့် အထောက်အထား ထုတ်ပေးထားသည့် ယာယီနိုင်ငံကူးလက်မှတ်၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် ကိုင်ဆောင်ထားသော အလုပ်သမားများ၊ ပြည်ပနိုင်ငံသို့ ယခင်ကတည်းက ရောက်ရှိအလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် ပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ပြန်လာကြောင်း ခိုင်မာသည့် အထောက်အထားပြနိုင်သည့် အလုပ်သမားများအဖို့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စတင်ကျင့်သုံးမည့် Passport for Job အစီအစဉ်ဖြင့်သာ သွားရောက်လုပ်ကိုင်ရမည့် သတ်မှတ်ချက်တွင် အကျုံးဝင်မှုမရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။




ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်မည့် အလုပ်သမားအသစ်များမှာမူ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများအနက်မှ အလုပ် PJ (passport for Job) ဖြင့်သာ သွားရောက်လုပ်ကိုင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဒီအစီအစဉ်က အလုပ်သမားသစ်တွေအတွက် တစ်ဆင့်ခံပွဲစားတွေရဲ့ လိမ်လည်လှည့်ဖြားမှုအန္တရာယ်ကနေ ကင်းဝေးစေဖို့အတွက် ရည်ရွယ်တာဖြစ်ပါတယ်။ ပြည်ပနိုင်ငံကို သွားလုပ်တဲ့ အလုပ်သမားတွေရဲ့ အချက်အလက်တွေကို ပိုပြီးတိကျသေချာစေဖို့အတွက် ဆောင်ရွက်တာလည်း ဖြစ်ပါတယ်။ အတိအကျ သိရမှသာ မြန်မာရွှေ့ပြောင်းလုပ်သားတွေကို ပိုပြီးအကာအကွယ်နဲ့ ကူညီစောင့်ရှောက်မှုတွေ ပေးအပ်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်ပနိုင်ငံတွေရဲ့ ဥပဒေတွေနဲ့အညီ အလုပ်သမားအခွင့်အရေးကိစ္စတွေမှာ ပိုပြီးထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

အလုပ်ခေါ်စာ(Demand Letter) ရရှိထားသည့် နှစ်နိုင်ငံအလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များကြောင့် သတ်မှတ်ချိန်အတွင်း စေလွှတ်နိုင်ခြင်း မရှိသေးသူများအတွက်မူ ၂၀၁၇ ခုနှစ် ဇွန် ၁ ရက်အထိ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်များ ပြုလုပ်ကာ ခွင့်ပြုဆောင်ရွက်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ အလည်အပတ် (PV) (Passport for Visit) ဖြင့် သွားရောက်အလုပ်လုပ်ကိုင်သည့် အလုပ်သမားများသည် နိုင်ငံကူးလက်မှတ် သက်တမ်းတိုးရာတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်ခြင်း၊ အလည်အပတ်ဗီဇာ၏ ခွင့်ပြုသက်တမ်းကုန်ဆုံးချိန် ပြည်ပနိုင်ငံများတွင် ဖမ်းဆီးထိန်းသိမ်းခံရနိုင်ခြင်း၊ အလည်အပတ် နိုင်ငံကူးလက်မှတ်ဖြစ်ခြင်းကြောင့် အလုပ်လုပ်ကိုင်ရန် လုံခြုံမှုမရှိခြင်း၊ နိုင်ငံခြားသို့ အလည်အပတ်သွားသူနှင့် အလုပ်လုပ်ကိုင်သူများ ရောထွေးနေခြင်းတို့အပြင် လူပွဲစားများက ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများအတွက် အလည်အပတ် (PV) များကို ကြိုတင်ပြုလုပ်၍ နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားပြီး ကုန်ကျငွေများ ပိုမိုတောင်းခံခြင်းကြောင့် ပြဿနာများ မကြာခဏကြုံတွေ့နေရကြောင်း မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ သိရသည်။

**သတင်း-နေသန်**
**ဓာတ်ပုံ-ကိုကိုနေ**

## (၂၈)ကြိမ်မြောက် မြန်မာနိုင်ငံမျက်စိဆရာဝန်များ ညီလာခံကျင်းပ

**ရန်ကုန် အောက်တိုဘာ၂၅**

မျက်စိနှင့်ဆိုင်သည့် ခေတ်မီကုထုံးများကို ပြန်လည်ဖြန့်ဝေရန်၊ မျက်စိဆရာဝန်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိရန်၊ နိုင်ငံခြားမျက်စိပညာရှင်များထံမှ အသိပညာ ဗဟုသုတများရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် (၂၈) ကြိမ်မြောက် မြန်မာနိုင်ငံ မျက်စိဆရာဝန်များ ညီလာခံကိုယနေ့တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းဗဟိုဥက္ကဋ္ဌ ပါမောက္ခဒေါက်တာရဲမြနှင့် မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း မျက်စိရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာချောချောခိုင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များပါဝင်သည့် နှစ်ပတ်လည်ညီလာခံကို ကျင်းပပြီး မွန်းလွဲပိုင်းတွင် မျက်ကြည်လွှာနှင့်ပတ်သက်သည့် စာတမ်းများကို ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များက ဖတ်ကြားတင်သွင်းကြသည်။

မြန်မာနိုင်ငံမျက်စိဆရာဝန်များညီလာခံကို နှစ်ရက် ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂၆ ရက်တွင် ရေတိမ်နှင့်ပတ်သက်သည့် စာတမ်းများ၊ မျက်စိစွေစောင်းဆိုင်ရာစာတမ်းများ အပါအဝင် စုစုပေါင်းစာတမ်း ၂၂ စောင်ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်သည်။

ညီလာခံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မျက်စိဆရာဝန်အသင်း မျက်စိရောဂါပညာအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဗိုလ်မှူးကြီး ဒေါက်တာချောချောခိုင်က "ဒီညီလာခံကတိုးတက်နေတဲ့ မျက်စိရောဂါကုထုံးနည်းသစ်တွေကို ပြန်လည်ဖြန့်ဝေကြတာဖြစ်တဲ့အတွက် တက်ရောက်လာတဲ့ ဆရာဝန်တွေက အသိပညာတစ်ဆင့်မြင့်တက်သွားမယ်။ အဲဒီအသိပညာနဲ့ ကုသမယ်ဆိုရင် ပြည်သူတွေက ပိုပြီးထိရောက်တဲ့ ကုထုံးတွေကို ရရှိခံစားရမှာဖြစ်ပါတယ်"ဟု ပြောသည်။

ညီလာခံနှင့်အတူ ကျင်းပသည့် ဆေးပစ္စည်းပြပွဲတွင် မျက်စိရောဂါစမ်းသပ်သည့် စက်ကိရိယာများ၊ စက်ပစ္စည်းများ၊ မှန်ဘီလူးများ၊ ခွဲစိတ်ပစ္စည်းများ၊ တိမ်ခွဲပြီးအသုံးပြုသည့် မှန်ဘီလူးများ၊ မျက်စဉ်းအမျိုးမျိုး၊ မျက်စိရောဂါရှာဖွေရေးစက်များပါဝင်သည့် ပြခန်းပေါင်း ၄၁ ခန်းကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

**(သတင်းစဉ်)**

# ပြည်တွင်းရေးရာ

❁ (၂၂)ကြိမ်မြောက်မှ

ပြည်နယ်တစ်ခုအတွက် သက်သက်မဟုတ်ဘဲ ဒီနိုင်ငံ၊ ဒီရေ၊ ဒီမြေပေါ်ရှိ တိုင်းရင်းသားအားလုံး၏ ရိုးရာဓလေ့ထုံးစံများ၊ အနုသုခုမများကို အညီအမျှ ထွန်းကားစေရန် ရည်ရွယ်ကျင်းပနေခြင်း ဖြစ်ပါကြောင်း။

ယခုနှစ်ပြိုင်ပွဲတွင် တိုင်းရင်းသားများ၏ ပြည်ထောင်စုအကပြိုင်ပွဲအဖြစ် ကရင်တိုင်းရင်းသားများနှင့် ရခိုင်တိုင်းရင်းသားများ၏ အကများကို ကျန်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက အားကြိုးမာန်တက် စုပေါင်းပါဝင်ယှဉ်ပြိုင်ကြခြင်းသည် ကြည်နူးဖွယ်ဖြစ်ပါကြောင်း၊ တန်းတူညီမျှခြင်း၊ တိုင်းရင်းသား လူမျိုးတစ်မျိုး၏ ဓလေ့ထုံးစံ အနုသုခုမကို အခြားညီအစ်ကို မောင်နှမများက လေးနက်စွာ တန်ဖိုးထားခြင်းဆိုသည့် အဓိပ္ပာယ်ကို ပေါ်လွင်စေသော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ပါကြောင်း၊ လာမည့်နှစ်များတွင် ပြိုင်ပွဲဝင်ရန် ကျန်ရှိနေသေးသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရိုးရာအကများကို ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ကြိုးပမ်းကြပါရန် ကြိုတင်တိုက်တွန်းပါကြောင်း၊ ယခုပြိုင်ပွဲတွင် ကရင်နှင့် ရခိုင်တိုင်းရင်းသားတို့၏ အကပြိုင်ပွဲများအပြင် တိုင်းရင်းသားရိုးရာအကနှင့် ကျေးလက်ရိုးရာအက စွမ်းရည်ပြခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များကိုလည်း ထည့်သွင်းထားပါကြောင်း၊ ညီအစ်ကိုမောင်နှမအချင်းချင်း ရိုးရာယဉ်ကျေးမှု အဆို၊ အကများကို အပြန်အလှန် ကူးလူးယှက်သွယ် ပူပေါင်းဖလှယ်ကြရန် ဖြစ်ပါကြောင်း။

တေးသီချင်း အဆိုပြိုင်ပွဲတွင်ပါဝင်သည့် သီချင်းအမျိုးအစားများထဲမှ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းများသည် မျိုးဆက်သစ်လူငယ်များနှင့် လွန်စွာနီးစပ်ပါကြောင်း၊ လူအများ နားလည်နိုင်သော နေ့စဉ်သုံးစကားလုံးများကို ရိုးရှင်းသည့် သံစဉ်များနှင့် သီကုံးဖွဲ့ဆိုထားခြင်း ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ပါဝင်သည့် တေးရေး ရေနံ့သာ ဝင်းမောင်၏ မြန်မာပြည်သား အမျိုးသားတေးသီချင်းကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ သီဆိုသူ၊ ကြားရသူများအတွက် အားမာန်တက်ကြွဖွယ်ဖြစ်စေပြီး သီချင်း၏ ဦးတည်ချက်နှင့် သုံးစွဲထားသော **စာမျက်နှာ ၉ သို့** ❂



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလူအေး ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၅**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး အကဲဖြတ်အဖွဲ့ဝင် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကဲဖြတ်အဖွဲ့ဝင်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက လူမျိုးတစ်မျိုး၏ နေထိုင်မှု၊ စားသောက်မှု၊ ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှု စသည့် ဓလေ့ထုံးတမ်းများသည် ယင်းလူမျိုး၏ ယဉ်ကျေးမှုဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းကြောင်းရှည်လျားမှုနှင့် လူမျိုးတစ်မျိုး၏ ဂုဏ်သိက္ခာမြင့်မားမှုတို့ကို တိုင်းတာရာတွင် ယဉ်ကျေးမှုမျက်နှာစာသည် အရေးပါသည့်ကဏ္ဍက ပါဝင်နေသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း ရှည်လျားမှုနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာမြင့်မားမှုကို ယနေ့ထက်တိုင် မြင်တွေ့နေရသည့် ရှေးဟောင်းယဉ်ကျေးမှု အထောက်အထားများ၊ ခေတ်ပြိုင်မြို့ပြနိုင်ငံများ၏ မှတ်တမ်းမှတ်ရာများက သက်သေပြလျက်ရှိနေပါကြောင်း၊ ထိုနည်းတူစွာ ယဉ်ကျေးမှုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် အနုသုခုမ ပညာရပ်သည်လည်း သိမ်မွေ့နက်နဲပြီး နှလုံးသားအသိနှင့် ပေါင်းစပ်ထားသည့် အရာ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ပြိုင်ပွဲကြီးတစ်ရပ် ကျင်းပနိုင်ရန်အတွက် နိုင်ငံတော်၏ပံ့ပိုးကူညီမှုနှင့်အတူ ငွေအား၊ လူအား အပါအဝင် အချိန်များစွာအသုံးပြုပြီး ဆောင်ရွက်ခဲ့ကြရခြင်း ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ အစဉ်သဖြင့် ရှင်သန်နေစေရန်အတွက် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူပြီး အတူတကွ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါကြောင်း၊ မိမိတို့၏ဆောင်ရွက်မှု၊ အစိုးရအဖွဲ့၏ တာဝန်ကျေမှုသည် တစ်ချိန်တွင် နိုင်ငံ၏ အမျိုးသား ယဉ်ကျေးမှုသမိုင်းကွင်းဆက်တစ်ခုကို ပြတ်တောက်မသွားစေရန် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့မှုအဖြစ် သမိုင်းကမ္ပည်း တင်ကျန်ရစ်ခဲ့မည်ဖြစ်ပါကြောင်း။

ယနေ့မျက်မှောက်ကမ္ဘာတွင် နယ်စည်းမခြား ပွင့်လင်းလွတ်လပ်မှုများနှင့်အတူ မီဒီယာနည်းပညာကို အသုံးပြုပြီး ယဉ်ကျေးမှုဆိုင်ရာ ထိုးဖောက်မှုအမျိုးမျိုးက နယ်ပယ်အသီးသီးတွင် ဝင်ရောက်လျက်ရှိနေပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ရေမြေဒေသနှင့် လိုက်လျောညီထွေသည့်အရာများရှိသကဲ့သို့ ဆန့်ကျင်ဘက်ဖြစ်နေသည့်အရာများလည်း ရှိနေပါကြောင်း၊ အထူးသဖြင့် မရင့်ကျက်သေးသည့် လူငယ်များအတွက် အတွေးမှား၊ အယူအဆမှား၊ အတုယူစရာအမှားများ ပါဝင်နေပါကြောင်း၊ ယင်းတို့ကို ခုခံကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် အချက်များထဲတွင် မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့၏တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများကို မြတ်နိုးလေးစား တန်ဖိုးထားတတ်စေရန် ဆောင်ရွက်ရမည့်အချက်လည်း တစ်ချက်အပါအဝင် ဖြစ်ပါကြောင်း၊ မိမိတို့တစ်တွေသည် ယင်းတာဝန်ကို စုပေါင်းထမ်းဆောင်နေကြပါကြောင်း။

ပြိုင်ပွဲဝင်များ၊ နည်းပြများ၊ ကြီးကြပ်သူများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ အနေဖြင့်လည်း ရိုးရာယဉ်ကျေးမှု အနုသုခုမပညာများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုနက်ရှိုင်းစွာ ကောင်းသည်ထက်ကောင်းအောင် ကြိုးစားဆောင်ရွက်နေကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း။

အထူးကျေးဇူးတင်ရမည်မှာ ပြိုင်ပွဲကြီးနှင့်ပတ်သက်ပြီး နိုင်ငံသိအနုပညာရှင်ကြီးများက သမိုင်းခေတ်အဆက်ဆက်တွင် နှစ်စဉ်မပြတ် အနုပညာတာဝန်ကျေပွန်ခဲ့မှုပင် ဖြစ်ပါကြောင်း၊ မိမိတို့ သိရှိတတ်ကျွမ်းထားသည့် အနုသုခုမ ပညာရပ်များကို မျိုးဆက်သစ် လူငယ်မောင်မယ်များအတွက် စေတနာရှေ့ထားပြီး ဖြန့်ဝေပေးနေကြပါကြောင်း၊ ထို့ကြောင့် အသက်အရွယ်နှင့်ကျန်းမာရေးကို မငဲ့ကွက်ဘဲ ပြိုင်ပွဲကြီးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် သမ္မာရင့် ဝါရင့်ပညာရှင်ကြီးများကို ကျေးဇူးအထူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အကဲဖြတ်အဖွဲ့ဝင် ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်အဖွဲ့ဝင်ပညာရှင်ကြီးများ ကိုယ်စား မဟာဂီတအဆို အကဲဖြတ်ပညာရှင် ဒေါ်တင်တင်မြက ကျေးဇူးတင်စကားပြောကြားပြီး အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆို၊ အတီး၊ အကများဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အကဲဖြတ်အဖွဲ့ဝင်ပညာရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

**စာမျက်နှာ ၈ မှ**

စာသားစကားလုံးများသည် ခေတ်တစ်ခေတ် စနစ်တစ်ခုကို ကိုယ်စားပြုထားခြင်း မဟုတ်ဘဲ ခေတ်စနစ်တိုင်းတွင် မှန်ကန်နေသော အယူအဆအကြောင်းအရာ ဖြစ်သည့်အတွက် ပြည်ထောင်စုကြီးနှင့်အတူ ထာဝစဉ်အဓွန့်ရှည် တည်တံ့နေမည့် တေးသီချင်းဖြစ်ပါကြောင်း၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ရေမြေဒေသ မခွဲခြားဘဲ မည်သို့သော အခက်အခဲရှိသည်ဖြစ်စေ ပြည်ထောင်စုကြီးကို အသက် သွေး ချွေး ပေးဆပ်ပြီး စုပေါင်းကာကွယ်တည်ဆောက်ရန် သန္နိဋ္ဌာန်ချထားသည်ကို အနုပညာမြောက်စွာ ဖွဲ့ဆိုထားသည့် တေးသီချင်းဖြစ်သည်ကို ဂုဏ်ပြုပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံ၏ သမိုင်းဖြစ်စဉ်အရ ဆင့်ကဲလာခဲ့သော ဂန္ထဝင်အနုသုခုမလက်ရာများ၊ တေးဂီတ၊ အဆို၊ အကများသည် ရေမြေဒေသအားလုံးတွင် စုစည်းနေထိုင်ကြသော နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးအတွက် အဖိုးတန် အမွေအနှစ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်ပေါင်းထောင်ချီကြာမြင့်၍ မျက်မှောက်ကာလအထိ ကြိုး၊ ဘွဲ့၊ သီချင်းခံ၊ ပတ်ပျိုး အစရှိသော မဟာဂီတတန်းဝင် တေးသီချင်းများ၊ တေးဂီတများ၊ အဆို၊ အကများ တည်တံ့ကျန်ရှိနေခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ အဖိုးတန် ရတနာများကို တစ်ဖက်က စောင့်ထိန်းကာကွယ်သကဲ့သို့ အခြားတစ်ဖက်မှလည်း ဆင့်ကမ်းသယ်ဆောင်နိုင်ရန် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆင့်ကမ်းသယ်ဆောင်ရန်အတွက် မလွဲမသွေ တာဝန်ယူကြရမည်မှာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နိုင်ငံအဝှမ်းရှိ မျိုးဆက်သစ်လူငယ်များ ဖြစ်ပါကြောင်း၊ ဆုရသည်ဖြစ်စေ၊ ဆုမရသည်ဖြစ်စေ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော လူငယ်များသည် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များမှ ဗဟိုအဆင့်အထိ အဆင့် (၄) ဆင့်လုံးကို မလျော့သော ဇွဲလုံ့လနှင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသူများ ဖြစ်ပါကြောင်း၊ လူငယ်သည် ဖြူစင်ရိုးသားရဲရင့်ပါကြောင်း၊ တိုင်းပြည်တစ်ပြည်၏ အလုံးစုံသော အနာဂတ်သည် ယင်းနိုင်ငံရှိ ဖြူစင်ရိုးသားရဲရင့်သော လူငယ်များ၏လက်ထဲတွင် ဖြစ်ပါကြောင်း၊ ယနေ့ ပွင့်လင်းလွတ်လပ်မှုအပြည့်အဝရှိသောအချိန်၊ ကမ္ဘာကြီး တစ်ခုလုံး နည်းပညာစွမ်းအားနှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် ဒိုးယိုပေါက်ဖြစ်နေသည့်ကာလမျိုးတွင် လူငယ်များ လမ်းမှားမရောက်ရန်အတွက် အဓိကလိုအပ်ချက်သည် ကိုးကွယ်ယုံကြည်ရာ ဘာသာတရား၏ အဆုံးအမများကို နာယူခြင်း၊ လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများတွင် ပါဝင်ခြင်း၊ အားကစား အပါအဝင် ရိုးရာယဉ်ကျေးမှုအနုသုခုမ ပညာရပ်များတွင် မွေ့လျော်စွာပါဝင်ခြင်းတို့ ဖြစ်ပါကြောင်း၊ ယဉ်ကျေးသိမ်မွေ့သော စိတ်သည် လူသားများအတွက် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ ငြိမ်းအေးခြင်းကို ပေးစွမ်းနိုင်ပါကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပနေသော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသည် ယဉ်ကျေးမှု အနုသုခုမနယ်ပယ်တွင် လူငယ်များအတွက် စွမ်းရည်မြှင့်တင်ပေးသည့် နိုင်ငံတော်၏ အစီအစဉ်တစ်ခုဖြစ်ပါကြောင်း၊ ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရား၊ အခြားသူများရရှိအပ်သော ကံကြမ္မာအကောင်းများ အပေါ်တွင် မှုဝေဝမ်းမြောက်သည့်စိတ်များမွေးမြူပြီး ပိုမိုကောင်းမွန်သော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ရလဒ်ကောင်းများကို တိုင်းရင်းသား ညီအစ်ကိုမောင်နှမများက ဝိုင်းဝန်းပူးပေါင်းပြီး ဖန်တီးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မဟာဂီတအဆိုပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်)နှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ခေတ်ဟောင်း/ကာလပေါ် အဆိုပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) နှင့် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးဂုဏ် ဇာတိဂုဏ် အဆိုပြိုင်ပွဲ၏ အဆင့်အလိုက် ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မမေသက်ထားဆွေက **တစ်ကျော့နှစ်ကျော့တေးကိုသီ** သီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် နိုင်ငံတော်အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်က အကပြိုင်ပွဲ၏ အဆင့်အလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက အကပြိုင်ပွဲ၏ ရုပ်သေးပြိုင်ပွဲ၊ ရခိုင်ရိုးရာယိမ်းအက၊ ကရင်ဒုံးယိမ်းအက၊ ကဗျာလွတ်အကနှင့် ကွက်စိပ်ပြိုင်ပွဲများ၏ အဆင့်အလိုက် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့် အထူးဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာ **သာလီစွရခိုင်ပြည်** ယိမ်းပြိုင်ပွဲတွင် ပထမဆုရ ရခိုင်ပြည်နယ်၊ ကရင်တိုင်းရင်းသားရိုးရာ **လက်တွဲညီညီ ရွှေသို့ချီ** ဒုံးယိမ်းအကပြိုင်ပွဲတွင် ပူးတွဲပထမဆုရ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ အဖွဲ့ဝင်များက ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက အရေးပြိုင်ပွဲ၏ အဆင့်လိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် အရေးပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ဦးသန်းဝင်းက **လက်တွဲညီညီ ရွှေသို့ချီ** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက အတီးပြိုင်ပွဲ၏ စောင်း၊ စန္ဒရား၊ ပတ္တလား၊ နှဲ၊ တယော၊

**စာမျက်နှာ ၁၀ သို့**

# ရဲဝံ့စွန့်စားမှုနှင့် တာဝန်ကျေပွန်မှုအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၅**

အောက်တိုဘာ ၁၅ ရက်က ချင်းတွင်းမြစ်တွင်းသွား အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ် နစ်မြုပ်ရာမှ အထူးခန်းများအတွင်း ပိတ်မိနေသည့် ခရီးသည်များ၏ ရုပ်အလောင်းများအား သယ်ထုတ်စဉ် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားနှစ်ဦးနှင့် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင် လေးဦးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အဆိုပါဖြစ်စဉ်၌ ကနီမြို့နယ် အိုင်တောင်ကျေးရွာနေ ဦးရွှေဘ(ဘ) ဦးဘရှိန်၊ ဦးဇော်ဦး(ဘ) ဦးအောင်သန်း၊ ဦးဇော်လွင်(ဘ) ဦးဆန်းအောင်နှင့် မင်းအိုကျေးရွာနေ ဦးညိုအေး(ဘ)ဦးလှသောင်းတို့သည်လည်း နစ်မြုပ်ရေယာဉ်ကို ဆယ်ယူရာတွင် စတင်ဆယ်ယူချိန်မှ ဆယ်ယူပြီးစီးသည့်အချိန်အထိ ရေအောက်တွင် အန္တရာယ်များကြားမှ စွန့်စွန့်စားစားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ အန္တရာယ်များကြားမှ စွန့်စွန့်စားစားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တပ်မတော်သားများဖြစ်သော တပ်သား အောင်ဆန်းဦး၊ တပ်သား ကျော်ဇေယျ၊ မီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည့် တပ်သား မြနိုင်၊ တပ်သားတင့်လွင်ဦး၊ တပ်သား ဇော်လင်းမောင်၊ တပ်သားဇော်ဌေးနှင့် ဒေသခံရေငုပ်သမားများဖြစ်သော ကနီမြို့နယ် အိုင်တောင်ကျေးရွာနေ ဦးရွှေဘ၊ ဦးဇော်ဦး၊ ဦးဇော်လွင်နှင့် မင်းအို ကျေးရွာနေ ဦးညိုအေးတို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်များကို ယနေ့ရက်စွဲဖြင့် ပေးအပ်ချီးမြှင့်လိုက်ကြောင်း သိရသည်။

အလားတူ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထိပ်သို့ ယခုနှစ် မေ ၁၉ ရက် နံနက် ၈ နာရီ ၀၁ မိနစ်တွင် အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည့် မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ တောင်တက်အားကစားသမား နှစ်ဦးဖြစ်သည့် ဦးပြည့်ဖြိုးအောင်နှင့် ဦးဝင်းကိုကို တို့ကိုလည်း မြန်မာနိုင်ငံ၏ဂုဏ်ကို ဆောင်နိုင်ခဲ့သည့်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များကို ယနေ့ရက်စွဲဖြင့် ပေးအပ်ချီးမြှင့်ခဲ့သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းသည် ရဲဝံ့စွန့်စားမှုနှင့် တာဝန်ကျေပွန်မှုကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အသိအမှတ်ပြုမှတ်တမ်းတင်ခြင်းဖြစ်ပြီး ယင်းလက်မှတ်ကို တပ်မတော်စစ်မှုထမ်းများနှင့် တပ်မတော်နှင့်အတူ ပါဝင်ဆောင်ရွက်သော အရပ်သား/အရပ်သူများကိုလည်း ယင်းတို့၏ စွမ်းဆောင်မှုနှင့် တာဝန်ကျေပွန်မှုများအရ ချီးမြှင့်ပေးအပ်နိုင်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်စီမံကိန်း မှန်ကန်သော စနစ်သစ်၊ ပုံစံသစ်ဖြင့် အကောင်အထည်ဖော်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် လွှတ်တော်အဆောက်အအုံနှင့်တကွ အိမ်ရာများ တည်ဆောက်ရန် စီမံကိန်းအတွက် ဗိသုကာဆွဲပုံနှင့် ဒီဇိုင်းပြိုင်ပွဲတစ်ခု ဖိတ်ခေါ်ကျင်းပခဲ့ရာ ယနေ့တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ်အဆောက်အအုံ အပေါ်ဆုံးထပ်ရှိ မြန်မာနိုင်ငံ ဗိသုကာအသင်းရုံးခန်း၌ ပဏာမအဆင့်အနေဖြင့် အသင့်တော်ဆုံး ဒီဇိုင်းသုံးခုကို စိစစ်ရွေးချယ်ခဲ့ကြောင်း သိရသည်။

ဒီဇိုင်း ရွေးချယ်ရေးအဖွဲ့တွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်အပါအဝင် လွှတ်တော်နှင့် တိုင်းဒေသကြီးအစိုးရကိုယ်စားပြု ရွေးချယ်ရေးအဖွဲ့ဝင် ခြောက်ဦးနှင့် မြန်မာနိုင်ငံ ဗိသုကာအသင်း၏ အလုပ်အမှုဆောင် ဗိသုကာပညာရှင် နှစ်ဦး၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ အလုပ်အမှုဆောင် ပညာရှင်တစ်ဦးတို့ ပါဝင်ပြီး ပြိုင်ပွဲသို့ တင်သွင်းလာသော ပြိုင်ပွဲဝင် ဗိသုကာဆွဲပုံ ၂၂ ပုံကို စိစစ်အကဲဖြတ်ကြသည်။ ပြိုင်ပွဲဝင် ၂၂ ပုံအနက်မှ အကောင်းဆုံး ဒီဇိုင်း သုံးခုကို ပဏာမဆင့်အနေဖြင့် ရွေးချယ်ခဲ့ကြောင်းလည်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဆောက်လုပ်မည့် လွှတ်တော်အဆောက်အအုံ စီမံကိန်းအတွက် လွန်ခဲ့သည့် စက်တင်ဘာလကတည်းက တိုင်းဒေသကြီးလွှတ်တော်က စတင်ပြင်ဆင်ခဲ့ကြပြီး မြန်မာနိုင်ငံ ဗိသုကာအသင်းသို့ အကူအညီတောင်းခံကာ ဗိသုကာပြိုင်ပွဲကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ပုံမှန်အားဖြင့် ယခင်ကဆိုလျှင် အဆောက်အအုံစီမံကိန်းတစ်ခု ဆောက်လုပ်တော့မည်ဆိုလျှင် ဆောက်လုပ်မည့် ကန်ထရိုက်တာကို တင်ဒါဖြင့် ရွေးချယ်ပြီး ရွေးချယ်ခံရသူ တင်ပြသည့် ပုံစံဖြင့်သာ ဆောက်လုပ်ကြသည့်စနစ်ထက် အမှန်တကယ်လိုအပ်သော ပုံစံနှင့် ဒီဇိုင်းကို စိတ်တိုင်းကျ ကြိုတင်ရွေးချယ်ပြီးမှ ထိုပုံစံအတိုင်း ဆောက်လုပ်မည့် ကန်ထရိုက်ကို တင်ဒါခေါ် ရွေးချယ်သွားမည်ဆိုသည့် စနစ်သည် ပွင့်လင်းကာ တည့်မတ်မှန်ကန်သည့် လမ်းသစ်ကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဗိသုကာအသင်း ဒုတိယဥက္ကဋ္ဌ-၁ ဦးမော်လင်းက ပြောကြားသည်။

လိုအပ်သည့် ပုံစံနှင့် ဆောက်လုပ်မည့် ပစ္စည်းအမျိုးအစားများကို ရွေးချယ်ပြီးမှ ဆောက်လုပ်မည့် ကန်ထရိုက်ကို ရွေးချယ်ခြင်းဖြစ်သည့်အတွက် စံချိန်စံညွှန်း မှန်ကန်တိကျမှုအတွက် ပိုမိုစိတ်ချရမည်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့သော ကန်ထရိုက်ရွေးချယ်သည့် စနစ်သစ်ကို ဆုံးဖြတ်ကာ ပထမဆုံးစတင်အကောင်အထည်ဖော်သည့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်၏ အမြော်အမြင်ရှိမှုသည် ပြည်သူလူထုအတွက် အကျိုးကျေးဇူး အမှန်တကယ်ရှိမည်ဟု ယုံကြည်ကြောင်းကိုလည်း ပြောကြားသည်။

ယနေ့ ပထမအဆင့်ပုံစံ သုံးခုကို ရွေးချယ်ပြီးသည့်နောက် အောက်တိုဘာ ၂၉ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နောက်ဆုံးဆန်ခါတင်အဆင့် ဗိသုကာပုံစံကို ဆက်လက်ရွေးချယ်ပြီး ဆုရသည့် ဒီဇိုင်းကို အသေးစိတ်ရေးဆွဲစေကာ ဆောက်လုပ်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

**(အမ်ဂျီစီအက်စ်)**

■

# (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

(၇၁)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် ကျင်းပခဲ့ရာ မူလတန်း၌ **"ကျွန်ုပ်သာကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်လျှင်"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်း၌ **"ကုလသမဂ္ဂနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အထက်တန်း၌ **"ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ"**ခေါင်းစဉ်ဖြင့်လည်းကောင်း မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထိုသို့ ယှဉ်ပြိုင်ရာတွင် အထက်တန်းအဆင့်၌ ပထမဆုကို မမြမိုးပွင့်၊ အဖ ဦးဇော်မင်းသိန်း၊ နဝမတန်း၊ အထက(၃) ပဲခူးတိုင်းဒေသကြီးမှ လည်းကောင်း၊ ဒုတိယဆုကို မအိမြတ်နိုးနွယ်၊ အဖ ဦးမင်းလွင်၊ နဝမတန်း၊ အထက (ချောင်းဆုံ) မွန်ပြည်နယ်မှ လည်းကောင်း၊ တတိယဆုကို မရွှန်းပပအောင်၊ အဖ ဦးဇော်လင်း၊ နဝမတန်း၊ အထက(ရပ်စောက်) ရှမ်းပြည်နယ်(တောင်)မှလည်းကောင်း၊ အလယ်တန်းအဆင့်၌ ပထမဆုကို မဝင်းဝင်းမြတ်၊ အဖ ဦးရဲလွင်၊ အဋ္ဌမတန်း၊ အထက(၈) ဇမ္ဗူသီရိမြို့နယ် နေပြည်တော်မှလည်းကောင်း၊ ဒုတိယဆုကို မရွှေမှုန်သာ၊ အဖ ဦးကျော်သူဦး၊ အဋ္ဌမတန်း၊ အထက (က၀)၊ ပဲခူးတိုင်းဒေသကြီး(အရှေ့)မှ လည်းကောင်း၊ တတိယဆုကို မဧကရီနေရည်လင်း၊ အဖ ဦးနေမျိုးလှိုင်၊ သတ္တမတန်း၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မုံရွာပညာရေးကောလိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ လည်းကောင်း၊ မူလတန်းအဆင့်၌ ပထမဆုကို မနေရဥ္စရာအောင်၊ အဖ ဦးဌေးဝင်း၊ စတုတ္ထတန်း၊ အထက(၅) ဇမ္ဗူသီရိမြို့နယ် နေပြည်တော်မှလည်းကောင်း၊ ဒုတိယဆုကို မနှင်းမေရီအောင်၊ အဖ ဦးအောင်ဇော်လင်း၊ စတုတ္ထတန်း၊ အမက(၂၀)ဥမ္မာဒန္တီ၊ ပုသိမ်၊ ဧရာဝတီတိုင်းဒေသကြီးမှလည်းကောင်း၊ တတိယဆုကို မောင်ဇေယျာထွန်း၊ အဖ ဦးထွန်းဇော်ဦး၊ စတုတ္ထတန်း၊ အထက(ခွဲ) ကိုးပင်၊ ဆင်ပေါင်ဝဲ၊ မကွေးတိုင်းဒေသကြီးမှ လည်းကောင်း ဆုများအသီးသီးရရှိခဲ့ကြသည်။

အဆိုပါ ဆုရ ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ချီးကျူးဂုဏ်ပြုလွှာ၊ ဆုငွေများနှင့် ကုလသမဂ္ဂ အထိမ်းအမှတ် ပစ္စည်းများကို ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် ကျောင်းသားကျောင်းသူများထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူးရုံးတို့ ပူးပေါင်း၍ပေးအပ်ခဲ့ကြောင်း၊ ကုလသမဂ္ဂနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများကို နှစ်စဉ် ကျင်းပခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ်တွင်မူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများ၌ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❀ စာမျက်နှာ ၉ မှ

မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ အိုးစည်၊ ဒိုးပတ်၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့အလိုက် ပြိုင်ပွဲများ၌ အဆင့်လိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိခဲ့ကြသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် စောင်းအတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရန်ကုန်တိုင်းဒေသကြီးမှ မနှင်းသဲဆုလှိုင်၊ တနင်္သာရီတိုင်းဒေသကြီးမှ မောင်ကောင်းမြတ်ဘုန်းနှင့် ဧရာဝတီတိုင်းဒေသကြီးမှ မတင်နီလာဝင်းတို့က **မြမန်းဂီရိ** တေးသီချင်းကို တီးခတ်၍ အကပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဧရာဝတီတိုင်းဒေသကြီးမှ မခက်ပိုပိုနိုင်က အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများပေးအပ်ပြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့အား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ၁၁ ဆု၊ ကယားပြည်နယ်မှ ၁၄ ဆု၊ ကရင်ပြည်နယ်မှ ၁၃ ဆု၊ ချင်းပြည်နယ်မှ လေးဆု၊ မွန်ပြည်နယ်မှ ၁၈ ဆု၊ ရခိုင်ပြည်နယ်မှ ၂၃ ဆု၊ ရှမ်းပြည်နယ်မှ ၂၃ ဆု၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၂၃ ဆု၊ မန္တလေးတိုင်းဒေသကြီးမှ ၇၇ ဆု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၂ ဆု၊ မကွေးတိုင်းဒေသကြီးမှ ၁၂ ဆု၊ ပဲခူးတိုင်းဒေသကြီးမှ ၃၈ ဆု၊ ဧရာဝတီတိုင်းဒေသကြီးမှ ၄၄ ဆုနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ၁၅ ဆု ရရှိကြသည်။

**(သတင်းစဉ်)**

❖ ကျောဖုံးမှ

မူတည်ပါတယ်။ အဲဒီအတွက် ကျောင်းတွေဖွင့်ဖို့ အခက်အခဲရှိနေတာပါ"ဟု စစ်တွေပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသက်လေးဦးက ပြောသည်။

"လက်ရှိအနေအထားက ကျောင်းဖွင့်နိုင်တဲ့အခြေအနေရှိ၊ မရှိအစီရင်ခံစာ မတက်သေးဘူး။ ဖွင့်ဖို့စီစဉ်ထားတာကမောင်တောမြို့နယ်မှာ ၂၄ ကျောင်း၊ ဘူးသီးတောင်မြို့နယ်မှာ ၂၆ ကျောင်း၊ ရသေ့တောင်မြို့နယ်မှာ ၁၃ ကျောင်း ဖွင့်လှစ်ဖို့စီစဉ်ထားပါတယ်။ အခုဖွင့်တဲ့စာသင်ကျောင်းက ၅၀ ရှိပါတယ်။ စာသင်ကျောင်း ၃၆၅ ကျောင်းက မဖွင့်နိုင်သေးပါဘူး"ဟု ၎င်းက ပြောသည်။

မောင်တောမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်း ၁၁ ကျောင်း၊ မူလတန်းကျောင်း ၁၆၆ ကျောင်း၊ ဘူးသီးတောင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်း၊ အလယ်တန်းကျောင်း ခုနစ်ကျောင်း၊ မူလတန်းကျောင်း၂၀၉ ကျောင်း၊ မောင်တောခရိုင်နှင့် ဆက်စပ်နေသည့် ရသေ့တောင်မြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်း၊ အလယ်တန်းကျောင်း ၈၆ ကျောင်း၊ မူလတန်းကျောင်း ၉၄ ကျောင်းရှိကြောင်း စစ်တွေပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ ကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမဦးရေမှာ မောင်တောမြို့နယ်တွင် ၁၃၆၁ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၁၂၉၉ ဦး၊ ရသေ့တောင်မြို့နယ်တွင် ၁၄၀၇ ဦးရှိပြီး ကျောင်းသား ကျောင်းသူဦးရေမှာ မောင်တောမြို့နယ်တွင် ၉၅၁၁၅ ဦး၊ ဘူးသီးတောင်မြို့နယ်တွင် ၆၉၂၄၆ ဦးနှင့် ရသေ့တောင်မြို့နယ်တွင် ၃၆၉၁၇ ဦးရှိကြောင်း စစ်တွေပညာရေးမှူးရုံးမှ သိရသည်။

"နယ်မြေဒေသအခြေအနေအရ ဒီမှာက တိုင်းရင်းသားသီးသန့်ကျောင်းတွေလည်းရှိပါတယ်။ တိုင်းရင်းသားနဲ့ တခြားဘာသာဝင် ကျောင်းသားကျောင်းသူတွေ စာသင်ကြားနေတဲ့ ကျောင်းတွေလည်းရှိပါတယ်။ တခြားဘာသာဝင်တွေချည်း စာသင်နေတဲ့ကျောင်းတွေလည်းရှိပါတယ်"ဟု စစ်တွေပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောမြို့များရှိ ကယ်ဆယ်ရေးစခန်းများတွင် ကြောက်ရွံ့ထိတ်လန့်မှုကြောင့် ယာယီနေရပ်စွန့်ခွာရောက်ရှိနေသည့် ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် နီးစပ်ရာကျောင်းများတွင် ပညာသင်ကြားခွင့်ပေးသွားမည်ဖြစ်ကြောင်း စစ်တွေပညာရေးမှူးရုံးမှ သိရသည်။

"လုံခြုံရေးရတာနဲ့ ကလေးတွေပညာသင်ကြားခွင့်ရဖို့အတွက် အမြန်ဆုံးကျောင်းပြန်ဖွင့်မှာပါ။ ကလေးတွေပညာသင်ကြားခွင့်ရဖို့အတွက် ကျောင်းတွေအမြန်ဆုံးဖွင့်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နောက်ပြီး ဆရာ ဆရာမတွေလုံခြုံရေးပါ။ ဆရာ ဆရာမတွေအတွက်လုံခြုံရေးရှိမယ်၊ တက်ရောက်မယ့်ကလေးတွေလည်းရှိမယ်ဆိုရင် ကျောင်းတွေပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားရေးလုပ်ငန်းတွေ ပုံမှန်အတိုင်းအမြန်ဆုံးပြန်လည်ရရှိဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု စစ်တွေပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရမှ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်ပွားရာ မောင်တောဒေသတွင် စာသင်ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေပြီး ပထမဦးစားပေးအနေဖြင့် အောက်တိုဘာ ၂၄ ရက်တွင် စာသင်ကျောင်းတချို့ဖွင့်လှစ်သွားရန်၊ ဒုတိယအနေဖြင့် အောက်တိုဘာ ၃၁ ရက်တွင် မြို့ပေါ်သို့ လစာလာထုတ်မည့် ဆရာ ဆရာမများနှင့်တွေ့ဆုံညှိနှိုင်းဆွေးနွေးပြီး ကျန်ရှိနေသည့် စာသင်ကျောင်းများဖွင့်လှစ်ရန်နှင့် တတိယအနေဖြင့် ကျန်သည့်ကျောင်းများအား နယ်မြေလုံခြုံရေးအရ ဆရာမများနေရာတွင် ကျောင်းဆရာများအစားထိုးနေရာ ပြောင်းရွှေ့ပြီး ကျောင်းဖွင့်နိုင်ရန်(သို့မဟုတ်)ဆရာမများစာသင်ရာတွင် ၎င်းတို့နေရာမှ စာသင်ကျောင်းအထိ အသွားအပြန်လုံခြုံရေးပေးနိုင်ရန် စီစဉ်ထားကြောင်း လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

ရခိုင်ပြည်နယ်ရှိ ဝေးလံဒေသများနှင့် တခြားဘာသာဝင်များရှိရာကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာမများအနေဖြင့် လူမှုရေးနှင့် လုံခြုံရေးအရအဆင်မပြေနိုင်မှုများရှိနေသည့်အတွက် အဆိုပါဒေသများတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာမများအစားအမျိုးသားကျောင်းဆရာများခန့်ထားနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားကြောင်း ရခိုင်ပြည်နယ်အစိုးရ လူမှုရေးဝန်ကြီးထံမှ သိရသည်။

**မင်းသစ်(သတင်းစဉ်)**

# အားလုံးနွှဲပျော် ကလေးစာပေပွဲတော် အရောက်လှမ်း ပါဝင်ဆင်နွှဲကြစေလို




ရန်ကုန် အောက်တိုဘာ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် “ကလေးစာပေပွဲတော်” ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို နိုဝင်ဘာ ၅ ရက် (စနေနေ့) နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (Myanmar International Convention Center-2 ( MICC-2) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည် ဖြစ်သည်။

ကလေးစာပေပွဲတော်ကို ကလေးများစာပေဗဟုသုတ၊ စာဖတ်အလေ့အထရှင်သန်တိုးပွားလာစေရေး၊ ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ပြည့်ဝလာစေရေးနှင့် ကလေးများ၏ ပင်ကိုစွမ်းဆောင်ရည်၊ အရည်အသွေး မြင့်မားလာစေရေးတို့ကို ရည်ရွယ်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များ၊ စာပေပညာရှင်များ၊ စာပေထုတ်ဝေသူများ၊ စာပေဖြန့်ချိသူများ၊ ကာတွန်းပညာရှင်များ၊ ပုဂ္ဂလိကစာကြည့်တိုက် တည်ထောင်သူများ၊ စာကြည့်တိုက်ကွန်ရက်နှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ပထမဆုံးအကြိမ် နေပြည်တော်၌ ကျင်းပခြင်းဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကလေးများပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မူလတန်းနှင့် အလယ်တန်းအဆင့်စက္ကူအရုပ်ခေါက်ပြိုင်ပွဲများအပါအဝင် ကလေးများကိုယ်တိုင်ပါဝင်မည့် ပျော်ရွှင်ဖွယ်ရာ ပြိုင်ပွဲများ၊ ကလေးစာအုပ်ပြပွဲ၊ ကလေးစာဖတ်ခန်း၊ ကလေးကာတွန်းပြပွဲ၊ မျက်လှည့်ပြပွဲ၊ ကလေးပြဇာတ်၊ ရုပ်ပုံပြဇာတ်၊ စက္ကူပြဇာတ်များပါဝင်မည်။ ထို့ပြင် အမှတ်တရ ပုံတူရေးဆွဲခြင်း၊ ရော်ဘာရုပ်ပြုလုပ်ခြင်း၊ ကာတွန်းအရုပ်များနှင့် ဓာတ်ပုံရိုက်ခြင်း၊ ဂျိုကာဝတ်စုံဖြင့် ဧည့်ကြိုဆိုခြင်း၊ မျက်နှာဆေးခြယ်ခြင်း၊ ဘောလုံးပစ်ပေါက်ကစားခြင်း၊ ကြိမ်ကွင်းစွပ်ကစားခြင်း၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံသရုပ်ဖော်ဆက်စပ်ကစားခြင်း၊ မြန်မာ့ရိုးရာ ကလေးကစားနည်းများအပါအဝင် ကလေးများအတွက် အသိဉာဏ်ဖွံ့ဖြိုးစေမည့်ပျော်ရွှင်ဖွယ်ရာ ကစားနည်းမျိုးစုံ ကဏ္ဍစုံကို ကလေးစာပေပြပွဲအဖြစ်ပါဝင်မည်ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၏ စီစဉ်မှုဖြင့် ပုဂ္ဂလိက စာပေတိုက်များက ဆိုင်ခန်းများဖွင့်လှစ်ကာ ဘာသာရပ်၊ ပညာရပ်မျိုးစုံစာအုပ်စာပေများ၊ ကလေးများအတွက် စာအုပ်စာပေများကို ခင်းကျင်းပြသရောင်းချပေးခြင်းဖြင့် ကလေးစာပေပွဲတော်တွင် စာအုပ်ဈေးပွဲတော်အဖြစ် အားဖြည့်ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကလေးများကိုယ်တိုင်ပါဝင်ဆင်နွှဲကြရခြင်းဖြင့် ကလေးများ၏ စာပေအသိပညာ၊ ဗဟုပညာ၊ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုတောက်ပြောင်လာမည်၊ ကလေးများ၏ နှုတ်မှုစွမ်းရည် ရဲရင့်သွက်လက်ထက်မြက်လာမည်၊ မိဘသွေးချင်းများ၏ လက်တွဲခေါ်ဆောင်မှုကြောင့် စာကြည့်တိုက်များကိုအသုံးချ၊ အသုံးတတ်လာမည်၊ ကလေးများ၏ အနာဂတ် ပို၍လှပလာမည်၊ ကလေးအချင်းချင်း ပိုမိုရင်းနှီးချစ်ခင်လာမည် စသည့်အကျိုးကျေးဇူးများ မလွဲမသွေရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကလေးများစာပေဗဟုသုတ လေ့လာဖတ်ရှုမှု ဖွံ့ဖြိုးတိုးတက်လာရေး၊ ကျောင်း၊ ရပ်ကွက်၊ မြို့နယ်အနှံ့ စာကြည့်တိုက်များရှင်သန်ဖြစ်ပေါ်လာရေး၊ ကလေးများ ပုံပြင်နားထောင်တတ်သည့်ဓလေ့၊ စာကြည့်တိုက်ကို အသုံးချ၊ အသုံးတတ်သည့်အလေ့အထများ ထွန်းကားလာရေးနှင့် ကလေးများ၏ အနာဂတ်ဘဝလှပပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့ရတနာများ ပေါ်ထွန်းလာရေးစသည့် လမ်းကြောင်းအမှန်ကို ဖော်ညွှန်းပြသမည့် ‘ကလေးစာပေပွဲတော်’သို့ မိဘ၊ ဆရာ၊သွေးချင်းသားချင်း၊ ကျောင်းသားကျောင်းသူ၊ ပြည်သူများ မည်သူမဆို ‘အားလုံးနွှဲပျော် - ကလေးစာပေပွဲတော်’အဖြစ် အရောက်လှမ်း ပါဝင်ဆင်နွှဲကြပါရန် အလေးအနက်ထား အသိပေးဖိတ်ခေါ်လိုက်ရပါသည်။

**(ကိုချစ်)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတိုးတက်ရန် လက်ရှိခရီးစဉ်ဒေသများကို ပိုမိုသိရှိစေရန် ဈေးကွက်မြှင့်တင်ကြော်ငြာရန်လို

**စစ်ကိုင်း အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန် ခရီးသွားနေရာများတွင် သဘာဝပတ်ဝန်းကျင်မပျက်စီးစေဘဲ သန့်ရှင်းသပ်ရပ် စည်းကမ်းရှိစွာဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အပြင် လက်ရှိခရီးစဉ်ဒေသများကို ပိုမိုသိရှိအောင် ဈေးကွက်မြှင့်တင် ကြော်ငြာပေးရန် လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က မုံရွာမြို့ဝင်းယူနတီဟိုတယ်၌ အောက်တိုဘာ ၂၁ ရက်က ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

“ခရီးသွားဧည့်သည်တွေရောက်ရှိတဲ့ ဒေသမှာ အသေးစား၊ အလတ်စားအိမ်တွင်းမှု လုပ်ငန်းတွေကို လိုက်လံပြသပြီး အိမ်တွင်းမှုအမှတ်တရပစ္စည်းလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု သင်တန်းတွေ ဖွင့်လှစ်နိုင်ဖို့နဲ့ ခရီးစဉ်သစ်တွေဖော်ထုတ်ဖို့ကို ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနနဲ့အတူ မိတ်ဖက်ဌာနဆိုင်ရာတွေ ပြည်သူတွေက ပူးပေါင်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်”ဟု ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်တွင်းပြည်ပ ဧည့်သည်ဝင်ရောက်တည်းခိုမှုသည် တစ်နှစ်နှင့်တစ်နှစ်တိုးတက်လာရာ၂၀၁၅ ခုနှစ်နှင့်၂၀၁၆ ခုနှစ်တို့တွင် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာစီ နှိုင်းယှဉ်သည့်အခါ ၂၃ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာပြီး ပြည်ပဧည့်သည် ဝင်ရောက်တည်းခိုမှု သည် ၂၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်မှ သိရသည်။

ယခုကဲ့သို့ ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ တိုးတက်လာခြင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မပျက်စီးသေးသော သဘာဝအခြေခံတောတောင်များ၊ ရှေးဟောင်းအမွေအနှစ် ဘုရားပုထိုးအဆောက်အအုံများရှိနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ၏ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် နှစ်အလိုက်တိုးတက်လျက်ရှိရာ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင်၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ခုနှစ်တွင် ၃ ဒသမ ၀၈ သန်းနှင့် ၂၀၁၅ ခုနှစ်တွင် ၄ ဒသမ ၆ သန်း တိုးတက်လာပြီး ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလှည့်ခရီးသည် ခုနစ်သန်းကျော် လာရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

နိုင်ငံတော်၏ သဘာဝသယံဇာတအရင်းအမြစ်များ ဆုံးရှုံးမှုမရှိစေဘဲ မီးခိုးမဲ့စက်ရုံအဖြစ် နိုင်ငံဝင်ငွေရှာဖွေပေးနိုင်သော တိုင်းပြည်အတွက် များစွာအကျိုးရှိသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ဝိုင်းဝန်းလုပ်ဆောင်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သူဦးထံမှ သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ရန်ကုန်မြို့ ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် Bike World စက်ဘီး ကုမ္ပဏီတို့ ပူးပေါင်း၍ ရန်ကုန်မြို့ဖိတ်ခေါ် Mountain Bike စက်ဘီးပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉နာရီခွဲတွင် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြတ်သူက ပြိုင်ပွဲအား သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရရှိသော ပထမဆုရ Mr.Ben(Bike world)၊ ဒုတိယဆုရ ကျော်ကျော်(GTM)၊ တတိယဆုရ ချစ်ကိုကို(GTM) တို့အား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၇၈၀၀၀ | - | ၈၇၈၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၇၈၀၀၀ | - | ၈၇၈၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က)ဒီဇယ် | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၅၀/၆၆၀ ကျပ် |
| (ခ)အောက်တိန်း 95 | တစ်လီတာ | ၆၇၀/၆၉၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ)အောက်တိန်း 92 | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ဃ)အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၆၇၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၈၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၉၁. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၈. ၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၄၇၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၁၃၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၅. ၉ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၆၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၂. ၄၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၇. ၈၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ပန်းချီဆေးခြယ်၊ ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲပြုလုပ်

**လောင်းလုံး အောက်တိုဘာ ၂၅**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြည်သူ့စာကြည့်တိုက်တွင် (ဃ)ရပ်ကွက် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအား ကျောင်းစာအပြင် ပြင်ပဗဟုသုတ ရရှိစေရေးနှင့် အတွေ့အကြုံများရရှိစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂၄ ရက် ညနေ ၃ နာရီမှ ၄ နာရီအထိ ပန်းချီဆေးခြယ်၊ ပုံပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် (ဃ)ရပ်ကွက် အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်ယှဉ်ပြိုင်ကြကာ ပထမဆု ရရှိသော ကျောင်းသူတစ်ဦးအား မြို့နယ်ဦးစီးမှူး ဒေါ်မိုးဝါကဆုချီးမြှင့်ပေးပြီး ပြိုင်ပွဲဝင်သူများအားလုံးကို အထူးဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **စိုးထွန်း(ပြန်/ဆက်)**

# ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲ ဘုတလင်၌ ပြုလုပ်

**ဘုတလင် အောက်တိုဘာ ၂၅**

ဘုတလင်မြို့နယ်အတွင်းရှိ စက်ပြင်လုပ်ငန်းစိတ်ဝင်စားသူများအတွက် ဘုတလင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ဘုတလင်မြို့ အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဟန်ထွန်း၊ မုံရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းထွေး၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ညွှန့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးဝင်းဆန်းကသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

“ကျွန်တော်တို့ဒေသမှာက စီးပွားရေးနဲ့ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ပဲဖြစ်ဖြစ် ခရီးသွားလာဖို့အတွက် လူတန်းစားမရွေး ဆိုင်ကယ်ကိုပဲအသုံးပြုကြတာများတယ်။ ဒါကြောင့်မို့ ဆိုင်ကယ်ပြင်ပညာတတ်ထားရင် အသက်မွေးဝမ်းကျောင်းအနေနဲ့ အထောက်အကူဖြစ်မယ်လို့ထင်တယ်။ ဒါကြောင့် ဆိုင်ကယ်ပြင်ပညာ သင်ချင်နေတာကြာပြီ၊ ခုလိုသင်တန်းတွေ ဖွင့်ပေးတော့ အဆင်ပြေပါတယ်”ဟု သင်တန်းသား တစ်ဦးက ပြောသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဖြိုး(ဘုတလင်)**

# စင်ပေါ်မှာ မိုက်ခရိုဖုန်းကိုလွှင့်ပစ်ခဲ့တဲ့ ဂျက်စတင်ဘီဘာ



ကနေဒါလူမျိုးလူငယ်ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ သူ့ရဲ့ ဂီတဖျော်ဖြေပွဲအတွင်း ပရိသတ်များနဲ့စကားပြောနေရာမှ ရုတ်တရက်မိုက်ခရိုဖုန်းကို လွှင့်ပစ်ကာ စင်မြင့်ပေါ်ကနေ ထွက်ခွာသွားခဲ့ကြောင်း သိရပါတယ်။

ဒီလိုလုပ်ရတာဟာ သူပရိသတ်နဲ့စကားပြောနေစဉ်အတွင်း ပရိသတ်တွေ အော်ဟစ်ဆူညံနေတာကြောင့်ဖြစ်ပြီး တိတ်တဆိတ်နားထောင်ပေးဖို့တောင်းဆိုခဲ့ပေမယ့် ပရိသတ်တွေက ဆူညံတာတွေကို မရပ်တန့်ခဲ့တဲ့အတွက်ကြောင့်ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာဟာ မန်ချက်စတာရှိုးရဲ့ တတိယမြောက်နေ့ ဖျော်ဖြေရေးအစီအစဉ်အတွင်း ပရိသတ်နဲ့ စကားပြောဖို့ကြိုးစားရာကနေ ဒေါသထွက်လာပြီး ယခုလိုအပြုအမူမျိုးကို ပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်။ ကနဦးပိုင်းမှာ ဂျက်စတင်က ပရိသတ်ကိုငြိမ်သက်ပေးဖို့ တောင်းပန်ခဲ့ပေမယ့် ပရိသတ်တွေက ဆက်လက်အော်ဟစ်နေတာဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာက မိုက်ခရိုဖုန်းကိုလွှင့်ပစ်ခဲ့ပြီးတဲ့နောက် စင်ပေါ်ကနေ ဆင်းသွားခဲ့ကာ မိနစ်အနည်းငယ်အတွင်း စင်ပေါ်ပြန်လည်တက်လှမ်းလာခဲ့ပါတယ်။ အဲဒီနောက် သူက မိုင်ခရိုဖုန်းကလည်း ဒီပြဿနာကိုဖြေရှင်းမပေးနိုင်တဲ့အတွက် ကျွန်တော်စကားမပြောတော့ပါဘူးလို့ ပြောကြားခဲ့ကာ တေးသီချင်းတွေနဲ့ ဆက်လက်ဖျော်ဖြေခဲ့ပါတယ်။

ပေါ့ပ်ကြယ်ပွင့်က ယခုဖျော်ဖြေပွဲရဲ့ ပထမဆုံးဖျော်ဖြေပွဲနေ့ကတည်းက သူစကားပြောနေစဉ်အတွင်း ဆူညံမှုတွေမပြုလုပ်ကြဖို့ ပရိသတ်ကိုတောင်းဆိုခဲ့ပြီးဖြစ်ပါတယ်။ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး ဂျက်စတင်ဘီဘာရဲ့ပရိသတ်အချို့က ဘီဘာကိုမလေးစားတဲ့အတွက် မန်ချက်စတာပရိသတ်တွေကို ပြစ်တင်ပြောဆိုခဲ့ပြီး အချို့ကတော့ ဂျက်စတင်ရဲ့အပြုအမူကို အံ့သြမိကြောင်း လူမှုကွန်ရက်မီဒီယာတွေမှာ ရေးသားဖော်ပြခဲ့ကြပါတယ်။

ဂျက်စတင်ဘီဘာရဲ့ "Purpose" တေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေကို အောက်တိုဘာ ၂၄ ရက်ကစတင်ပြီး ကျင်းပလျက်ရှိကြောင်းလည်း သိရပါတယ်။

# တေးအယ်လ်ဘမ်ထွက်ရှိမှု ဆယ်နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်ခဲ့တဲ့ တေလာဆွစ်

၂၀၀၆ခုနှစ်အတွင်း ပထမဦးဆုံးသော တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကို ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် တေလာဆွစ်က သူ့ရဲ့ပထမဆုံးသောတေးအယ်လ်ဘမ်ထွက်ရှိမှု ဆယ်နှစ်ပြည့်အထိမ်းအမှတ်ပြုလုပ်ခဲ့ပြီး သူ့ရဲ့ပရိသတ်တွေက အားပေးစကားတွေနဲ့ဆုတောင်းစာတွေပေးပို့ခဲ့ရာ တေလာက ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။



အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ တေလာက လွန်ခဲ့တဲ့ဆယ်နှစ်ခန့်က ရိုက်ကူးခဲ့တဲ့ သူ့ရဲ့ဓာတ်ပုံတစ်ပုံနဲ့အတူ ပထမဆုံးတေးအယ်လ်ဘမ်ထွက်ရှိသည့်အချိန်မှ ယနေ့အချိန်အထိ အားပေးခဲ့ကြတဲ့ပရိသတ်တွေကို ကျေးဇူးတင်ကြောင်း သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပြီးခဲ့တဲ့အောက်တိုဘာ ၂၄ရက်က ရေးသားဖော်ပြခဲ့ပါတယ်။

တေလာဆွစ်ဟာ ဂီတခရီးအစမှာ ကန်းထရီးတေးဂီတတွေကို စတင်သီဆိုခဲ့ပါတယ်။ သူဟာ အသက် (၁၄) နှစ်အရွယ်မှာ ဆိုနီတေးထုတ်လုပ်ရေးနဲ့ ပထမဆုံးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ဆိုနီနဲ့ စာချုပ်ချုပ်ခဲ့တဲ့ အသက်အငယ်ဆုံးသော တေးသံရှင်တစ်ဦးဖြစ်လာခဲ့ပါတယ်။ ၂၀၀၆ ခုနှစ်အတွင်းမှာတော့ သူ့ရဲ့ ပထမဆုံးသောတေးအယ်လ်ဘမ်ဖြစ်တဲ့ "Taylor Swift" ကို ထုတ်လုပ်ဖြန့်ချိခဲ့ပါတယ်။ နောက်နှစ်နှစ်အကြာ ၂၀၀၈ ခုနှစ်မှာ ဒုတိယတေးအယ်လ်ဘမ် "Fearless"ကို ဖြန့်ချိခဲ့ပါတယ်။ ယနေ့အချိန်အထိ တေးအယ်လ်ဘမ်ပေါင်း ငါးခုထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်ကာ ဂရမ်မီဆု ဆယ်ဆုကိုလည်း သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။

ဂီတဘက်မှာ အောင်မြင်မှုတွေ ဆက်တိုက်ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့ တေလာဟာ ဖက်ရှင်လောကမှာလည်း ပေါက်မြောက်ခဲ့ပြီး ဟောလိဝုဒ်ရဲ့ဖက်ရှင်အိုင်ကွန်တစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံရပါတယ်။ ဒ့ါအပြင် သူဟာ လူမှုကွန်ရက်ပေါ်မှာလည်း ထင်ပေါ်ကျော်ကြားသူတစ်ဦးဖြစ်ပြီး ပရိသတ်အများဆုံးရရှိထားတဲ့ အနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်။



# တောင်ကိုရီးယားရဲ့ ထိပ်တန်းကြယ်ပွင့်များ

တောင်ကိုရီးယားနိုင်ငံရဲ့ လတ်တလောမှာ အကျော်ကြားဆုံးခေါင်းဆောင်မင်းသား မင်းသမီးများအဖြစ် ရပ်တည်နေကြသူတွေကတော့ မင်းသမီးပ့ါခ်ရှင်ဟေး၊ မင်းသား ယိုဆန်းဟိုနဲ့ မင်းသမီး နမ်ဂျီဟွန်တို့ဖြစ်ကြကြောင်း ကေဒရမ်မာစတားဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ အဆိုပါမင်းသား၊ မင်းသမီးတွေဟာ တောင်ကိုရီးယားရဲ့ များစွာသောအနုပညာကြယ်ပွင့်တွေအကြား အအောင်မြင်ဆုံးသော အသက်နှစ်ဆယ်ကျော်ကြယ်ပွင့်တွေအဖြစ် ရွေးချယ်ဖော်ပြခြင်းခံရတာဖြစ်ပါတယ်။

သူတို့သုံးဦးစလုံးဟာ အနုပညာလောကအတွင်းသို့ ကလေးသရုပ်ဆောင်တွေအဖြစ် စတင်ဝင်ရောက်လာခဲ့ပြီး ထိပ်တန်းကြယ်ပွင့်တွေအဖြစ် အောင်မြင်လာခဲ့တာဖြစ်ပါတယ်။

မင်းသမီး ပ့ါခ်ရှင်ဟေးဟာ ၂၀၀၃ ခုနှစ်က ထုတ်လွှင့်ပြသခဲ့တဲ့ "Stairway to Heaven"(အချစ်လှေကားထစ်လေးများ) ဇာတ်လမ်းတွဲရုပ်ရှင်မှာ မင်းသမီးချွဲဂျီဝူးရဲ့ ငယ်ဘဝကို ပါဝင်သရုပ်ဆောင်ပေးရင်း အနုပညာလောကထဲကို ခြေချခဲ့တာဖြစ်ပါတယ်။ သူဟာ ရုပ်ရှင်ဇာတ်လမ်းပေါင်းများစွာမှာ ခေါင်းဆောင်းမင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အာရှရုပ်ရှင်လောကရဲ့ ဘုရင်မတစ်ပါးအဖြစ် တင်စားခံရတဲ့အထိ အောင်မြင်မှုတွေ ပိုင်ဆိုင်နိုင်ခဲ့ပါတယ်။ သူ့ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Doctors" ကလည်း တောင်ကိုရီးယားမှာသာမက အာရှမှာပါ လတ်တလော လူကြိုက်အများဆုံး ရုပ်ရှင်ကားတစ်ကားအဖြစ် ရပ်တည်နေပါတယ်။

မင်းသားယိုဆန်းဟိုဟာ "The Way Home" ရုပ်ရှင်နဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့ပြီး လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ်သာမက ခေါင်းဆောင်မင်းသားတစ်ဦးအဖြစ် အောင်မြင်လာခဲ့သူဖြစ်ပါတယ်။ သူဟာ ရုပ်သံဇာတ်လမ်းတွဲပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး သူ့ရဲ့ကျော်ကြားတဲ့ရုပ်ရှင်တွေထဲက အချို့ကတော့ "Sad Love Story"၊ "King And I"နဲ့ " The Legend"တို့ပဲဖြစ်ပါတယ်။

မင်းသမီး နမ်ဂျီဟွန်ကတော့ လွန်ခဲ့တဲ့ ၁၃နှစ်ခန့်က လူငယ်သရုပ်ဆောင်တစ်ဦးအဖြစ် "Say you Love Me" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ရင်း အနုပညာခရီးကို စတင်ခဲ့သူဖြစ်ပါတယ်။ "Shopping King Louis" ရုပ်ရှင်ကတော့ သူ့ရဲ့ပထမဦးဆုံး ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၂၆ - ၁၀ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ မြန်မာ့ငွေကြေးဈေး ကွက်ဆိုင်ရာစကားဝိုင်း (လက်ရှိစတော့ဈေးကွက်နှင့် အနာဂတ် အလားအလာအကြောင်း) (အပိုင်း-၃)
၈း၃၅ "ရှန်းကန်လှုပ်ရှားဘဝများ" (အညာမုန့်သည်၊ ယွန်းထည်လုပ်သူ၊ ဆိုက်ကားသမား)
၉း၃၅ ပြည်သူ့နီတိ "ထမင်းဝိုင်း" (တတိယပိုင်း) (နွဲ့နွဲ့စန်း၊ ဝင်းမြိုင်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို)
၁၀း၃၅ "သူတို့အတွေးသူတို့အမြင်"
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၁၈)
၁း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၆)
၂း၁၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ပက်ထရစ်ရှာ)
၂း၃၀ Sunday Talk
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၇)
၄း၃၅ Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း)
၅း၁၅ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (မိုးသီးနှင့်စိုးမင်းဦး)
၅း၃၅ NHK Programme "ကောက်ရိတ်သိမ်းချိန်ဟာပျော်စရာအချိန်တစ်ခုပါ"(All About Rice) Harvest Time is a Happy Time)
၅း၅၀ "ကြေးဖားစည်တို့ရဲ့ တောင်ပိုင်းမြေ" (အပိုင်း-၃)
၆း၃၅ ဘဝထဲကဝတ္ထုထဲကဘဝ
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂၈)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂၇)
-သုခုမရင်ခွင်အငြိမ့်သဘင် "တော်ဝင်စတားအငြိမ့်" (မင်းသမီး-ပိုးဝါသျှန်၊ လူရွှင်တော်-စပ်ဖြိုး၊ လူလှ၊ ပြည်ချစ်၊ဒိုးဒိုး၊ သက်ထက် ) (ဒါရိုက်တာ-ဖုန်းမြင့်အော်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား
### ၂၆-၁၀-၂၀၁၆(ဗုဒ္ဓဟူးနေ့)

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၅ DVD Hits
၈း၄၅ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ World Wide Web
၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၂၅ ကျန်းမာသုတ
၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၆၆)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၆၇)
၆း၁၀ Taste on The Street
၆း၃၅ Fashion King
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၆၀)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- လက်ခုပ်ထဲကမျက်ရည် အပိုင်း(၅)

# ၂၀၁၆ ဘာလွန်ဒီအောဆုအတွက် ကစားသမား ၃၀ စာရင်းထုတ်ပြန်ခဲ့ရာတွင် အင်္ဂလိပ်ကစားသမားနှစ်ဦးသာ ပါဝင်လာခဲ့



ကမ္ဘာ့အကောင်းဆုံး ကစားသမားကို ပေးအပ်ချီးမြှင့်သည့် ၂၀၁၆ ဘာလွန်ဒီအောဆုအတွက် ကစားသမား ၃၀ စာရင်းကို အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်ခဲ့ရာတွင် ဂရိတ်ဗြိတိန်နိုင်ငံသား အင်္ဂလိပ်လူမျိုးကစားသမားနှစ်ဦးသာ ပါဝင်လာခဲ့ပြီး အဆိုပါကစားသမားမှာ လက်စတာစီးတီး တိုက်စစ်မှူးဗာဒီနှင့် ဝေလတိုက်စစ်မှူး ဂါရတ်ဘေးလ်တို့ ဖြစ်သည်။

တိုက်စစ်မှူး ဗာဒီသည် ပြီးခဲ့သည့် ဘောလုံးရာသီက လက်စတာစီးတီးအသင်း ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ရာတွင် သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။ တိုက်စစ်မှူး ဗာဒီနှင့်အတူ လက်စတာစီးတီးကစားဖော် မာရက်ဇ်သည်လည်း ၂၀၁၆ ဘာလွန်ဒီအောဆုအတွက် ပဏာမရွေးချယ်ခဲ့သည့် ကစားသမား ၃၀ စာရင်းတွင် ပါဝင်လာခဲ့ပြီး အယ်လ်ဂျီးရီးကစားသမား မာရက်ဇ်သည် လက်စတာစီးတီးအသင်းအား ပရီမီယာလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်အပြင် ပီအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ကစားသမားဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ပဏာမရွေးချယ်ခဲ့သည့် ကစားသမား ၃၀ စာရင်းတွင် အာဂျင်တီးနားနိုင်ငံသား ကစားသမားလေးဦး၊ ပြင်သစ်နိုင်ငံသား ကစားသမားလေးဦး၊ စပိန်နိုင်ငံသား ကစားသမားသုံးဦး၊ ပေါ်တူဂီနိုင်ငံသား ကစားသမားသုံးဦး၊ ဂျာမနီနိုင်ငံသား ကစားသမားသုံးဦး၊ ဥရုဂွေးနိုင်ငံသား ကစားသမားနှစ်ဦး၊ အယ်လ်ဂျီးရီးယားနိုင်ငံသား ကစားသမားတစ်ဦး၊ ဘယ်လ်ဂျီယံနိုင်ငံသား ကစားသမားတစ်ဦး၊ ဘရာဇီးနိုင်ငံသားကစားသမားတစ်ဦး၊ ချီလီနိုင်ငံသား ကစားသမားတစ်ဦး၊ ဂါဘွန်နိုင်ငံသား ကစားသမားတစ်ဦး၊ ဂရိတ်ဗြိတိန်နိုင်ငံသား ကစားသမားနှစ်ဦး၊ ခရိုအေးရှားနိုင်ငံသား ကစားသမားတစ်ဦး၊ အီတလီနိုင်ငံသား ကစားသမားတစ်ဦး၊ ပိုလန်နိုင်ငံသား ကစားသမားတစ်ဦး၊ ဆွီဒင်နိုင်ငံသား ကစားသမားတစ်ဦး အသီးသီးပါဝင်လာခဲ့ကြောင်း သိရသည်။

ပဏာမရွေးချယ်ခဲ့သည့် ကစားသမား ၃၀ စာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းမှ စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ တိုနီခရူးစ်၊ လူကာမိုဒရစ်၊ ပီပီ၊ ရာမို့စ်၊ ဘာစီလိုနာအသင်းမှ လီယွန်နယ်မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ၊ အင်နီယေစတာ၊ မန်စီးတီး အသင်းမှ အဂူရို၊ ဒီဘရိုင်း၊ ဂျူဗင်တပ်အသင်းမှ ဘတ်ဖွန်၊ ဒိုင်ဘာလာ၊ ဟီဂူအင်၊ ဘိုင်ယန်မြူးနစ်အသင်းမှ လီဝမ်ဒေါစကီး၊ နျူအာ၊ ဗီဒယ်လ်၊ သောမက်မူလာ၊ အက်သလက်တီကို မက်ဒရစ်အသင်းမှ ဒီယေဂိုဂိုဒင်၊ ကိုကီ၊ ဂရစ်ဇ်မန်း၊ ဒေါ့မွန်အသင်းမှ အော့ဘာမီယန်၊ မန်ယူအသင်းမှ အီဘရာဟီမိုဗစ်ချ်၊ ပေါလ်ပေါ့ဘာ၊ စပါးအသင်းမှ ဟူဂိုလိုရစ်၊ ဝက်စ်ဟမ်းအသင်းမှ ဒီမီထရီပါယက်၊ စပို့တင်းလစ္စဘွန်းအသင်းမှ ပက်ထရီစီယိုတို့လည်း ပါဝင်လာခဲ့သည်။

ဘာစီလိုနာ တိုက်စစ်အတွဲဖြစ်သည့် မက်ဆီ၊ ဆွာရက်ဇ်နှင့် နေမာတို့အတွဲသည် ၂၀၁၆ ခုနှစ်အတွင်းက သုံးဦးပေါင်းသွင်းဂိုး ၁၀၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၆ ဘာလွန်ဒီအောဆုအတွက် မျှော်လင့်နိုင်သည့် ကစားသမားများဖြစ်သည့်အပြင် တိုက်စစ်မှူးစီရိုနယ်လ်ဒိုသည်လည်း ၂၀၁၆ ခုနှစ်အတွင်း ချန်ပီယံလိဂ်ဆုဖလားနှင့် ယူရို ၂၀၁၆ ဆုဖလားတို့ကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမား တစ်ဦးဖြစ်သည်။ ထို့အတူ ဂါရတ်ဘေးလ်သည်လည်း ဝေလအသင်းအား ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပေ့ါဘာ၊ ပါယက်နှင့် ဟူဂိုလိုရစ်တို့သည်လည်း ပြင်သစ်အသင်းအား ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယနေရာဖြင့် အဆုံးသတ်နိုင်အောင်စွမ်းဆောင်ပေးခဲ့သည်။

ဘာလွန်ဒီအောဆုကို ၂၀၀၈ ခုနှစ်မှစတင်ကာ ၂၀၁၅ ခုနှစ်အထိ လီယွန်နယ်မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ကသာ ရယူဆွတ်ခူးနိုင်ခဲ့ပြီး လီယွန်နယ်မက်ဆီက ငါးကြိမ်နှင့် စီရိုနယ်လ်ဒိုက သုံးကြိမ်ဆွတ်ခူးထားခဲ့သည်။ ၂၀၁၆ ဘာလွန်ဒီအောဆုအတွက် နောက်ဆုံးဆန်ခါတင်စာရင်းကို ဒီဇင်ဘာလတွင် ကြေညာမည်ဖြစ်ပြီး ဆုပေးပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါဆုကို ဆွတ်ခူးပေးနိုင်မည့် ကစားသမား မည်သူဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။ **(ငွေကြယ်)**

# မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ကို နောက်ကောက်ချပြီး လာလီဂါအကောင်းဆုံး ကစားသမားအဖြစ် ဂရစ်ဇ်မန်းရွေးချယ်ခံရ



**၂၀၁၅-၂၀၁၆ ဘောလုံးရာသီ ဂရစ်ဇ်မန်း၏ စွမ်းဆောင်ရည်**
ဝင်ရောက်ကစားသည့်ပွဲအရေအတွက်- ၃၈
သွင်းဂိုး -၂၂ ဂိုး
ဂိုးဖန်တီးမှု - ခြောက်ကြိမ်
ဝင်ရောက်ကစားသည့် မိနစ် - ၃၀၅၅

© AFP/Getty Images

အက်သလက်တီကိုနှင့် ပြင်သစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းသည် နာမည်ကျော် ကစားသမားများဖြစ်သည့် မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့ကို နောက်ကောက်ချကာ ပြီးခဲ့သည့်ဘောလုံးရာသီ၏ လာလီဂါအကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခဲ့ရကြောင်း သိရသည်။ အသက်(၂၅) နှစ်အရွယ် ဂရစ်ဇ်မန်း ၂၀၁၅-၂၀၁၆ ဘောလုံးရာသီ၏ လာလီဂါအကောင်းဆုံး ကစားသမားအဖြစ်ရွေးချယ်ခဲ့ရကြောင်းကို အောက်တိုဘာ ၂၄ ရက် (တနင်္လာနေ့) ဗလင်စီယာမြို့တွင် ပြုလုပ်သည့် အခမ်းအနားတွင် ကြေညာခဲ့ခြင်း ဖြစ်သော်လည်း အဆိုပါအခမ်းအနားသို့ ဂရစ်ဇ်မန်း တက်ရောက်ခဲ့ခြင်းမရှိခဲ့ပေ။

အကောင်းဆုံး နည်းပြအဖြစ် အက်သလက်တီကို နည်းပြ ဆီမွန်နီက ရွေးချယ်ခံခဲ့ရသလို ဂျန်အောဘလက်ခ်နှင့် ဂိုဒင်တို့ကလည်း အကောင်းဆုံးဂိုးသမားနှင့် အကောင်းဆုံးနောက်ခံလူများအဖြစ် အသီးသီး ရွေးချယ်ခံခဲ့ရရာ ယင်းအခမ်းအနားသည် အက်သလက်တီကိုအသင်း အောင်ပွဲခံသော အခမ်းအနားဟုပင် တင်စားနိုင်သည်။ ဂရစ်ဇ်မန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီ လာလီဂါ ပွဲစဉ်တိုင်း ဝင်ရောက်ကစားခဲ့ပြီး လာလီဂါ သွင်းဂိုး ၂၂ ဂိုးအပြင် အက်သလက်တီကိုနှင့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သလို ပြင်သစ် လက်ရွေးစင်အသင်းနှင့် ဗိုလ်လုပွဲအထိ တက်ရောက်ခဲ့ပြီး သွင်းဂိုးခြောက်ဂိုးဖြင့် ယူရို-၂၀၁၆ ပြိုင်ပွဲ၏ ရွှေဖိနပ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းဆုကို အသင်းခေါင်းဆောင်များက မဲပေးရွေးချယ်ခဲ့ကြပြီး ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီက အကောင်းဆုံးတိုက်စစ်မှူးအဖြစ်လည်းကောင်း၊ ရီးယဲလ်မက်ဒရစ် ကွင်းလယ်လူ လူကာမိုဒရစ်က အကောင်းဆုံး ကွင်းလယ်ကစားသမားအဖြစ် လည်းကောင်း ရွေးချယ်ခံရကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘောလုံးရာသီ လာလီဂါအကောင်းဆုံးကစားသမားစာရင်း
အကောင်းဆုံးကစားသမား
အန်တိုနီဂရစ်ဇ်မန်း
အက်သလက်တီကို)
အကောင်းဆုံးနည်းပြ- ဆီမွန်နီ
(အက်သလက်တီကို)
အကောင်းဆုံးဂိုးသမား
ဂျန်အောဘလက်ခ်
(အက်သလက်တီကို)
အကောင်းဆုံးနောက်ခံလူ-ဒီယေဂို ဂိုဒင်(အက်သလက်တီကို)
အကောင်းဆုံးကွင်းလယ်လူ
လူကာမိုဒရစ် (ရီးယဲလ်မက်ဒရစ်)
အကောင်းဆုံး တိုက်စစ်မှူး
လီယွန်နယ်မက်ဆီ (ဘာစီလိုနာ)

မေလဲ့သင်း - စုစည်းသည်



© REUTERS

# ကမ္ဘာ့အဆင့် ၅၀ အတွင်း ပြန်လည်ဝင်ရောက်လာခဲ့သည့် ဒယ်လ်ပေါ်ထရို

အာဂျင်တီးနားတင်းနစ်စတား ဒယ်လ်ပေါ်ထရိုသည် စတော့ဟုမ်းအိုးပင်း ချန်ပီယံ ဖြစ်လာခဲ့ပြီးနောက် သူ့အတွက် သုံးနှစ်အတွင်း ပထမဦးဆုံး ချန်ပီယံဆု ဖြစ်လာခဲ့သလို ကမ္ဘာ့အဆင့် ၅၀ အတွင်းပါ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ ဒယ်လ်ပေါ်ထရိုမှာ ဗိုလ်လုပွဲတွင် အမေရိကန် တင်းနစ်ကစားသမား ဂျက်ခ်ဆော့ခ်ကို အနိုင်ကစားပြီး ကမ္ဘာ့အဆင့် ၄၂ နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ဒယ်လ်ပေါ်ထရိုမှာ ၂၀၁၄ နှင့် ၂၀၁၅အတွင်း ခါးဒဏ်ရာကြောင့် သုံးကြိမ် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး ကာလကြာရှည် အနားယူနေခဲ့ရသဖြင့် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ကမ္ဘာ့အဆင့် ၁၀၄၅ အထိ ရောက်ရှိသွားခဲ့သေးသည်။ ဒယ်လ်ပေါ်ထရိုက ၎င်းအနေဖြင့် လက်ရှိအချိန်တွင် မည်သည့် ချန်ပီယံဆုကိုမျှ ရရှိရန် မျှော်လင့်ထား ခြင်းမရှိသော်လည်း ယခုကဲ့သို့ ချန်ပီယံဆု ပြန်လည်ဆွတ်ခူးနိုင်ခြင်းကြောင့် အလွန်ဝမ်းမြောက်မိကြောင်း ဆိုခဲ့သည်။ ယခုချန်ပီယံဆုသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ဆစ်ဒနီအိုးပင်းတွင် ချန်ပီယံဖြစ်ပြီး နောက်ပထမဦးဆုံး ပြန်လည်ရရှိခဲ့သည့် ချန်ပီယံဆုလည်း ဖြစ်လာခဲ့သည်။ ဒယ်လ်ပေါ်ထရိုမှာ ရီယိုအိုလံပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗြိတိန်မှ အန်ဒီမာရေးကို အရေးနိမ့်ခဲ့ပြီး ငွေတံဆိပ်ဆုဖြင့် ကျေနပ်ခဲ့ရသော် လည်း ဒေးဗစ်ဖလားတွင် အန်ဒီမာရေးကို ပြန်လည်အနိုင်ကစားနိုင်ခဲ့သည်။

# ဂျိုင်း(ကျုံဒိုး) ဖောတံတားအား ကုန်စည်ကူးသန်းမှု လုံခြုံချောမွေ့စေရေး အကြီးစားပြင်ဆင်



**ဘားအံ အောက်တိုဘာ ၂၅**

ကုန်စည်ကူးသန်းမှု လုံခြုံချောမွေ့စေရေးအတွက် ဂျိုင်း(ကျုံဒိုး) pontoon ဖောတံတားအား အောက်တိုဘာ ၂၅ ရက် မှ နိုဝင်ဘာ ၅ ရက်အထိ အကြီးစား ပြင်ဆင်ချိန်ကာလအတွင်း ပြည်တွင်း၊ ပြည်ပသွင်းကုန်၊ ထုတ်ကုန် ကုန်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မော်တော်ယာဉ်ကြီးများကို သတ်မှတ်အချိန်ပိုင်းဖြင့် ဖြတ်သန်းသွားလာခွင့်ပြုသွားမည်ဟု သိရသည်။

ကရင်ပြည်နယ်တွင် တည်ဆောက်ဖွင့်လှစ်၍ မြန်မာနိုင်ငံ၏ ကုန်စည်ကူးသန်းစီးဆင်းမှုအတွက် အဓိကတံတားများဖြစ်သည့် ဂျိုင်း(ကျုံဒိုး)မြစ်ကူးကြိုးတံတားနှင့် ပွန်တွန်း (pontoon) မြစ်ကူးဖောတံတားများတွင် သတ်မှတ်တန်ချိန်လျှော့ချ၍ ဖြတ်သန်းခွင့်ပြုထားခြင်းများကြောင့် ကုန်တင်ယာဉ်ကြီးများ ကုန်စည်ကူးသန်းမှု အခက်အခဲများရှိနေသည်ဟု ကုန်တင်ယာဉ်မောင်းများ ပြောကြားချက်အရ သိရသည်။

မြဝတီ-ကော့ကရိတ်-ဘားအံ-သထုံ-ရန်ကုန်လမ်းကြောင်းပေါ်တွင် ဂျိုင်း(ကျုံဒိုး) မြစ်ကူးတံတားမှာ ကြိုးတံတား ဖြစ်ပြီး ၂၅ တန်သာ ခံနိုင်ဝန်ရှိသည့်အတွက် pontoon ဖောတံတားအား သစ်တောက်ငှက် ကုမ္ပဏီမှ ၁၈-၉-၂၀၀၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကာ ၁၇-၂-၂၀၁၀ နေ့တွင် ဖွင့်လှစ်ခဲ့ပြီး စတင်တည်ဆောက်သည့်ကာလတွင် ခံနိုင်ဝန်တန်ချိန် ၆၀ ထိ ဖြတ်သန်းအသုံးပြုခဲ့ရာမှ ယခုအခါ တံတားသက်တမ်းမှာ ခြောက်နှစ်ကျော်အထိရှိလာ၍ ခံနိုင်ဝန်တန်ချိန် ၄၀ထိသာ ဖြတ်သန်းခွင့်ပြုနေရပြီး အကြီးစားပြင်ဆင်ရန်လိုအပ်ချက်များ ရှိသော်လည်း ကုန်စည်ကူးသန်းမှု ထိခိုက်မှုမရှိစေရေးနှင့် ဘေးအန္တရာယ်ကင်းစွာ ဖြတ်သန်းအသုံးပြုနိုင်ရေးအတွက် တန်ချိန်လျှော့ချ၍ ထိန်းသိမ်းဖြတ်သန်းခွင့် ပြုထားရခြင်းဖြစ်ကြောင်း pontoon ဖောတံတားတာဝန်ခံမှ သိရသည်။

ကုန်တင်ယာဉ်များ သွားလာနေသည့်ယင်း မြစ်ကူး pontoon ဖောတံတားတွင် ဖော ၂၅ လုံးရှိသည့်အနက် ရေစိမ့်ဝင်နေသည့် ဖောနံပါတ် ၁၊ ၉၊ ၁၉၊ ၂၁၊ ၂၄၊ ၂၅ ဖောခြောက်လုံးနှင့် ၁၃ နှင့် ၁၄ ကြား ဂွ်ိုင်းဆက်များအား အကြီးစားပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်ထောင်စုဝန်ကြီးကလည်း လမ်းကို ချောချောမောမော သွားလာစေချင်တယ်။ pontoon ဖောတံတားမှာ ထစ်နေတာတွေ မဖြစ်စေချင်ဘူး။ ၄၊ ၅နှစ် ခံနိုင်အောင် ပြင်ဖို့ ပြောထားတော့ တစ်ချိန်တည်း ပြင်ဖို့ ဆိုတာ မလွယ်ဘူးလေ။ အခု ပြင်ဖို့လိုနေတာတွေကို အကြီးစား ပြင်လိုက်တဲ့သဘောပါ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်ချောမွေ့ လုံခြုံစိတ်ချ အန္တရာယ်ကင်းပြီး သွားလာတဲ့သူတွေ စိတ်အနှောင့်အယှက်မဖြစ်စေအောင်လို့ ခုလို ကြိုတင်ပြင်ဆင်လိုက်တာ ဖြစ်ပါတယ်။

ပြင်တယ်ဆိုတာက ဆိုးဆိုးရွားရွားဖြစ်လို့ ပြင်တာတော့မဟုတ်ပါဘူး။ အန္တရာယ်ဖြစ်နိုင်ခြေရှိတဲ့နေရာတွေကို ကြိုတင်ပြင်ဆင်တဲ့ သဘောပါ။ ဖြစ်မှပြင်ရင် ရက်ကြာသွားပြီး ကုန်သွယ်ရေးလမ်းကြောင်းမှာ သွားလာနေတဲ့ ကုန်တင်ယာဉ်တွေ အခက်အခဲဖြစ်သွားပါ့မယ်။ ပြင်နေတဲ့ရက်တွေမှာလည်း သတ်မှတ်ထားတဲ့အချိန်တွေမှာ သွားလာလို့ရပါတယ်" ဟု pontoon ဖောတံတားတာဝန်ယူပြုပြင်မည့် သစ်တောက်ငှက်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်စိုးကပြောသည်။

အဆိုပါ pontoon ဖောတံတားအား အကြီးစား ပြုပြင်ရန်အတွက် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ ပိတ်ထားမည်ဖြစ်ပြီး ကုန်စည်ကူးသန်းမှု လုံးဝရပ်တန့်သွားခြင်း မရှိစေရေးအတွက် နယ်စပ်ကုန်သွယ်ရေး ဝန်ဆောင်မှုယာဉ်များအား ညနေ ၄ နာရီမှ နောက်တစ်နေ့ နံနက်၁၀ နာရီထိ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ချင်းတွင်းမြစ်ကြောင်းသွား ခရီးသည်နှင့် ကုန်တင်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးကြီးကြပ်

**ကလေးဝ အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း ဖြတ်သန်းသွားလာ ဆိုက်ကပ်သော ပုဂ္ဂလိက ခရီးသည်တင် အမြန်ရေယာဉ်များနှင့် ကုန်တင်အမြန်ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စက်တပ်ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများက ပုဂ္ဂလိက ခရီးသည်တင်ရေယာဉ်နှင့်ကုန်တင်ရေယာဉ်များ လူပို ကုန်ပိုတင်ဆောင်မှုမရှိစေရေး၊ ခရီးသည်တင် အမြန်ရေယာဉ်များ ညအချိန်ခုတ်မောင်းပြေးဆွဲမှုမရှိစေရေးနှင့် ရေယာဉ်လိုင်စင်စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲနိုင်ရေးတို့အတွက် အောက်တိုဘာ ၁၉ ရက်မှစတင်၍ ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**



## လောင်းလုံးမြို့နယ် တောင်မင်းပြောင်ကျေးရွာ၌ လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**လောင်းလုံး အောက်တိုဘာ ၂၅**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်တွင် ကံပေါက်ဒေသမှ GAS Engines များဖြင့် မောင်းနှင်ထုတ်လုပ်လျက်ရှိသော ၂၄ နာရီ လျှပ်စစ်ဓာတ်အားများ ကျေးရွာများသို့ ရရှိရေးအတွက် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက ကျေးရွာနေပြည်သူများ လမ်းမီးများထွန်းညှိနိုင်ရန်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအား အချိန်ပြည့်လုပ်ဆောင်နိုင်ရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးကဏ္ဍများတွင် လျှပ်စစ်ဓာတ်အား အချိန်ပြည့်အသုံးပြုနိုင်စေရန် ရည်ရွယ်၍ ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

လောင်းလုံးမြို့နယ် တောင်မင်းပြောင်ကျေးရွာ၌ အောက်တိုဘာ ၂၁ ရက် ညနေ ၅ နာရီက ယင်းကျေးရွာရှိ ထရန်စဖော်မာတပ်ဆင်ထားသည့်နေရာတွင် လျှပ်စစ်မီးဖွင့်ပွဲကျင်းပရာ မြို့နယ်လျှပ်စစ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူလူထုများ တက်ရောက်ကြပြီး တနင်္သာရီတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးထွန်းဝဏ္ဏက ကျေးရွာလျှပ်စစ်ကဏ္ဍ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ကျေးရွာနေပြည်သူများအား ဟောပြောကြောင်း သိရသည်။

အဆိုပါကျေးရွာသည် အိမ်ခြေ ၃၇၀ ခန့်ရှိပြီး ယခင်က ပုဂ္ဂလိကလျှပ်စစ်မီးဖြင့်အချိန်ပိုင်း ဓာတ်အားရရှိခဲ့ပြီး တစ်ယူနစ် ၆၀၀ ကျပ်နှုန်းဖြင့်သုံးစွဲနေကြရသည်။ ယခုအခါ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းက တစ်ယူနစ် ၃၀၀ ကျပ်နှုန်းဖြင့် မီတာလုံးရေ ၁၃၂ လုံးတပ်ဆင်ပေးထားပြီး ထပ်မံလျှောက်ထားသူများကိုလည်း အမြန်ဆုံးတပ်ဆင်ပေးနေကြောင်း သိရှိရပြီး အခြားကျေးရွာများသို့လည်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်မှူးရုံးမှ သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

# မန္တလေးအမျိုးသားဇာတ်ရုံ၌ မြန်မာ–ဖိလစ်ပိုင် အနုပညာရှင်များ ပူးပေါင်း၍ ပဒေသာကပွဲကြီး ကပြဖျော်ဖြေတင်ဆက်မည်

**မန္တလေး အောက်တိုဘာ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနကူညီမှုဖြင့် မြန်မာ-ဖိလစ်ပိုင် ပူးပေါင်းတင်ဆက်သော ပဒေသာကပွဲကြီးကို အောက်တိုဘာ ၃၀ ရက် ညနေ ၄ နာရီမှ ည ၇ နာရီထိ မန္တလေး အောင်မြေသာစံမြို့နယ် ၆၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြားရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံမှ ဒါရိုက်တာ Mr.Ian Alcaraz စီစဉ်သော Mira ရေသူမလေးမီရာ ဇာတ်လမ်းအား အဆို၊ အက၊ သရုပ်ဆောင်မှုပေါင်းစပ်ထားသော Broadway Concet ပဒေသာကပွဲအား အင်္ဂလိပ်ဘာသာဖြင့် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံအနုပညာရှင်များက ပူးပေါင်းတင်ဆက်ကြမည်ဖြစ်သည်။

"လွန်ခဲ့တဲ့သုံးနှစ်ကတည်းက ဖန်တီးပြီးသားပါ။ ပြီးခဲ့တဲ့ လအနည်းငယ်ကမှစပြီး လိုအပ်တဲ့ ပစ္စည်းပစ္စယတွေပြင်ဆင်ပြီး အကောင်အထည်ဖော်တာပါ။ ရေသူမလေးအဖြစ်ပြောင်းလဲခံရတဲ့ အဓိကဇာတ်ဆောင် မီရာက အိမ်နဲ့ဝေးနေပေမယ့်လည်း ဘယ်လိုလုပ် သူ့ရဲ့မိသားစုနဲ့ တွေ့ဆုံကြမလဲဆိုတာကို စိတ်ဝင်စားအောင် ဖန်တီးထားပါတယ်။

"ဒီဇာတ်လမ်းလေးဟာဆိုရင် အိမ်နဲ့ဝေးနေပေမယ့်လည်း အပြင်မှာလည်း ချစ်ခြင်းမေတ္တာတွေ ရှာဖွေတွေ့ရှိနိုင်မယ်ဆိုတဲ့အကြောင်း၊ မိခင်တွေက ကိုယ့်ရဲ့ ရင်သွေးတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဘယ်လိုအခက်အခဲများကို ကြုံတွေ့ပါစေ သတ္တိရှိရှိနဲ့ ရင်ဆိုင်နိုင်မယ့်အကြောင်းတွေကို ချစ်ခြင်းမေတ္တာနဲ့ မိသားစုအကြား ဖန်တီးထားတဲ့ အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါတယ်"ဟု စီစဉ်တင်ဆက်သူ Mr. Ian Alcaraz ကပြောသည်။

Mira ရေသူမလေးမီရာ ဇာတ်လမ်းတင်ဆက်မှုတွင် မြန်မာနိုင်ငံမှ အနုပညာရှင် ၈၀ ရာခိုင်နှုန်း ပါဝင်မည်ဖြစ်ပြီး အနုပညာဖန်တီးမှု ပိုမိုနားလည် ဖွံ့ဖြိုးတိုးတက်စေရန်၊ နှစ်နိုင်ငံအနုပညာယဉ်ကျေးမှု ဖလှယ်နိုင်စေရန်၊ နှစ်နိုင်ငံအနုပညာရှင် အဖွဲ့အစည်းတစ်ရပ်ပေါ်ထွက်လာစေရန်နှင့် ပရဟိတလုပ်ငန်းများ စိတ်ပါဝင်စားစေရန် ရည်ရွယ်ချက်များဖြင့် အဆိုပါပဒေသာကပွဲအား စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ဒီရေသူမလေးမီရာ ဇာတ်လမ်းလေးက မိသားစုမေတ္တာကို အခြေခံတဲ့ ချစ်ခြင်းမေတ္တာဇာတ်အိမ်လေးတစ်ခုဖြစ်ပါတယ်။ လူကြီး၊ လူငယ်မရွေး ကြည့်ရှုသင့်တဲ့ ပဒေသာကပွဲတခုဖြစ်ပါတယ်။ ကြိမ်စာတစ်ခုကြောင့် လူစင်စစ်ကနေ ရေသူမအဖြစ်ပြောင်းလွဲသွားပြီး ပင်လယ်ထဲကို မပို့ချင်ဘဲ ပို့လိုက်ရတဲ့ မိဘရဲ့ချစ်ခြင်းမေတ္တာ မိသားစုပြန်လည်ဆုံစည်းခွင့်ရဖို့ တစ်ရက်မျှအသက်ရှည်မှုနဲ့ လဲလှယ်ခဲ့ရတဲ့ သားသမီးရဲ့ချစ်ခြင်းမေတ္တာ ပြန်လည်ဆုံတွေ့ပြီး မိသားစုချစ်ခြင်းမေတ္တာတွေကို ဖော်ကျူးထားတဲ့ အဆို၊ အက သရုပ်ဆောင်ပေါင်းစပ်ထားတဲ့ တင်ဆက်မှုတစ်ခုဖြစ်ပါတယ်"ဟု Mira ရေသူမလေးမီရာ ပဒေသာကပွဲတွင် Mira အဖြစ် သရုပ်ဆောင်မည့် ဆုရည်ကိုကိုက ပြောသည်။

ပဒေသာကပွဲလက်မှတ် ရောင်းရငွေများအား ရန်ကုန်မြို့ရှိ မျိုးမြန်မာလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းရန်ပုံငွေအဖြစ် လှူဒါန်းသွားမည်ဖြစ်ပြီး လက်မှတ်များအား နိုင်ငံခြားသားများအား VIP ၃၅၀၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်၊ ၂၅၀၀၀ ကျပ်၊ ၂၀၀၀၀ ကျပ်နှင့် မြန်မာနိုင်ငံသားများအတွက် VIP ၃၅၀၀၀ ကျပ်၊ ၁၅၀၀၀ ကျပ်၊ ၈၀၀၀ ကျပ်၊ ၅၀၀၀ ကျပ် သတ်မှတ်ထားပြီး မန္တလေးမြို့ ၆၆ လမ်းနှင့် ၂၇လမ်းထောင့်ရှိ ဒေါ်မမနိုင်ရုပ်သေးသင်တန်း၌ ဝယ်ယူနိုင်ကြောင်း သိရသည်။ **(၀၀၂)**

## မှူခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးဟောပြော

**ကလေး အောက်တိုဘာ ၂၅**
ကလေးမြို့နယ် နတ်ကြီးကုန်းကျေးရွာအုပ်စု ကျောက္ကာကျေးရွာ၌ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ နှင့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း MANA တို့ပူးပေါင်း၍ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးငွေသိန်းက မှုခင်းလျော့နည်း ကျဆင်းရေးနှင့် လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ရောင်းဝယ်မှုများနှင့် ပတ်သက်၍ ဥပဒေပါပြဋ္ဌာန်းချက်များ၊ လက်ဝယ်ထားရှိမှုအပေါ် တားမြစ်ထားသည့် ဥပဒေများအား အသေးစိတ်ရှင်းလင်း အသိပညာပေးဟောပြောခဲ့ပြီး ခရိုင် MANA အသင်းဥက္ကဋ္ဌ ဦးမောင်ဝင်းက မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် အသင်းလုပ်ငန်းစဉ်များအား ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ကျေးရွာမူးယစ်တားဆီးနှိမ်နင်းရေးအဖွဲ့ ဖွဲ့စည်းပေးခြင်းနှင့် ဆိုင်းဘုတ်တင်ပွဲကို ပြုလုပ်ကာ ဟောပြောပွဲတွင် ခရိုင်နှင့် မြို့နယ် MANA အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေဒေသခံပြည်သူများ စုစုပေါင်း ၃၀၀ ဦးကျော်တို့ တက်ရောက်ခဲ့သည်။ **ဂျိုးနက်**

# မြို့သစ်မြို့မှ စပါးစိုက်တောင်သူများအထွက်နှုန်းနှင့် ဈေးကွက်အတွက် စိုးရိမ်နေ

**မြို့သစ် အောက်တိုဘာ ၂၅**
မြို့သစ်မြို့နယ်တွင် မိုးသီးနှံစိုက်ခင်းများ အပင်ဖြစ်ထွန်းမှုကောင်းမွန်သော်လည်း ပန်းဝတ်မှုံကူးချိန်၌ မိုးရွာသွန်းမှုကြောင့် သီးနှံဖျက်ပိုးကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် အခက်အခဲဖြစ်ပေါ်ခဲ့ရပြီး အထွက်နှုန်းထိခိုက်မှုများ ကြုံတွေ့နေရမှုနှင့်အတူ လက်ရှိသီးနှံဈေးကွက်အရ အကျိုးအမြတ်နည်းပါးမည်ကို တောင်သူများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးရေ အလုံအလောက်ရတဲ့အတွက် စပါးစိုက်ခင်းတွေ အပင်ဖြစ်ထွန်းမှု တော်တော်ကောင်းပါတယ်။ မိုးကလည်း အဆက်မပြတ်ဆိုသလောက် ရွာတယ်ဆိုတော့ စပါးသီးနှံဖျက်ပိုးနဲ့ အပင်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကို စိုက်ပျိုးချိန်ရာသီအလိုက်ဆောင်ရွက်တဲ့နေရာမှာတော့ အားနည်းခဲ့ရပါတယ်။ အပင်ဖြစ်ပေမယ့် ရောဂါပိုးဒဏ်ကြောင့် အထွက်နှုန်းထိခိုက်မှုတွေရှိနေပါတယ်။ ဈေးကွက်အရ အကျိုးအမြတ်ပိုင်းမှာ ထပ်ပြီးထိခိုက်မှာကိုလည်း စိုးရိမ်နေရတယ်" ဟု ကံကြီးကျေးရွာ စပါးစိုက်တောင်သူဦးတင်ထွန်းအောင်က တောင်သူများ၏ အခက်အခဲကို ပြောပြသည်။

မကွေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေးဌာနခွဲ၏ စိုက်ပျိုးပညာပေးအစီအစဉ်ဖြင့် စပါးစိုက်ခင်းများ ဖျက်ပိုး၊ ရောဂါဒဏ် ကနဦးကာကွယ်နိုင်ရေးအတွက် စိုက်စခန်းနယ်မြေအလိုက်ကွင်းဆင်း၍ ပိုးသတ်ဆေးများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပြီး လုပ်ငန်းအကူအညီများလိုအပ်ပါက ကျေးရွာအုပ်ချုပ်ရေးမှူးများမှ တစ်ဆင့်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ဆက်သွယ်နိုင်ရန် အသိပေးဆောင်ရွက်ထားကြောင်း စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"စက်တင်ဘာလနဲ့ အောက်တိုဘာလတွေအတွင်းမှာ မိုးအဆက်မပြတ်ရွာသွန်းမှုတွေရှိခဲ့တာကြောင့် စပါးစိုက်ခင်းတွေမှာ သီးနှံဖျက်ပိုး ကာကွယ်ရေးလုပ်ငန်းတွေ ကြန့်ကြာနှောင့်နှေးခဲ့ရတယ်။ အနှံထွက်ပြူစ စပါးခင်းတွေမှာ စပါးနှံစုပ်ပိုးနဲ့ ရွက်စားပိုးတွေကျရောက်နေတာကို တွေ့ရတဲ့အတွက် သီးနှံကာကွယ်ရေးလုပ်ငန်းတွေကို စိုက်စခန်းနယ်မြေအလိုက် ကွင်းဆင်းဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ လိုအပ်တဲ့အကူအညီပေးနိုင်ဖို့လည်း ဆက်သွယ်ရမယ့် တာဝန်ရှိသူတွေရဲ့ ဖုန်းနံပါတ်တွေ ပေးထားပါတယ်" ဟု မြို့သစ်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ဆိုသည်။

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ဧရိယာ စုစုပေါင်း ၆၉၃၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အပင်ဖြစ်ထွန်းမှုအားကောင်းသကဲ့သို့ အထွက်နှုန်းကောင်းမွန်ရန်နှင့် သီးနှံဈေးကောင်းမွန်ရန်အတွက် မျှော်လင့်နေရကြောင်း စပါးစိုက်တောင်သူများထံမှ သိရသည်။ **ဇေယျာတု(မကွေး)**



## လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဟိုမိန်းမြို့ MPT တာဝါတိုင်၌ အင်တာနာတပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်

ရှမ်းပြည်(တောင်ပိုင်း) ဟိုမိန်းမြို့နယ်အတွင်း ဒေသခံပြည်သူများ MPT ဖုန်းလိုင်းများသုံးစွဲနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT မှ ကြေးနန်းရုံးဝင်းအတွင်း တည်ဆောက်ထားသည့် ဖုန်းတာဝါတိုင်တွင် TE-Installation အင်တာနာဘူးများ တပ်ဆင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၃ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်တာနာတပ်ဆင်ခြင်းလုပ်ငန်းကို E-Trade ကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးသန့် ဦးဆောင်သည့် အဖွဲ့ဝင်(၅) ဦးမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး ဟိုမိန်းမြို့သည် ထိုင်း-မြန်မာနယ်စပ်မြို့ဖြစ်ပြီး သံလွင်မြစ်အရှေ့ဘက်ခြမ်း အမြင့်ပေ ၄၀၀၄ တွင် တည်ရှိပြီး မြေပြင်အနေအထားအရ မြင့်မားသောတောင်တန်းကြီးများ ဝန်းရံထားခြင်း၊ တောင်းဆင်း တောင်တက်ကြီးမားပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် မြို့တစ်မြို့ဖြစ်သည်။

ဟိုမိန်းမြို့တွင် မည်သည့် မိုဘိုင်းဖုန်းလိုင်းမှ မရရှိခြင်းကြောင့် တစ်မြို့လုံးတွင် ပုဂ္ဂလိကပိုင် Skynet/IP-Star ဂြိုလ်တု ဆက်သွယ်ရေးဖုန်းငါးလုံးဖြင့်သာ တစ်မိနစ်လျှင် ကျပ် ၁၆၀ဖြင့် ဖုန်းဆက်သွယ်ပြောဆိုနေရကြောင်း၊ ယခု MPT ဖုန်းလိုင်းများသုံးစွဲနိုင်ရန် ကျန်ရှိနေသည့် စက်ပစ္စည်းများ လာရောက်တပ်ဆင်ပြီးပါက ဟိုမိန်းမြို့တွင် မြန်မာပြည်အရပ်ရပ်မှ လာရောက်တာဝန်ထမ်းဆောင်နေသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ ဖုန်းဆက်သွယ်ရေးအတွက် များစွာအဆင်ပြေမည်ဖြစ်သည်။

**ရဲနောင်(ဟိုမိန်း)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများအား စဉ်ဆက်မပြတ်ဆွေးနွေးပို့ချပေးလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနစက်မှုတိုင်း(၁)၊ စက်မှုလုပ်ခွင်သင်တန်းကျောင်း(ရန်ကုန်)က ကြီးမှူး၍ နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းစေရေးအတွက် အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းများအားစဉ်ဆက်မပြတ် ဆွေးနွေးပို့ချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများအား ဆွေးနွေးပို့ချပေးရခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနည်းပညာအရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် အနာဂတ်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများကိုအကျိုးပြုစေမည့် ကျွမ်းကျင်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွက်လာစေရန်အတွက်ဌာန တာဝန်ရှိသူများက ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများအား ဆွေးနွေးပို့ချပေးလျက်ရှိရာတွင် လုပ်ငန်းခွင်သုံးစက်ယန္တရားကြီးများ Construction Equipment ဖြစ်သည့် မြေထိုးစက်၊ မြေတူးစက်၊ မြေသယ်ယာဉ်၊ ဥမင်လိုဏ်ခေါင်းတူးစက်၊ သောင်တူးစက်နှင့် ကွန်ကရစ်ဖျော်စက်စသည်တို့၏ အစဉ်ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ဖွဲ့စည်းတည်ဆောက်မှု နည်းစနစ်များ၊ တိကျလွယ်ကူလျင်မြန်ပြီး လျှပ်စစ်နှင့် ဟိုက်ဒရောလစ်စနစ်သုံး ထိန်းချုပ်စနစ်များ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအား ဆွေးနွေးပို့ချပေးလျက်ရှိပြီး လုပ်ငန်းမြန်ဆန်ပြီးမြောက်နိုင်စွမ်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ စက်တင်သွင်းရောင်းချပေးနေကြသည့် မြန်ရွှေပြည် MSP Tractor ကုမ္ပဏီ၊ မြန်မာကိုင်ဒိုကုမ္ပဏီ၊ UMW ကုမ္ပဏီ၊ UMG ကုမ္ပဏီ၊Aung Emarald ကုမ္ပဏီ၊ ထွန်းနေဝင်းသစ္စာကုမ္ပဏီ၊ Koken တို့မှ အင်ဂျင်နီယာများနှင့် ဌာနတွင်းအတွေ့အကြုံရှိ အင်ဂျင်နီယာများက နည်းပညာလက်ဆင့်ကမ်းမျှဝေခြင်းနှင့် လက်တွေ့သရုပ်ပြရှင်းလင်းဆွေးနွေး ပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချစီမံ ခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)မှ ညွှန်ကြားရေးမှူး ဦးဝင်းထွဋ်က "ဒီ အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းများမှာ တည်ဆောက်ရေးနှင့် ထိန်းသိမ်းရေး လုပ်ငန်းခွင်သုံးစက်ယန္တရားများ ပြုပြင်ထိန်းသိမ်းမောင်းနှင်သုံးစွဲခြင်းများ၊ စီမံခန့်ခွဲနိုင်ရန် ကျွမ်းကျင်မှုစွမ်းအားနှင့် လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးများ ပိုမိုပြည့်ဝစေရေးအတွက်ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်မြှင့် သင်တန်းများကိုဆွေးနွေးပို့ချပေးနေခြင်းဖြစ်ပါတယ်။ ပြီးတော့ အင်ဂျင်နီယာစွမ်းဆောင်ရည်မြှင့် သင်တန်းသားများအတွက် လေ့လာသင်ယူမှုများ၊ နည်းပညာလက်ဆင့်ကမ်းမျှဝေမှုများကို စီမံချက်များရေးဆွဲချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စာတွေ့၊ လက်တွေ့ပါဆွေးနွေးပို့ချပေးလျက်ရှိပါတယ်" ဟု ပြောသည်။

စက်မှုတိုင်း(၁)၊ စက်မှုလုပ်ခွင်သင်တန်းကျောင်း (ရန်ကုန်) မှ ပုံမှန်သင်တန်းများအဖြစ်လုပ်ငန်းခွင်သုံးစက်ယန္တရားကြီးများ ရေရှည်ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းသုံးစွဲနိုင်ရေး၊ လုပ်ငန်းမြန်ဆန်ထိရောက်မှုရှိစေရေးနှင့် စက်စွမ်းအားပြည့် သတ်မှတ်စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ထိရောက်အကျိုးရှိပြီးကျွမ်းကျင်ထက်မြက်သော စက်ပြင်များ( Effective and Skilled Mechanics)၊ စနစ်တကျကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်သော စက်မောင်းများ (Correct Technique and Procedures Machine Operators) ကို လေ့ကျင့်ပျိုးထောင်နိုင်ရန်အတွက် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ၁၉၇၄-၁၉၇၅ ခု ဘဏ္ဍာရေးနှစ်မှစ၍ ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ယင်းအပြင် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်ထိဆွေးနွေးပို့ချပေးခဲ့သော အင်ဂျင်နီယာစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖြစ်သည့် Skills Development သင်တန်း၌ စက်မှုတိုင်း(၁) အလုပ်ရုံရုံးများ၊ တည်ဆောက်ရေး (၁) စက်မှုလုပ်ငန်းရုံးနှင့် တည်ဆောက်ရေး(၉)စက်မှုလုပ်ငန်းရုံးတို့မှ အင်ဂျင်နီယာအရာထမ်း ၂၀ ဦးနှင့် အမှုထမ်း ၆၀ ဦးတို့မှ တက်ရောက်ခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်းသိရပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၁)၊ စက်မှုလုပ်ခွင်သင်တန်းကျောင်း(ရန်ကုန်)မှ ယနေ့အချိန်အထိ စက်ပြင်၊ စက်မောင်းနှင့် မွမ်းမံသင်တန်းပေါင်း (၂၁၇) ခုကို ဖွင့်လှစ်နိုင်ခဲ့ကာသင်တန်းသား ၁၀၈၄၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း စက်မှုလုပ်ခွင်သင်တန်းကျောင်း(ရန်ကုန်) မှ သိရသည်။

**(စိုးဝင်း–MLA)**

## ဆိပ်ဖြူမြို့၌ လွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှု

**ဆိပ်ဖြူ အောက်တိုဘာ ၂၅**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများမှ အောက်တိုဘာ ၂၃ ရက်က သွားရောက်စစ်ဆေးခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် ဌာနဆိုင်ရာအဖွဲ့သည် ကဇ္ဇဲကျေးရွာ ရေပုတ်ကျေးရွာအုပ်စုအနောက်ကံတွင်း၊ လိပ်ခြံ၊ ထန်းချောင်း၊ ထိန်ကန်နှင့် မြေကြမ်းတောအစရှိ ကျေးရွာများတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအား သွားရောက်ကြည့်ရှုခဲ့သည်။

ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ ခွင့်ပြုရန်ပုံငွေဖြင့် ဒေသခံပြည်သူများအတွက် စနစ်တကျအလေအလွင့်မရှိစေဘဲ အကျိုးရှိရှိပြုလုပ်ဆောင်ရွက်သွားရန်၊ မိမိဒေသ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့်အတွက် ပူးပေါင်းကြပ်မတ်ဆောင်ရွက်စေရေးတို့ကို မှာကြားခဲ့ပြီး၊ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအောင်ဇော်လင်းက ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်၍ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရန်၊ စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်သော ဒေသဖြစ်သည့်အတွက် တိရစ္ဆာန်များအတွက် အစားအစာများကို စနစ်တကျသိုလှောင်ထားရှိရန် မှာကြားခဲ့ကြောင်းသိရသည်။
**စိုးလင်းနိုင်** (IPRD)

# စဥ့်ကူးမြို့နယ် ဧရာဝတီမြစ်ဘေးရှိကျေးရွာများ ရေလမ်းခရီးကို အားထားအသုံးပြုလာသဖြင့် မော်တော်တည်ထောင်သူများလာ



**စဥ့်ကူး အောက်တိုဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ဧရာဝတီမြစ်ဘေးရှိ ကျေးရွာများမှာ ရေလမ်းကို အားထားသွားလာလျက်ရှိသည်။ အများအားဖြင့် စဥ့်ကူးတွင် မော်တော်များ ဂိတ်ထိုးကြသည်။ စဥ့်ကူး ဓူဝံမော်တော်ဂိတ်တွင် မော်တော် ၂၄ စီး ဂိတ်ထိုးကြသည်။ စဥ့်ကူးမော်တော်ဆိပ်ကို အခြေပြုကာ စဥ့်ကူးချောင်းဂွ၊ စဥ့်ကူးဆည်သည်နှင့် အခြားရွာများသို့ ပြေးဆွဲပေးကြသည်။

မော်တော်စီးခအနေဖြင့် လူတစ်ဦးလျှင်ငွေကျပ် ၅၀၀ ပေးရသည်။ ကုန်စည်များကိုမူ ကုန်ပစ္စည်းအလိုက် အသေးအကြီးပေါ်ကြည့်ကာ ယူဆောင်ကြသည်။ တစ်နေ့လျှင် မော်တော်တစ်ခေါက်မှ နှစ်ခေါက်ထွက်ကြရသည်။ တောင်သူအလုပ်ပါးချိန်တွင် မော်တော်စီးမှုများပြားသည်။ တောင်သူချိန်တွင် သွားလာမှုနည်းပါးသည်။ စိုက်ပျိုးချိန်များတွင်မူ မော်တော်များဖြင့် မန္တလေးမြို့သို့ မြေပဲမျိုးနှင့် အခြားကုန်စည်များကို သွားရောက်ဝယ်ယူကြသည်။

စဥ့်ကူးနှင့်အနီးအနားကျေးရွာများ မော်တော်ပြေးဆွဲမှုတွင် ဆီဖိုးနုတ်ပြီး ငွေကျပ် ၅၀၀၀ မှ ၁၅၀၀၀ အထိ ရရှိသည်။ စဥ့်ကူးနှင့်ချောင်းဂွ မောင်းနှင်ပါက ဆီတစ်ဂါလန်ခန့်ကုန်ကြသည်။ လက်ရှိကာလတွင် မော်တော်ဈေးများကျဆင်းပြီး မော်တော်တစ်စီးထောင်ပါက ငွေကျပ် ၁၀၀၀၀၀၀ ကျော်သာကုန်ကျသည်။ ကိုယ်ပိုင်မော်တော်၊ ကိုယ်ပိုင်စက်လှေများ တည်ထောင်သူများလည်းများလာသည်။ စဥ့်ကူးမှ ချောင်းဂွအထိ အစုန်တွင် ၁၅ မိနစ်ခန့်သာမောင်းနှင်ရပြီး အဆန်တွင် မိနစ်သုံးဆယ်ကျော် မောင်းကြရသည်။ စဥ့်ကူးတွင် ဓူဝံမော်တော်ဆိပ်အပြင် လှတောသူဆိပ်ပါရှိသည်။ ဓူဝံဆိပ်မှ မန္တလေးမြို့သို့ပြေးဆွဲခြင်း၊ ကျောက်မြောင်းအထိပြေးဆွဲခြင်းများရှိသည်။ ကျေးရွာအသီးသီးမှလည်း မော်တော်များ ရက်ခြားပြေးဆွဲသည်များလည်းရှိသည်။ လက်ရှိကာလတွင် စဥ့်ကူးမြို့နယ် အတွင်းဧရာဝတီမြစ်ဘေးမှ ကျေးရွာများမှာ ရေလမ်းကို အားထားအသုံးပြုပြီး မော်တော်စက်လှေတည်ထောင်သူများပြားလာကြောင်း သိရသည်။

**တိမ်တမန်**

# ဥပဒေ၏ထီးရိပ်အောက်တွင် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ ခံစားနိုင်ရေး ဆွေးနွေး

**မြောင်းမြ အောက်တိုဘာ ၂၅**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီက မြောင်းမြခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ ခရိုင်စားသုံးသူရေးရာအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးတိုးလွင်က စားသုံးသူအကာအကွယ်ပေးရေး လုပ်ဆောင်ရသည့်ရည်ရွယ်ချက်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများ၊ အခြေခံစားသုံးသူအခွင့်အရေး ၈ ချက်နှင့် စားသုံးသူ၏တာဝန်များ၊ လုပ်ငန်းရှင်၏အခွင့်အရေးနှင့် လုပ်ငန်းရှင်၏တာဝန်များ စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များက တစ်ဦးချင်း ဆွေးနွေးခဲ့ကြသည်။

မြောင်းမြခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကို ခရိုင်အုပ်ချုပ်ရေးမှူးကဥက္ကဋ္ဌအဖြစ်ပါဝင်၍ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ခရိုင်ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ တရားရေးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေး/ကု ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းတပ်ဖွဲ့၊ စီးပွားရေးလုပ်ငန်းရှင်ကိုယ်စားလှယ်အဖွဲ့၊ စားသောက်ဆိုင်ပိုင်ရှင်ကိုယ်စားလှယ်အဖွဲ့၊ ဆေးဆိုင်ပိုင်ရှင်ကိုယ်စားလှယ်များ၊ တည်းခိုခန်းနှင့် အခြားအသင်းအဖွဲ့ကိုယ်စားလှယ်များပါဝင်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ၏ ထီးရိပ်အောက်တွင် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ အပြည့်အဝခံစားနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာ ပညာပါရမီစာကြည့်တိုက်တွင် ပုံပြောပြိုင်ပွဲကျင်းပ




**ကန်ကြီးထောင့် အောက်တိုဘာ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒါးကကျေးရွာ ပညာပါရမီစာကြည့်တိုက်ကြီးကြပ်ကော်မတီ၊ ဒါးကကျေးရွာအုပ်စုရှိ အခြေခံပညာကျောင်းများနှင့်ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူလေးများ စာဖတ်ခြင်းအလေ့အထကောင်းများရရှိစေရေးနှင့် စာဖတ်စွမ်းရည် မြင့်မားစေရေး၊ ကိုယ်ရည်ကိုယ်သွေး မြင့်မားစေရေးတို့အတွက် ရည်ရွယ်၍ ပထမဆုံးအကြိမ် ကျင်းပသော ပုံပြောပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၉ နာရီက ဒါးကကျေးရွာ ပညာပါရမီစာကြည့်တိုက်၌ ကျင်းပကြောင်း သိရသည်။

ပုံပြောပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမှတ်(၂)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စခင်ဇော်လင်းက အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်ကော်မတီဝင် ဦးဝင်းမောင်က ပုံပြောပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုံပြောပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ဒါးကကျေးရွာအုပ်စုရှိ အခြေခံပညာကျောင်းများမှ မူလတန်းအထက်ဆင့်ကျောင်းသူ ငါးဦး၊ အလယ်တန်းအထက်ဆင့် ကျောင်းသူလေးဦးနှင့် အလယ်တန်းအောက်ဆင့်ကျောင်းသူလေးဦး စုစုပေါင်းကျောင်းသူ ၁၃ ဦးဝင်ရောက်ယှဥ်ပြိုင်ခဲ့ကြပြီး ဆုရရှိကြသော ကျောင်းသူလေးများအား ကန်ကြီးထောင့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာဦးနှင့် တာဝန်ရှိသူအသီးသီးတို့က အမှတ်တရဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါပုံပြောပြိုင်ပွဲသို့ ဒါးကကျေးရွာမှ ဒေသခံပြည်သူများ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကလေးငယ်များ စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြောင်း သိရသည်။

**နန်းထိုက်(ပြန်/ဆက်)**

# လယ်မြေများ ရေနစ်မြုပ်ခံရသော်လည်း စပါးအထွက်မလျော့

**နတ်တလင်း အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်အနောက်ခြမ်း ရေမွှေးကျေးရွာအုပ်စုရှိ စပါးစိုက်ပြီးလယ်မြေများမှာ ပြီးခဲ့သည့် ဩဂုတ်လ ဒုတိယပတ်က ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် စပါးစိုက်ပြီးလယ်များ ရေနစ်မြုပ်မှုဖြစ်ပေါ်သွားသော်လည်း စပါးအထွက်မလျော့ကြောင်း သိရသည်။

ရေမွှေးရွာမှ တောင်သူဦးစိန်တင်အုန်းက "ယခုရိတ်သိမ်းခြွေလှေ့ပြီးချိန်မှာ တစ်ဧကကို စပါးတင်း ၇၀ ထွက်တယ်။ စပါးမျိုးကတော့ ရတနာတိုးမျိုးဖြစ်တယ်။ မြို့နယ်စိုက်ပျိုးရေးဌာနက ထုတ်ပေးပြီး တစ်ဧကကို တစ်အိတ်ကြဲပါတယ်။ ပျိုးထောင်ကောက်စိုက်စနစ်နဲ့ စိုက်ပျိုးခြင်းမဟုတ်ဘဲ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးတာဖြစ်တယ်။ ဩဂုတ်လထဲမှာ မြစ်ရေနဲ့မိုးရေပေါင်းပြီး ဝင်ရောက်လာတော့ စိုက်ပျိုးပြီးလယ်တွေ ရေနစ်သွားတယ်။ ၁၅ ရက် ၁၆ ရက်နီးပါးကြာတယ်။ ရေက စပါးပင်အထက် ၁ ပေခွဲမှ ၂ ပေခွဲခန့် နစ်မြုပ်သွားတယ်။ အပင်ပျက်စီးမသွားဘဲ စပါးထွက်လည်း သိပ်မလျော့ဘူး။ စပါးဈေးမကောင်းပေမယ့် အထွက်နှုန်းကျဆင်းမသွားတဲ့အတွက် တောင်သူများအဖို့ သက်သာသွားပါတယ်" ဟု ပြောသည်။

**(ဝ၇၁)**



# နည်းပညာပြန့်ပွားရေး သင်တန်းဆင်း

**စစ်တွေ အောက်တိုဘာ ၂၅**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်တွေခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးမှူး၍ ဖွင့်လှစ်သော ကွန်ပျူတာ၊ အင်တာနက် နည်းပညာပြန့်ပွားရေးအခြေခံသင်တန်းဆင်းပွဲကို အောက်တိုဘာ ၂၀ ရက် ညနေ ၃ နာရီက ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းအား အောက်တိုဘာ ၁၀ ရက်မှ ၂၀ ရက်ထိ ကျေးလက်ဒေသမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ရခိုင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဝေ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ရပ်ကွက်အုပ်ချုပ်ရေးမှူးများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်

**အလုံ အောက်တိုဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဥ် (၂/ ၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် သင်တန်းအား သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ပြီး သင်တန်းမှပို့ချသော ဘာသာရပ်များအား ရပ်ကွက်အတွင်းအသုံးချရန်ဖြစ်ကြောင်း၊ ရပ်ကွက်စာရေးများအနေဖြင့်လည်း သင်တန်းအားပြီးဆုံးသည်အထိ တက်ရောက်သင်ကြားပြီး ရပ်ကွက်အတွင်း အုပ်ချုပ်မှုလုပ်ငန်းရပ်များအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။ သင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်ကြောင်း သိရသည်။

အခမ်းအနားသို့ အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်စင်နှင့် ဒုတိယမြို့နယ်ဦးစီးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်စာရေးများ တက်ရောက်ကြသည်။

**ကိုတင်မောင်ဦး(အလုံ)**

## စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်း ဖွင့်လှစ်



**ဒီးမော့ဆို အောက်တိုဘာ ၂၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်း (၇/၂၀၁၆) ဖွင့်ပွဲကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့ မြို့မအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဘောရယ်စိုးဝေက အမှာစကားပြောကြားခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်းက ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၇ ရက်ထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့က ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# MPT ဖုန်းဆင်းကတ်များ မှတ်ပုံတင်ပြုလုပ်ပေး

**ပလောက် အောက်တိုဘာ ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့တွင် MPT ဖုန်းဆင်းကတ်များကို တရားဝင်သုံးစွဲနိုင်ရန် မှတ်ပုံတင်ခြင်းလုပ်ငန်းကို ဩဂုတ် ၂၅ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပလောက်မြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးတွင် MPT ဆင်းကတ်များ မှတ်ပုံတင်ပေးခြင်းလုပ်ငန်းကို နေ့စဉ်ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိပြီး ဆင်းကတ်များမှတ်ပုံတင်ရာတွင် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် ယာဉ်မောင်းလိုင်စင်၊ ကျောင်းသားကတ်၊ ဝန်ထမ်းကတ်စသည့် ခိုင်လုံသောစိစစ်ရေးကတ်မိတ္တူပါရှိပြီး မှတ်ပုံတင်လိုသည့် ဆင်းကတ်ပါရှိရမည်ဖြစ်ကာ အဆိုပါအချက်အလက်များ ပြည့်စုံပါက အကန့်အသတ်မရှိ မှတ်ပုံတင်နိုင်ကြောင်း ဆက်သွယ်ရေးတာဝန်ခံထံမှ သိရသည်။

ယခင် ငါးသိန်း၊ နှစ်သိန်းတန် ဆင်းကတ်များသည် မူလအမည်ပေါက်တင်ထားခြင်းမဟုတ်ပါက ထပ်မံမှတ်ပုံတင်ရန်လိုအပ်ပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ် မတ်လပိုင်းတွင် လုပ်ငန်းရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးတာဝန်ခံထံမှ သိရသည်။

**ပလောက်(ပြန်/ဆက်)**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်(EMP)ဆိုင်ရာတွေ့ရှိချက်များ တင်ပြဆွေးနွေး

**ထားဝယ် အောက်တိုဘာ ၂၅**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဘဝပင်ကျေးရွာ၌ ခဲမဖြူ အဖြိုက်နက် သတ္တုတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် (Eastern Mining Co.,Ltd )အရှေ့တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီ၏ အစီအစဉ်ဖြင့် ဘဝပင်သတ္တုတွင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက် Environmental Management Plan , EMP ဆိုင်ရာ တွေ့ရှိချက်များနှင့်ပတ်သက်၍ တင်ပြဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက် နံနက် ၁၀ နာရီက ဇေယျာထက်စံဟိုတယ်၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး Eastern Mining Co., Ltd မှ မန်နေဂျာ ဦးဝင်းမောင်က စီမံကိန်းလုပ်ငန်းအကြောင်းအရာနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာအကြောင်းအရာများအား Eastern Mining Co., Ltd မှ ပညာရှင် ဒေါက်တာကျော်စွာတင့်က ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ဌာနဆိုင်ရာများ၊ Eastern Mining Co. Ltd မှ မန်နေဂျာနှင့် တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ခဲ့သည်။ **ထားဝယ်ခရိုင်(ပြန်/ဆက်)**

## ဇီကာဗိုင်းရပ်(စ်) အကြောင်း သိကောင်းစရာအချက်အလက်များ အသိပညာပေးရှင်းလင်း

**ကနီ အောက်တိုဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ (ZIKA Virus ) ဇီကာဗိုင်းရပ်(စ်) အကြောင်းသိကောင်းစရာအချက်အလက်များအား အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် အသိပညာပေးချပြရှင်းလင်းပွဲ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာနွယ်က အနေးနှင့်အမြန်မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်သည့် ဇီကာဗိုင်းရပ်(စ်)ပိုးနှင့်ပတ်သက်၍ ဖြစ်ပွားသည့်လက္ခဏာများ၊ ကာကွယ်ခြင်းနှင့် အသေးစိတ်သိရှိနိုင်ရေးတို့အတွက် ရှင်းလင်းပြသခဲ့သည်။

ယင်းအသိပညာပေးရှင်းလင်းပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိ၊ တပ်သားများနှင့် ရဲမိသားစုဝင်များတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

## မိုးညှင်းမြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများအား သွားကျန်းမာရေးနှင့် နည်းစနစ်မှန် လက်ဆေးနည်းပညာပေးဟောပြော

**မိုးညှင်း အောက်တိုဘာ ၂၅**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ် အ. ထ. ကခွဲကျောင်းတွင် အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျောင်းသား၊ ကျောင်းသူများအား သွားတိုက်နည်းစနစ်တကျမှန်ကန်စေရန် သွားကျန်းမာရေးနှင့် နည်းစနစ်မှန်လက်ဆေးနည်းတို့ကို ပညာပေးဟောပြော၍ သွားတိုက်ဆေးနှင့် ဆပ်ပြာများကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ဆယ်မိုင်ရွာသစ် ကျောင်းသား၊ ကျောင်းသူတွေ ငယ်ရွယ်သူ ကလေးသူငယ်တွေ သွားကျန်းမာရေးနဲ့ပတ်သက်တဲ့ သွားတိုက်ပုံသွားတိုက်နည်း စနစ်မှန်ကန်စေဖို့၊ နောက်ပြီး လက်ဆေးနည်းစနစ်မှန်ကန်စေဖို့၊ လက်ဆေးတဲ့အခါ ပုံမှန်အတိုင်း ရေတစ်မျိုးတည်းမဆေးဘဲ ဆပ်ပြာနှင့်ဆေးမှသာ ရောဂါပိုးမွှားကင်းစင်မှာဖြစ်တဲ့အကြောင်း အခုလို လက်တွေ့တေးသရုပ်ဖော်ပြသပြီး ပညာပေးလုပ်ဆောင်နေပါတယ်" ဟု Unilever Life buoy ကုမ္ပဏီမှ တာဝန်ခံ ဒေါ်လိုင်မိုးအေးက ပြောပြသည်။ ဆယ်မိုင်ရွာသစ်ကျောင်းသား၊ ကျောင်းသူ ၂၀၀ ခန့်ကို ယင်းကုမ္ပဏီမှ ပုံပြပိုစတာဗီနိုင်းများ၊ တေးသရုပ်ဖော်များဖြင့် ပညာပေးဟောပြောလုပ်ဆောင်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၇၀၉ ဦးတို့အား ဆစ်ဂနယ်သွားတိုက်ဆေးနှင့် လိုက်(ဖ်)ဘွိုင်ဆပ်ပြာများကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။



ယင်းနောက် ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ မိုးကောင်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများသို့ ပညာပေးဟောပြော ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး မိုးညှင်းမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၅၀၀ နှင့်အထက်ရှိကျောင်းများသို့ ပညာပေးဟောပြောကာ ဆစ်ဂနယ်သွားတိုက်ဆေးနှင့် ဆပ်ပြာများ အခမဲ့ပေးအပ်လှူဒါန်းသွားကြောင်း သိရသည်။ **နီတိုး**

## ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ ဦးဝိစာရစာကြည့်တိုက် ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

**ချောင်းဦး အောက်တိုဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာ ဦးဝိစာရစာကြည့်တိုက်၏ ဆဋ္ဌမအကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို အောက်တိုဘာ၂၃ ရက် ညနေ ၆ နာရီက ယင်းကျေးရွာ ဦးဝိစာရဘုရားကုန်းတော်ပေါ်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင်တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသစ်လွင်က ဦးဝိစာရစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပခဲ့ရာ ဦးဝိစာရစာကြည့်တိုက် နာယကဆရာတော် ဦးသာသနက ဩဝါဒစကား မြွက်ကြားခဲ့ပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက စာကြည့်တိုက် ရေရှည်ရှင်သန်ရေးနှင့်ပတ်သက်၍ ရှင်းလင်းခဲ့သည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ အလယ်တန်းကျောင်းသား၊ ကျောင်းသူ ၄၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများအား ဆုများအသီးသီးချီးမြှင့်ခဲ့သည်။

"ကလေးတွေ စာဖတ်အားကောင်းလာအောင် စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေ ခံစားနိုင်အောင် အခုလို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပပေးတဲ့အတွက် ကလေးတွေအတွက် အကျိုးရှိသလို ကျွန်တော်တို့လို မိဘတွေအနေနဲ့လည်း ကိုယ့်ကလေးတွေရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတာကြောင့် အားရကျေနပ်မိပါတယ်" ဟု သုံးပန်လှကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **မီမီ(ချောင်းဦး)**

## ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများအကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မန္တလေး အောက်တိုဘာ ၂၅**
၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် နံနက် ၁၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ ရပ်ကွက်(၂၀) မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ လမ်းတံတားတည်ဆောက်ခြင်း၊ စာသင်ကျောင်းများလိုအပ်ချက်များ ဆောင်ရွက်ပေးခြင်းတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

## ပြည်တွင်းရေးရာ

## စာဖတ်ရှိန်မြှင့်တင်ရေး ရသစာပေအနုပညာဆွေးနွေးပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရသစာပေ အနုပညာဆွေးနွေးပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၆၈ လမ်း၊ ၃၂ လမ်းနှင့် ၃၃လမ်း ကြားရှိ Community Center ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါက်တာယုယုမေ တက်ရောက်အားပေးပြီး မုဒိတာစကားပြောကြားခဲ့သည်။

ရသစာပေဆွေးနွေးပွဲတွင် စာရေးဆရာမများဖြစ်သော မဝင့်(မြစ်ငယ်)၊ မကို၊ နှင်းဆီအောင်၊ ချောအိမာန်(မန္တလေး)၊ ခရမ်းပြာနှင့် မိုးနှင်းဝေတို့က အက်ဆေးရသ၊ ဆောင်းပါးရသ၊ ကဗျာရသ၊ အတွေးစာစုရသ၊ ဝတ္ထုတိုရသ၊ မဂ္ဂဇင်းဝတ္ထုရှည်ရသ၊ ဝတ္ထုရှည်ရသများ ရေးသားမှုနှင့် ရသစာပေများ ဖတ်ရှုခြင်းခံစားမှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော စာပေပညာရှင်များ၊ သတင်းမီဒီယာများ၏ ရသစာပေအပေါ် ရေးသားတင်ပြမှုများနှင့်ပတ်သက်၍ မေးမြန်းမှုများကို စာရေးဆရာမများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ရသစာပေဖတ်ရှုခြင်းဖြင့် လူငယ်များ စိတ်နှလုံးဖြူစင်နူးညံ့ကာ ယဉ်ကျေးလိမ္မာစေသော်လည်း အိုင်တီခေတ်တွင် လူငယ်များ ဖေ့ဘွတ်သုံးစွဲမှုများလာသဖြင့် ရသစာပေဖတ်ရှုမှုနည်းပါးလာလျက်ရှိသည်။ ရသစာပေအနုပညာဆွေးနွေးပွဲတွင် ဟောပြောသော စာရေးဆရာမများမှ ထွက်ရှိပြီး စာအုပ်များကို အထူးနှုန်းဖြင့် လက်မှတ်ရေးထိုး ရောင်းချပေးကြောင်းသိရသည်။

**မောင်ပြည့်သူ(မန္တလေး)**

## ရေဦး–ခင်ဦး မူးမြစ်ကူးတံတားပေါ်သွားလာမှု အဆင်ပြေစေရေး အရေးပေါ်ပြုပြင်

**ရေဦး အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏လမ်းညွှန်မှုဖြင့် အောက်တိုဘာ ၂၄ ရက်က မြန်မာ့မီးရထားနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ ရေဦး-ခင်ဦး မူးမြစ်ကူးတံတားပေါ် အတက်အဆင်းလမ်းသွားလာမှု ချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်မဖြစ်ပေါ်စေရန်အတွက် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ တံတားပေါ်ရှိ ချိုင့်ခွက်များနှင့် လမ်းအပေါက်များအား ဖြည့်စွက်ပြုပြင်ခြင်းများကို အရေးပေါ်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းပြုပြင်နေစဉ်အတွင်း တံတားပေါ်တွင် ပုံမှန်သွားလာနိုင်စေရန်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွေး၊ ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးသိန်းထွန်းဦး၊ စည်ပင်သာယာရေးကော်မတီအဖွဲ့ အတတ်ပညာရှင် ဦးညီဝင်းအောင်၊ မီးရထားဝန်ထမ်းများ၊ လူမှုရေးအသင်းမှ ဦးသိန်းထိုက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းတို့က ယာဉ်အန္တရာယ်ကင်းရှင်းရေး နေ့စဉ်ဝိုင်းဝန်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

## ရွှေဘို၌ အလုပ်အကိုင်နည်းပါးနေ၍ ကချင်ပြည်နယ်သို့ စပါးရိတ်ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေရ



**ရွှေဘို အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ မိုးစပါးဧက ၄၀၀၀၀၀ ကျော် ၅၀၀၀၀၀ နီးပါး စိုက်ပျိုးထားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးနေ၍ ကချင်ပြည်နယ်သို့ ရွှေ့ပြောင်းလုပ်သား(စပါးရိတ်)အဖြစ် သွားရောက် လုပ်ကိုင်နေကြကြောင်း ဒေသခံများထံမှသိရသည်။

အဆိုပါရွှေဘိုဒေသသည် သဖန်းဆိပ်ဆည်ရေဖြင့် တစ်မိုး နှစ်သီးအဖြစ် နွေစပါးနှင့် မိုးစပါးများစိုက်ပျိုးခဲ့ရာ စက်တင်ဘာလ ပထမပတ်တွင် မိုးစပါးစိုက်ပျိုးမှု လယ်မြေဧကပေါင်း ၄၈၉၅၉၄ ဧက အားလုံး ပြီးစီးကြသည်။ ယင်းမိုးစပါးများသည် ယခုအချိန်တွင် သန္ဓေတည်ခြင်း၊ ပန်းပွင့်ခြင်း၊ ဝတ်မှုန်ကူးခြင်း ကာလရောက်ရှိနေရာရင့်မှည့်၍ ရိတ်သိမ်းချိန်ကာလထိ ရောက်ရှိရန် အချိန်ကာလအားဖြင့် ရက် ၄၀ ကျော်ခန့် လိုအပ်လျက်ရှိသည်။

ယင်းတစ်လကျော် အချိန်ကာလတွင် အခြေခံလူတန်းစားဖြစ်သော လယ်ယာမြေပိုင်ဆိုင်မှုမရှိသူ လက်လုပ်လက်စား(မြောက်သူ)တို့သည် စားဝတ်နေရေး ပြေလည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေကြသည်။

ထိုအချိန်တွင် ကချင်ပြည်နယ်တွင် မိုးရာသီ၌ မိုးစပါးတစ်သီးကိုသာ စိုက်ပျိုးထုတ်လုပ်ခဲ့သည့်အတွက် စပါးရိတ်သိမ်းချိန်ဖြစ်သော်လည်း လယ်ယာလုပ်သားရှားပါးနေမှုကြောင့်လည်းကောင်း၊ ရွှေဘိုဒေသရှိ ရွှေ့ပြောင်းလုပ်သားများလည်း မိမိဒေသတွင် အလုပ်အကိုင်မရှိ ဝင်ငွေမရှိ စားဝတ်နေရေး အဆင်ပြေစေရေး အတွက်ကြောင့်လည်းကောင်း ကချင်ပြည်နယ်သို့ ရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေကြသည်။ လူတစ်ယောက် တစ်ရက်စပါးရိတ်ခရငွေမှာ ပုတ်ပြတ်စနစ်ဖြစ်မှုကြောင့် စပါးရိတ်ကျွမ်းကျင်မှုအလိုက် ကျပ် ၈၀၀၀ မှ ကျပ် ၁၀၀၀၀ ခန့်ရရှိပြီး လယ်ပိုင်ရှင်မှ ထမင်းသုံးနပ် အခမဲ့ကျွေးကြောင်း သိရသည်။

"ကျွန်မတို့က လယ်ယာမြေပိုင်ဆိုင်မှုမရှိသူ လက်လုပ်လက်စား(မြောက်သူ)ဆိုတော့ တစ်နေ့တစ်ရက်မှာ အလုပ်မရှိလို့ ဝင်ငွေမရှိရင် စားဝတ်နေရေး အခက်အခဲတွေ့ရပါတယ်။ လူတစ်ဦးမှာ တစ်ရက် ဝင်ငွေကျပ် ၃၀၀၀ ကျော်လောက် ဝင်ငွေမရှိရင် မိသားစုမှာ ထမင်းစားလို့ မရပါဘူး။ အခြေခံစားကုန်တွေက ဈေးမတက်တောင်မှ ဈေးမကျဘူး၊ ရွာကဈေးဆိုင်တွေမှာ ဆန်ကြမ်း တစ်ပြည်ကို ကျပ် ၁၃၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်၊ ကြက်သွန်နီ တစ်ပိဿာ ကျပ် ၈၀၀၊ ခရမ်းချဉ်သီး တစ်ပိဿာ ကျပ် ၁၅၀၀ ကျော်နဲ့ လက်လီဝယ်စားနေရတယ်။ အလုပ်ရှိတဲ့ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ထဲက ရွာတစ်ရွာမှာ မိသားစုနဲ့အတူ စပါးရိတ်လုပ်ငန်းအဖြစ် သွားရောက်၍ အလုပ်လုပ်မယ်" ဟု အဆိုပါဒေသရှိ ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာသူတစ်ဦးက ပြောသည်။

ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း စသည့်မြို့နယ်တို့မှ လယ်လုပ်ကွက်ပိုင်ဆိုင်မှုနည်းသူများနှင့် လုံးဝမရှိသူများက ရွှေ့ပြောင်းလုပ်သား(စပါးရိတ်)အဖြစ် သွားရောက်လုပ်ကိုင်နေကြကြောင်း မော်တော်ယာဉ်ဖြင့် ကချင်ပြည်နယ် မိုးညှင်းဒေသသို့ လိုက်ပါပို့ဆောင်ပေးသူ ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ရောင်နီတင်ဝင်း**

## လျှောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဘုရား၊ စေတီ၊ ပုထိုးများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းလှူဒါန်း



**မကွေး အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဘုရား၊ စေတီ၊ ပုထိုးများအား ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန် အလှူငွေကျပ် ၉၅၀၀၀၀ အား မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ အောက်တိုဘာ ၂၃ ရက်က သွားရောက်ကာ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းမှုနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးလွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက "ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဘုရား၊ စေတီ၊ ပုထိုးများအား ပြန်လည်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တစ်ရက်စာနေ့တွက်စရိတ်ကို စုပေါင်းထည့်ဝင်ကာ ရရှိခဲ့တဲ့အလှူငွေ ၉၅၀၀၀၀ ကို လှူဒါန်းခဲ့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြုံတွေ့လာပါက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတတ်စွမ်းနိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ လှူဒါန်းပေးအပ်ရာတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဘုရား၊ စေတီ၊ ပုထိုးများအား ပြန်လည်ပြုပြင် ထိန်းသိမ်းဆောင်ရွက်ထားရှိမှု အခြေအနေအား ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဦးစီးအရာရှိ ဦးစစ်မင်းမျိုးက ရှင်းလင်းပြောကြားပြီး မကွေးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတာ၊ ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက အလှူငွေပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ပြည်ထောင်စုလွှတ်တော်မှချပေးသည့် ရန်ပုံငွေ သိန်း ၁၀၀၀ ဖြင့် သထုံတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၂၆ ခု ဆောင်ရွက်မည်

**သထုံ အောက်တိုဘာ ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ယခုနှစ်အတွက် ပြည်ထောင်စုလွှတ်တော်မှချထားပေးသည့် ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကို အသုံးပြုကာရေရရှိရေး၊ လမ်းတံတားလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ စုစုပေါင်း လုပ်ငန်း ၂၆ ခုကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ အုပ်စုနှင့် ရပ်ကွက် ၃ ခုတို့၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျေးလက်တွေကနေတင်ပြလာတဲ့ လိုအပ်ချက်တွေထဲကမှ အမှန်တကယ် လိုအပ်ပြီးတော့ ဒီနှစ်အတွက် အရေးတကြီး လိုအပ်နေတဲ့ လုပ်ငန်းလဲဖြစ်မယ်ဆိုရင် မြို့နယ်လုပ်ငန်းကော်မတီက စိစစ်အတည်ပြုတယ်။ ပြီးရင် ပြည်နယ်အစိုးရကိုတင်ပြတဲ့အခါ အတည်ပြုချက်ရရင် လုပ်ငန်းတစ်ခုကို ကျပ်သိန်း ၅၀ နဲ့အောက် ရပ်ကွက်ကျေးရွာအလိုက် သက်ဆိုင်ရာတည်ဆောက်ရေးကော်မတီတွေဆီ ရန်ပုံငွေကို ခွဲဝေပေးသွားမှာပါ။ ဒီနေရာမှာ သိန်း ၅၀ ထက်ပိုပြီးကုန်ကျမယ့် လုပ်ငန်းတွေကိုတော့မပါဘူး။ အဲဒါတွေကိုတော့ ကျန်တဲ့ဒေသဖွံ့ဖြိုးရေးလုပ်နေတဲ့ နတလတို့ ကျေးလက်ဦးစီးတို့လိုဌာနတွေနဲ့ ချိတ်ပေးမှာပါ"ဟု သထုံမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ပြောသည်။

လုပ်ငန်းအားလုံးကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အလေအလွင့်မရှိဘဲ အချိန်မီပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများက စိစစ်မှုများပြုလုပ်ပြီး ယခုနှစ်တွင် ကျန်ရှိခဲ့သည့် လုပ်ငန်းများကို လာမည့်နှစ်များတွင် ဦးစားပေး အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရန် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်ထောင်စုလွှတ်တော်မှချပေးသည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ စတင်ရရှိချိန်မှ ယနေ့ချိန်ထိ ၃ နှစ်တာ ကာလအတွင်း သထုံမြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက် ၄၀ ကျော်တွင် လမ်း၊ တံတား၊ မီးလင်းရေး၊ ရေရရှိမှုလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရေရရှိရေးလုပ်ငန်း ၁၅ ခု၊ လမ်းလုပ်ငန်း ငါးခု၊ တံတားလုပ်ငန်းသုံးခု၊ အခြားလုပ်ငန်းသုံးခုအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**



## သာမညကျေးရွာနွေရာသီရေရှားပါးမှုကာကွယ်နိုင်ရေး ဒေသခံများနှင့်တွေ့ဆုံဆွေးနွေး

**ဘားအံ အောက်တိုဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာတွင် နွေရာသီရေရှားပါးမှုကာကွယ်နိုင်ရေးအတွက် အလျားပေ ၄၀၀၊ အမြင့် ၂၅ ပေ ရေဝပ်ဧရိယာငါးဧက ရှိ ကန်ရေပြည့်ရေလှောင်ပမာဏ ဂါလန်သိန်း ၂၀ ရှိ လျှိုပိတ်တမံတည်ဆောက်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက သာမညကျေးရွာ အောင်မင်္ဂလာကျောင်း၌ ဒေသခံလူထုများနှင့်တွေ့ဆုံရှင်းလင်းပြီး လျှိုပိတ်တမံ တည်ဆောက်မည့်နေရာကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒေသခံများက လူနေရပ်ကွက်များနှင့်နီးသဖြင့် ရေကြီးရေလျှံမှုဖြစ်ပွားမည်ကိုစိုးရိမ်ခြင်း၊ လူနေရပ်ကွက်အတွင်းမှ မသန့်ရှင်းသောရေများ စီးဝင်နိုင်ခြင်းနှင့် နေအိမ်နှင့်ကွမ်းခြံ၊ ကွမ်းသီးခြံများ မြေယာလျော်ကြေးမရဘဲ ဆုံးရှုံးမည့်အရေးကို စိုးရိမ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြောဆိုတင်ပြကြကြောင်း သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

ကြေးမုံ



# မတိမ်းပါး မစိမ်းကား အငြိမ်းစား

ဦးဟန်ညွန့်(ဥပဒေ)

"အငြိမ်းစားဥပဒေအရာရှိ သက်ကြီးဆရာများအား ဂါရဝပြုပွဲ" ဖြစ်ပါသည်။ ရန်ကုန်တော်ဝင်နှင်းဆီခန်းမ မှာဖြစ်သည်။

**ထူးခြားစည်ကား**

အာစရိယပူဇော်ပွဲတွေ များလှသည်။ အငြိမ်းစား ဥပဒေအရာရှိ သက်ကြီးဆရာများအား ဂါရဝပြုပွဲကဖြင့် ဒီနှစ် ပို၍ထူးခြားစည်ကားနေသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသကြီးတွေက လူစုံလာကြသည်။ နေပြည်တော်က ဥပဒေအရာရှိ(ငြိမ်း) တွေ အတော်စုံသည်။ အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင့် (ကိုတင့်)က လည်း နှုတ်ဆော်အားကောင်းသည်။ ရန်ကုန်တိုင်း ဒေသကြီးဥပဒေချုပ် ဦးဟန်ထူးကလည်း စီမံချက် ကောင်းသည်။ ဝိုင်းဝန်းလုပ်ပေးကြသော အငြိမ်း စားဥပဒေ အရာရှိတွေက လည်း မြိုင်မြိုင်ဆိုင်ဆိုင်။ တက်တက်ကြွကြွ။ မအားလပ်၍ မလာနိုင်သူတွေ လည်းရှိသည်။

**ဆရာကြီးများ**

(၁) အသက်အကြီးဆုံး(၉၃)နှစ် ဖြစ်သော ဥပဒေ ပါမောက္ခ၊ ရှေ့နေချုပ်(ငြိမ်း) ဆရာကြီးဦးလှအောင် သည် ကျန်းမာရွှင်လန်းဆဲ။ အပြည်ပြည်ဆိုင်ရာ တရား ဥပဒေ (International Law) ပို့ချသင်ကြားခဲ့ သော ဥပဒေပါမောက္ခကြီးအဖြစ် စာရေးသူတို့ တက္ကသိုလ်ဥပဒေ ကျောင်းသားဘဝကပင် လေးစား ကြည်ညိုခဲ့သည်။ ရှေ့နေချုပ်တာဝန် ထမ်းသည့် အခါ နိုင်ငံတကာနှင့် ယှဉ်နိုင်သော ဥပဒေအရာရှိ ဖြစ်ဖို့ ပျိုးထောင်ခဲ့သော ဆရာကြီးဦးလှအောင်။ ကန်တော့ခံစင်မြင့်သို့အတက် လက်တွဲကူမပေး သော တပည့်အား "ငါတက်နိုင်ပါသေးတယ်ကွ" ဟု ဟစ်ကြွေးနေဆဲ ရှေ့နေချုပ်(ငြိမ်း)ဆရာကြီး ဦးလှအောင်။

(၂) ရှေ့နေချုပ် ဦးအေးမောင်က ကန်တော့ခံ ဆရာ များအနက် သန်ဆဲ၊ မြန်ဆဲ၊ သွက်လက်ဆဲ။ သူ့ အပြုံးက (ဆရာကြီးအပြုံးက) အဓိပ္ပာယ်များစွာ။ ကန်တော့ခံဆရာကြီးများကိုယ်စား ဩဝါဒစကား ပြောကြားရာမှာတော့ "မြို့ပိုင်တစ်ယောက် တော မြို့သို့တာဝန်ထမ်းဖို့အသွား မြို့သူ မြို့သားတို့က အိုးစည်ဗုံမောင်းနှင့် ကြိုဆိုကြပါသတဲ့။ အချိန် ကာလစေ့၍ အဆိုပါ မြို့ပိုင်သည် ထိုမြို့မှပြောင်း မိန့်ထွက်ပါသတဲ့။ ပြောင်းသည့်နေ့မှာ ခွေးတစ် ကောင် ကြောင်တစ်မြည်းမှ မရှိပါ။ လိုက်ပို့သူ၊ နှုတ် ဆက်သူ လုံးဝမရှိ။ မြို့ပိုင်ခမျာ သူ့သေတ္တာ သူထမ်း ၍ သင်္ဘောဆိပ်သို့ ဆင်းရရှာပါသတဲ့။ လူ့ဘဝ၊ လူ့သဘော၊ လူ့မနောဆိုတာ ဒါပါပဲ"တဲ့။ ပြောနေကျ ခတ်ပြားဟောင်းမို့ ဆရာကြီးအကြောင်းသိ တပည့်တွေက ပြုံးစိစိ။ မှတ်မိစရာ၊ ပြောစရာတွေ များလွန်း၍ ထိုနေ့က ဩဝါဒ ချွေတာပြောပါ သည်။

(၃) ဥပဒေပညာရှင် (ဝန်ကြီး)(ငြိမ်း)ဆရာကြီး ဦးသောင်း ညွန့်သည် ကျန်းမာရေးကောင်းသည်။ မှတ်ဉာဏ် ပြင်းသည်။ "မင်းရေးတဲ့ဆောင်းပါးတွေ ငါဖတ် တယ်။ သုတေသနပြု ဆက်ကြိုးစား"ဟု မှာနေ သည်။ စာရေး သူက ခတ်ပုံမှတ်တမ်းရိုက်ကူးနေ သည်ကို အောင်မြင်စေဖို့ (ဝန်ကြီးဟောင်းတစ် ယောက်လိုမဖြစ်ဖို့) ပြုံးပြုံး ရယ်ရယ်သတိပေးသည်။ ဆရာကြီးထံမှ များလှစွာသော ဥပဒေအတွေ့အကြုံ တွေကို(ရှေ့နေချုပ်ရုံး)ညွှန်ချုပ်ဘဝကပင်) စတင် လေ့လာသင်ယူရသည်။ ဆရာကြီးဦးသောင်းညွန့်၏ အတွေ့အကြုံတွေကို အသံဖမ်းပြီး မျိုးဆက်သစ် များအတွက် ဖြန့်ဝေဦးမည်။ တပည့်တာဝန်မကျေ သေး။

(၄) ဒုတိယရှေ့နေချုပ်(ငြိမ်း) ဆရာကြီးဦးကျော်ဝင်း အသက်အရွယ်အရ တောင်ဝှေးဆောင်နေရပြီ။ "ဟဲ့ ကောင်။ ပခုက္ကူသားလေး။ ပခုက္ကူသားတွေနာမည် မပျက်စေနဲ့။ ငါလည်း ပခုက္ကူသားကွ။ ပခုက္ကူဒေသ၊ ကိုယ့်ရွာအတွက် အမှတ်တရဘာလုပ်ပြီးပြီလဲ"ဟု လူကြားထဲမှာ မေးနေရှာသည်။ ပခုက္ကူသားဥပဒေ ပညာရှင်စာရင်းပြုစုထားဖို့ အကြံပေးသွားသည်။ ကျွန်တော့တာဝန်ပါ။

(၅) ဒုတိယရှေ့နေချုပ်(ငြိမ်း)ဆရာဦးခင်မောင်အေး။ တရားရုံးချုပ်တရားသူကြီးတာဝန်ကိုပါထမ်းခဲ့သူ ဆရာ။ ဆရာနှင့်က မကြာခဏတွေ့ရဆဲ။ ဆရာက စာနယ်ဇင်းကောင်စီ(ဥက္ကဋ္ဌ)တာဝန်ထမ်းခဲ့သူ။ တပည့်က ဆရာ့တာဝန် ဆက်ထမ်းခွင့်ရသည်။ မြန်မာနိုင်ငံ သတင်းမီဒီယာကော်စီဝင်(တာဝန်) ကျွန်တော်ထမ်းရသောအခါ ဆရာ့အတွေ့အကြုံ တွေပြန်ပေးရသည်။ ဥပဒေ၊ တရားရေး၊ စာနယ်ဇင်း အတွေ့အကြုံများ ပြန်ပေးရသည်။ဥပဒေ၊ တရား ရေး၊ စာနယ်ဇင်းအတွေ့အကြုံများ ဆရာ့ဆောင်း ပါးရေးနေဆဲ။ ဆောင်းပါးပေါင်းချုပ်စာအုပ်ထုတ် မည်ဟု ဆရာကပြောသည်။ စကားများများ မပြော။ မှန်တယ်ထင်ရင်ဘယ်သူ့ကိုမှ မညှာ။ ရိုးရိုးသားသား၊ အကျင့်စာရိတ္တထိန်းသိမ်းသော ဆရာဦးခင်မောင်အေးအကြောင်း (ထိုနေ့က) တပည့်တွေပြောနေကြသေးသည်။ ဆရာကျန်းမာ ပါစေ။

(၆) ဥပဒေပညာရှင် ဆရာမကြီးဒေါ်မူမူဝင်း။ လှပဆဲ။ နုပျိုဆဲ။ ဇရာဒဏ်ကိုတော့ မငြင်းနိုင်။ ဆရာမကြီး၏ အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု၊ ရှေ့နေ ချုပ်ရုံးသမိုင်းမှာ ဥပဒေဘာသာပြန်အလုပ်တွင် ပြိုင်ဘက်မရှိ၊ တိတိကျကျတာဝန်ထမ်းခဲ့သူ။ စာရေးသူတို့မမေ့နိုင်။ မျိုးဆက်သစ်တို့ ဆရာမကြီး ၏အမွေကို ပြည့်ပြည့်ဝဝမရယူနိုင်ခဲ့ဘူးဟု ထင်သည်။ "ညီမနေကောင်းရဲ့လား။ သတင်းမေး တယ်ပြောပါဟု တိုးညင်းစွာပြောပြီး စာရေးသူ၏ ဇနီးအား မှာကြားသည်။ ကျန်းမာအသက်ရှည် ပါစေဆရာမကြီးဒေါ်မူမူဝင်းခင်ဗျား။ ဆရာကြီး၊ ဆရာမကြီးများအားလုံးမတိမ်းပါးပါစေနှင့်။ မစိမ်း ကားသော အငြိမ်းစားကြီးများပါဗျာ။ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီးဦးကျော် အေးနှင့် ညွှန်မှူး(ငြိမ်း)ဆရာဦးဗကြိုင်တို့တော့ ဒီပွဲကိုမလာနိုင်။ နေလို့မှကောင်းရဲ့လား။ ဆရာကြီး ဦးကျော်အေးက အာပေါင်အာရင်းခပ်သန်သန် နှင့်။ တပည့်ကိုတွေ့ရင် "မင်းဆောင်းပါးတွေ အရည် အချင်းပြည့်ဝအောင်လုပ်။ ငါစောင့်ကြည့်နေတယ်" ဟု သတိပေးနေကျ။ ဆရာဦးဗကြိုင်ကိုတော့ လူ ချင်းမတွေ့။ ဆရာရေးတဲ့စာအုပ်တွေ၊ ဆောင်းပါး တွေသာ တွေ့နေရဆဲ။ ဆရာတို့အားလုံးကျန်းမာ ကြစေ၊ အသက်ရှည်ကြစေ။ ဆရာတို့ကိုသွားတွေ့ ရဦးမည်။

**ဘုရားလိုက်ပို့ဦး**

အငြိမ်းစားဆရာဦးအောင်ခင်သည် ပဲခူးတိုင်းဥပဒေ တာဝန်ခံဖြစ်ခဲ့သည်။ ပဲခူးတိုင်းကောင်စီ (တိုင်းတရား သူကြီး) အဖွဲ့ဝင်လည်းဖြစ်ခဲ့သည်။ ကျွန်တော်တို့၏ ငယ်ဆရာပါ။ ဆရာ့ကို သန်လျင် ကျောက်တန်းဘုရား တွေဖူးဖို့ လိုက်ပို့မည်ဟု ကျွန်တော်ကတိပေးထား သည်။ မေ့နေပြီလား။ ဆရာက "ငါ အသက်ကြီးလှပြီ။ ဘုရားစုံဖူးဖို့ လိုက်ပို့ဦး"ဟု ထိုနေ့က ကျွန်တော့ကို သတိပေးသည်။ ရှက်ရှက်နှင့် တောင်းပန်ရင်း ဆရာ ဦးအောင်ခင်၏ မှတ်ဉာဏ်ကို ရှိခိုးဂါရဝပြုမိသည်။ ဘုရားစုံဖူးဖို့လည်း စီမံပါမည်ဆရာ။ တပည့်တာဝန် မကျေပါ။

**ဆရာဦးအောင်စိန်နှင့် ဆရာများ**

ထိုနေ့က ဆရာ ဦးအောင်စိန်အား သွားနှုတ်ဆက် သည်။ ဆရာက မမှတ်မိတော့ပါ။ မျက်လုံးကတော့ တောက် ပြောင်ဆဲ။ ခန်းမတစ်ခုလုံးမှ တပည့်တွေကို လိုက် ကြည့်နေသည်။ ကျန်းမာရေးကောင်းသော ဆရာ ဦးစိန် လှ၊ ဆရာ ဦးခင်အောင်၊ ဆရာဦးခင်မောင်လေး၊ ဆရာ ဦးခင်မောင်မြင့်၊ ဆရာဦးစံသာကျော်၊ ဆရာ ဦးမြင့် အောင်၊ ဆရာဦးတင်မောင်အေး၊ ဆရာ . . . . များ။ (အမည်နာမများ စုံလင်စွာ၊ ရင်ထဲမှာ ရှိပါသည်) ဤနေရာ တွင် မရေးပြနိုင်သည်ကို ခွင့်လွှတ်ပါ။ မေ့ကျန်ခြင်း မဟုတ်ရပါ။ စာမျက်နှာအခက်အခဲပါ။

**ဆရာ ဦးညီညီနှင့် ဆရာများ**

ခုံရုံးအဖွဲ့ဝင်ဆရာ ဦးညီညီနှင့် အသက်မငယ်တော့ ဘူးဟု ကိုယ်တိုင်ပြောသူ ဆရာ ဦးသိန်းရွှေ(ဧရာဝတီ ဥပဒေချုပ်)တို့အား ဂါရဝပြုသည်။ အမျိုးသားလွှတ် တော် ဒုတိယဥက္ကဋ္ဌ(ငြိမ်း) ဦးမြညိမ်း၊ ခုံရုံးအဖွဲ့ဝင် (ငြိမ်း) များဖြစ်ကြသော ဦးတင်မြင့်၊ ဦးမျိုးချစ်နှင့် ငယ်သူငယ်ချင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ကြီး၊ ဒုတိယဝန်ကြီး တာဝန်ရှိသူများ(အမည်များ မဖော်ပြတော့ပါ)နှင့် တွေ့ကြ၊ ဆုံကြ၊ စကားပြောကြရ သည်မှာ ပျော်သည်။ ကြည်နူးသည်။ မာန်မာနမရှိ။ ရာထူးတွေ၊ ဂုဏ်တွေ မလိုအပ်။ ကျွန်တော် ကျွန်မတွေ အရိုအသေတွေ၊ ပကာသနတွေ၊ စိတ်ထဲမပါဘဲ လွန်လွန် ကဲကဲ၊ အမြှောက်အပင့်တွေ၊ ဟန်ဆောင်မှုတွေ မရှိတော့ ပါ။ မင်းနဲ့ ငါ၊ နင်နဲ့ငါ၊ ဟိုကောင်ကြီး၊ ဒီကောင်လေး၊ ဟိုကောင်မ စသည် စသည် ရင်ထဲရှိတာတွေ၊ မကျေနပ် တာတွေ၊ ကျေနပ်တာတွေ၊ ဆင်းရဲတာတွေ၊ ချမ်းသာတာတွေ . . . ။အစုံပြော။ လက်ရှိတာဝန်ထမ်း ဆောင်ဆဲ ဥပဒေအရာရှိတွေက ငေးကြည့်နေကြသည်။

**ထုချေလွှာတောင်း**

သူငယ်ချင်းပေမယ့်၊ ကျောင်းနေဖက်ပေမယ့်၊ အထက် နှင့်အောက်၊ ရာထူးတာဝန် ပူးတွဲထမ်းခဲ့စဉ်က "သူက ဘာ"၊ "ငါက ဘာ"ဟုဆိုကာ အမှားအမှန်ရှိခဲ့ကြသည်။ အလုပ်ကိစ္စ၊ ထုချေလွှာတောင်းခဲ့ကြသည်။ မှားတယ် ထင်ရင် မခံချင်။ ပြန်ပြောမိသည်။ ဝေဖန်မိသည်။ ယနေ့ တော့ ဘာမှမဟုတ်။ ဘာရာထူးမှမရှိ။ ပွင့်လင်းလှ၏။ ငြိမ်းချမ်းလှ၏။ သူများကောင်းစားတာ ဘာမနာ လိုစရာရှိသလဲ။ သူ့ကုသိုလ်နှင့်သူ။ ကြုံရာဘဝ၊ ရရာ နေရာ ပျော်စရာပါ။ တင်းတိမ်ရောင့်ရဲပါ။ "ငါသည် စာရေးဆရာ၊ ငါသည် သတင်းစာဆရာ"။ မေတ္တာ အနန္တ။ ဆရာ၊ ဆရာမများ၏ ဩဝါဒနာခံရမည်ပ။ ငယ်လှတဲ့အသက် မဟုတ်တော့ပါပြီ။

**သေသူတွေ သေပြီ**

ကိုယ့်ဆရာ၊ ကိုယ့်ဆရာမ၊ လုပ်ဖော်ကိုင်ဖက်တွေ သေသူတွေသေပြီ။ သေမှ မျက်ရည်ကျမနေနှင့်။ မသေ ခင်ချစ်ချစ်ခင်ခင်နေကြပါ။ ကိုမောင်မောင်ခင် (အောင် ဆန်း-၆)သေပြီ။ ဒေါ်သိန်းဟန် သေရှာပြီ။ ဂေါက်သီး ရိုက်ကောင်းသော ကိုသိန်းဟန် သေရှာပြီ။ မမှတ်မိသေး တာရှိဦးမည်။ အလုပ်လုပ်ရင်း ရာထူးပြုတ်သူတွေ ရှိပါ သေး။ နာမည်မရေးတော့ပါ။ ထောင်ကျသူလည်း ရှိသေး သည်။ မပြောတော့ပါ။ ရေးစရာ၊ ပြောစရာတွေ ကျန်သေးသည်။

သထုံမြို့မှာ အိပ်ရာထဲ လဲနေသော ကိုရီ(အောင် ဆန်း-၆)တစ်ယောက် ဒီပွဲကို မလာရောက်နိုင်တော့ပါ။ သူ့လိုပဲ မလာနိုင်တော့သော စိတ်ရောက်ပေမယ့် လူ မရောက်သော သူငယ်ချင်းတွေ ရှိပေဦးမည်။ ဆရာ တွေထဲကရော ကျန်မည်။

**ဆရာကြီး ဦးကြည်ဝင်း**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဥပဒေအတိုင်ပင်ခံ ဆရာကြီး ဦးကြည်ဝင်းလည်း ဒီပွဲကို မလာနိုင်။ သူငယ် ချင်း ဦးဉာဏ်ဝင်း (NLD) (အောင်ဆန်း-၆)ကိုလည်း မတွေ့။ အလုပ်များနေသလား။ ဆရာကြီး ဦးကြည်ဝင်း က ရန်ကုန်တိုင်းတာဝန်ခံ ဥပဒေဝန်ထမ်းအဖြစ် တာဝန် ထမ်းခဲ့သည်။ ကျွန်တော့်ငယ်ဆရာပါ။ ဆရာ့အိမ်သို့ သွားတွေ့ရဦးမည်။

**တင်ပြချက်**

ဥပဒေမိသားစု၊ ဥပဒေအရာရှိဘဝမှာ ကြုံခဲ့၊ ဆုံခဲ့၊ အကောင်းအဆိုး၊ ဘဝပေးအသိများ များစွာရရှိခဲ့ပါ သည်။ ကျေးဇူးတရားများအား အောက်မေ့လျက်။ မတိမ်းပါး၊ မစိမ်းကား၊ အငြိမ်းစားများအားလုံး တရား သစ္စာတည်စေပါကြောင်း . . . . ။

**သူငယ်ချင်းပေမယ့် ၊ ကျောင်းနေဖက်ပေမယ့်၊ အထက်နှင့် အောက်၊ ရာထူး တာဝန်ပူးတွဲထမ်းခဲ့စဉ်က "သူကဘာ"၊ ငါက ဘာ"ဟုဆိုကာ အမှားအမှန် ရှိခဲ့ကြသည်။ အလုပ်ကိစ္စ၊ ထုချေလွှာတောင်းခဲ့ကြသည်။ မှားတယ် ထင်ရင် မခံချင်။ ပြန်ပြောမိသည်။ ဝေဖန်မိသည်။ ယနေ့တော့ ဘာမှမဟုတ်။ ဘာရာထူးမှမရှိ။ ပွင့်လင်းလှ၏။ ငြိမ်းချမ်းလှ၏**

## လယ်ဝေးမြို့တွင် မူလတန်းအဆင့်သင် စွမ်းရည်မြင့်သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂၆**

နေပြည်တော် လယ်ဝေးမြို့ အထက(၁)ရွှေရတုခန်းမတွင် အောက်တိုဘာ ၂၄ ရက်က ညနေ ၃ နာရီက အခြေခံ ပညာမူလတန်းအဆင့်သင် ဆရာ ဆရာမများ၏ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးသင်တန်းဆင်းအခမ်း အနားကျင်းပခဲ့သည်။

အခမ်းအနားတွင် လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦးက အမှာစကားပြော ကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်စန်း စန်းကြွယ်က ဆရာအတတ်သင်ပညာရေးကဏ္ဍအကြောင်း ရှင်းလင်း ပြောကြား ပြီး ဆက်လက်၍ သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများကိုယ်စား နည်းပြဆရာတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသည့် သင်တန်းသား သင်တန်းသူ များအား ဆုများချီးမြှင့်ခဲ့သည်။ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ဒက္ခိဏခရိုင်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းကြွယ် နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ မြို့မိမြို့ဖ ဦးမြင့်လွင်၊ ကျောင်းအုပ် ဆရာကြီး ဆရာမကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်း သူဆရာ ဆရာမများအင်းအား ၂၆၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ၅ ရက်အတွင်း စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့ကာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ စုစုပေါင်း ၁၀ ဆုချီးမြှင့်ခဲ့သည်။

အခမ်းအနားအပြီးတွင် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများက တေးသရုပ်ဖော်များ၊ အဆို အကများဖြင့်ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရ သည်။ **(၁၀၇)**



# ကိုလူမုန်းနဲ့ ကိုချစ်ခင် သတိမမေ့တတ်ကြလျှင်

သရက်တန်းစိုးရွှေ(စိတ်ပညာ)



မှန်တာပြောလျှင်သစ္စာဟု လူတိုင်းပြောတတ်ကြပေသည်။ မဟုတ်တာ၊ မမှန်တာမလုပ်ဘူးကွဟုလည်း ကြုံးဝါးပြတတ်ကြပေသည်။ ထို့အတူပင် သူတစ်ပါးကို အပြစ်ပြောသည့်အခါတွင်လည်း စကားတစ်လုံးကို တွင်တွင်ပြောတတ်ကြပေသည်။ ထိုစကားမှာ အလကားဘဝမေ့တဲ့ကောင်ပါကွာ သတိမေ့တဲ့သူပါကွာဟူ၍ပင်ဖြစ်ပေသည်။

ငယ်စဉ်ကစာအော်ကျက်သည့်အတိုင်း စာတစ်ကြောင်းကို လေးလေးပင်ပင်ဖြင့် ဆိုလိုက်ချင်ပါသည်။ ထိုစာကြောင်းကို အသံနေအသံထားဖြင့် သီဆိုပါက လူသည် သတိမေ့တတ်ကြပါသည်ဟူ၍ပင် ဖြစ်ပေသည်။ ထိုသို့ဆိုပါက အများစုမှာ သီဆိုသူကို အပြစ်ပြောမည်မှာ သေချာလှပေသည်။ လူတိုင်းသတိမမေ့ဘူးကွဟူ၍လည်း ပြန်လည်ချေပကြပေလိမ့်မည်။ ကိုယ်တိုင်ငယ်စဉ်က ရည်မှန်းမှု ရည်ရွယ်မှုတွင် ကောင်းတာလုပ်ဆောင်ကာ ကြိုးစားမည်ဟု ခံယူထားပြီး လက်ရှိမှာ သတိမေ့သလို ဖြစ်နေတတ်ကြပေသည်။

လူသည် သတိမေ့တတ်ကြသည်မှာ အမှန်ဟုပင် ပြောဆိုနိုင်ပါပေသည်။ အကြောင်းမှာ ငယ်စဉ်က မိဘများမှ သားသမီးကို ချော့မြူမေးမြန်းသည့်အခါ ဖြေခဲ့သည့် အဖြေများ ရှိပေသည်။ ထိုအရာများမှာ အကောင်းချည်းပင် ဖြစ်ပေသည်။ ကိုယ်တိုင်လည်း ဖြေခဲ့ဖူးပေသည်။

သားသားကြီးလာရင် စစ်ဗိုလ်ကြီးလုပ်မယ်။ ဆရာဝန်ကြီးလုပ်မယ်၊ ကျောင်းဆရာကြီးလုပ်မယ်မှအစ အခြားကောင်းသောအရာများကိုသာ ပြုလုပ်မည်ဟု ရည်မှန်းပြောဆိုတတ်ကြပေသည်။ ထို့အတူပင် လူကြီးများက ကောင်းမှုများပြုလုပ်ရန် ဆုံးမသည့်အခါ သိသိရရ ဟုတ်ကဲ့ဟု ကတိပေးခဲ့ကြသည်။

ထိုအရာများစွာကိုကြည့်ခြင်းအားဖြင့် အသက်ကြီးလာချိန်တွင် မကောင်းမှုတစ်ခုခုကို ကျူးလွန်နေသမျှ သတိမေ့သူဟု ဆိုနိုင်ပါပေသည်။ ထို့အတူပင် အချိန်ကို ပေါ့တန်စွာသဘောထား၍ မိမိရပ်ရွာ မိမိမြို့နှင့်တကွ တိုင်းပြည်အတွက် အကျိုးရှိအောင် မဆောင်ရွက်ဘဲနေမိပါက သတိမေ့သူဟု ဆိုနိုင်ပါပေသည်။

သတိမေ့သူဟု အပြောခံရသည်ထက် စကားတစ်ခွန်း အပြောမခံရအောင် စွမ်းဆောင်ကြရပေမည်။ ထိုစကားမှာ လေပြောသာရှိသည်ဆိုသောစကားပင် ဖြစ်ပေသည်။ လက်တွေ့နယ်ပယ်တွင် လေပြောများကာ လက်တွေ့မလိုက်သမျှ တိုးတက်ခြင်းကဝေးကွာနေမည် ဖြစ်ပေသည်။

ပြောဆိုသည့်စကားများစွာထဲတွင် သူများနိုင်ငံ သူများတိုင်းပြည် သူများမြို့ရွာ၏ လမ်း၊ တံတား၊ အဆောက်အအုံတို့ ခေတ်မီပုံကို ပြောဆိုနေတတ်ကြပေသည်။ ထိုသို့ပြောဆိုမှု၏နောက်တွင် စကားတစ်ခွန်းပါ အဆစ်ထည့်လိုက်ပါသေးသည်။ ထိုစကားမှာ ဒို့ဆီများကွာဟုပင် ပြောဆိုကာ ကိုယ့်ရပ်ရွာ၊ ကိုယ့်ဌာနေကိုပင် အပြစ်ပြောတတ်ကြမြဲပင် ဖြစ်ပေသည်။ မေ့နေကြ၍သာ လူသည် ကိုယ့်ကိုယ်ကိုယ် အကောင်းမြင်တတ်သူသာလျှင် ဖြစ်ပေသည်။ မိမိဇာတိချက်ကြွေ မွေးရပ်မြေခေါင်းစဉ်ဖြင့် စာစီစာကုံးရေးခိုင်းသမျှ ရွာ၏အလှကို ကောင်းမွန်စွာ ဖွဲ့နွဲ့ကြမြဲပင်ဖြစ်ပေသည်။

သို့အတွက် ကိုယ့်ရပ်ဌာနေ၊ ကိုယ့်တိုင်းပြည်အား အပြစ်ဆိုစမ္ဘ လူကလန့်ဟုပင် ဆိုနိုင်ပါပေသည်။ ကိုယ့်ကျေးရွာကလေး မတိုးတက်သမျှ ဖွံ့ဖြိုးဆဲဟုပင် ဖေးမခံယူရဲရပေလိမ့်မည်။ ကိုယ့်ရပ်ရွာသာယာရေး ကိုယ်ထူကိုယ်ထလမ်းခင်းပါက အားရပါးရ စွမ်းဆောင်ရဲကြရပေမည်။ သို့တစေ လေကြီးနေသူများမှာ ထိုသို့ပြုလုပ်နေပါက ရှောင်ထွက်သွားကြမြဲပင် ဖြစ်ပေသည်။

အပြစ်ပြောရမည့်အချိန် မဟုတ်တော့ပါချေ။ ကိုယ်နေရာရရေး၊ အခြားသူကို တွန်းကန်ကြရမည့်အခါ မဟုတ်တော့ပါချေ။ အားလုံးညီညွတ်စွာ ကြိုးစားရမည့် အချိန်ပင် ဖြစ်ပေသည်။ တစ်ရက်တာနေထိုင်ရပါစေ ကိုယ့်ရပ်ရွာ၊ ကိုယ့်တိုင်းပြည်အကျိုး သယ်ပိုးသင့်လှပါပေသည်။ မှတ်သားဖွယ်စကားတစ်ခွန်းရှိပေသည်။ သမိုင်းကောင်းဆိုတာ လက်တွေ့ကောင်းတာလုပ်ဆောင်မှသာ ဖြစ်လာနိုင်သည်ဆိုသောစကားပင်ဖြစ်ပေသည်။

ငယ်စဉ်ကကြုံဖူးခဲ့သော လူနှစ်ဦးရှိပေသည်။နှစ်ဦးစလုံး စိတ်မနှံ့သူများပင်ဖြစ်ပေသည်။ တစ်ဦးမှာ အော်ဟစ်ကာ ဘာမျှမလုပ်ဘဲ အပြစ်အမြဲပြောလေ့ရှိပေသည်။ အမြဲတမ်းဆဲ၍၊ အမြဲတမ်း သူတစ်ပါးအပြစ်ကို ပြောဆိုဝေဖန်နေတတ်ပေသည်။ ထိုသူပြောသမျှ မည်သူမျှ ဂရုမစိုက်တတ်ကြတော့ပေ။ ထို့အတူပင် ထိုအရူးအား မည်သူမျှ မချစ်ခင်ကြပါချေ။ သို့တစေ ထိုအရူး၏အမည်မှာ ကိုချစ်ခင်ဟုပင် ခေါ်တွင်ခဲ့ပေသည်။

အရူးတစ်ယောက်မှာ ယဉ်ယဉ်ကလေးဖြင့်ရူးနေပေသည်။ မည်သူကိုမျှ အပြစ်မပြောတတ်ပေ။ သို့တစေ ထိုသူမှာ အမြဲတမ်း အလုပ်ရှုပ်နေပေသည်။ လမ်းပေါ်တွင်တွေ့သော ဆူးခက်များနှင့် အမှိုက်များကို ကောက်၍ စုပုံကာ မီးရှို့တတ်ပေသည်။ ရာသီမရွေး သစ်ပင်စိုက်တတ်ပေသည်။

ဘုန်းကြီးကျောင်းဆိုပါက ညောင်ပင်များစွာကို စိုက်ပျိုးတတ်ပေသည်။ လယ်ကန်သင်းများတွင်မူ ထန်းပင်များကို စိုက်ပျိုးတတ်ပေသည်။ ဘုန်းကြီးကျောင်းမှ ညောင်ပင်များကို ညနေတိုင်းပုံမှန် ရေလောင်းလေ့ရှိပေသည်။ ထိုရွာဝန်းကျင်နှင့် ဘုန်းကြီးကျောင်းတို့တွင် သူစိုက်သောအပင် မကင်းလှပါချေ။ ဘုန်းကြီးကျောင်းမှညောင်ပင်ကိုမြင်သမျှ ဘယ်သူစိုက်တာဟုပင် သိသိရရပြောဆိုကာ သတိရနေကြပေသည်။

ထိုသူအား အများခေါ်ကြသည်က ကိုလူမုန်းဟူ၍ပင် ဖြစ်ပေသည်။ ကိုလူမုန်းကတော့ အလုပ်လုပ်ခြင်းဖြင့် ကောင်းသောသမိုင်းကိုရေးနေသည့်အတွက် ရွာမှ ချစ်ခင်ကြပေသည်။ ကိုချစ်ခင်မှာမူ လေပြောသာရှိပြီး အပြစ်တင်ဝေဖန်မှုများနေသည့်အတွက် ရွာမှမချစ်ခင်ကြပေ။ မည်သို့ပင်ဖြစ်စေ နောက်ဆုံးအဖြေတစ်ခုသာလျှင်ရှိပေသည်။ ကိုယ်တိုင်ပေးထားသောကတိကို ကိုယ်တိုင်သတိရကာ ကောင်းမှုများစွာပြုရင်း တိုးတက်သောနိုင်ငံတော်ဖြစ်ရေး လက်တွေ့ကလေးများဖြင့် လုပ်ဆောင်ရမည်ဖြစ်သည်။ ကိုလူမုန်းနှင့် ကိုချစ်ခင် အပါအဝင် အားလုံးအားလုံးသောသူများ သတိမမေ့ကြလျှင်ဖြင့်။

## မြင်းမူမြို့နယ် လက္ကပင်ရွာ အမှိုက်က ရွှေဖြစ်နေပြီ

**မြင်းမူ အောက်တိုဘာ ၂၅**

ဂုံပင်ကို တပေါင်းလပြည့်ကျော်လျှင် စတင်ရိတ်သိမ်းလေ့ရှိသည်။ ဂုံရိုးခမောက်လုပ်ကိုင်မည့်သူအပေါ်မူတည်၍ တစ်နှစ်စာ ဂုံရိုးစုဆောင်းထားရသည်။ ဂုံရိုးကို လက္ကပင် ကြော့မင်း အလွှကပ္ပကျေးရွာတို့က ဝယ်ယူရသည်။

ဂုံရိုးတောထွက်တစ်ထုံး အချိန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျပ်ပေးဝယ်ရသည်။ ဂုံရိုးတစ်ထုံးကို ဂုံရိုးအကြမ်းနှင့် ဂုံရိုးအနုနှစ်မျိုးထွက်သည်။ အကြမ်းကြိုးကျစ်ပြီး ခုနစ်လုံးစာ ခုနစ်ခွေ ရသည်။ အနုငါးလုံးစာ ငါးခွေရသည်။ ဂုံရိုးတစ်ပင်လျှင် အရင်းဆစ်နဲ့ အဖျားဆစ် နှစ်မျိုးထွက်သည်။ အရင်းဆစ်က အလုံးတုတ် အကြမ်းကျစ်ပြီး အတောင်ရေ ၃၀ တစ်လုံးစာတစ်ခွေ ၇၀၀ ကျပ် အဖျားဆစ်က အလုံးသေး အနုကျစ်ပြီး အတောင်ရေ ၄၀ တစ်လုံးစာ တစ်ခွေ ၁၁၀၀ ကျပ် ပေးရသည်။ ဂုံရိုးခမောက် ဖြစ်အောင်စလုပ်တော့မည်ဆိုပါက ဂုံရိုးကျစ်ထားပြီး တစ်ခွေချင်း (မကွဲ)စေရန် ရေစွတ် ကြိတ်ခုံဖြင့်တစ်ခါကြိတ်ပြီးရင် အပ်ချုပ်စက်ဖြင့် ပတ်ချုပ် ခေါင်းတစ်ခေါင်းစာဝင်ရင် အထက်အောက်အပ်ချည်ကြိုးဖြတ် ဒူးခေါင်းပေါ်စွတ်ပြီး လက်ဖြင့် လိုသလိုပုံဖော်ပြီး ပြောင်းပြန်လှန်ပတ်ချုပ်ရပြန်သည်။

ပြီးလျှင် ခမောက်ချုပ်လုပ်ခြင်းပြီးတာနဲ့ ချွတ်ဆေးတစ်ညသိပ် နောက်တစ်နေ့ နေလှန်း၊ ခြောက်ပြီဆိုရင် ဆေးဆိုးပန်းရိုက်ပြီးလျှင် အရိပ်ထဲလှန်း ဂုံရိုးခမောက် တစ်လုံးပြီးလျှင် ကုန်ကျငွေပမာဏမှာ ဂုံရိုးကျစ်ပြီး တစ်လုံးစာ ငွေကျပ် ၁၁၀၀၊ ချွတ်ဆေး ၅၀ ကျပ်၊ ချုပ်ခ၊ အပ်ချည်ဖိုး ၇၀ ကျပ်၊ ရိုက်သီး၊ ဆေးဆိုးပန်းရိုက် ၂၅ ကျပ်၊ တန်ဆာခ ၅၀ ကျပ်၊ တစ်လုံးအရင်း ၁၂၉၅ ကျပ်ဖြစ်သည်။ ဖောက်သည်ဈေး တစ်လုံးကို ၁၅၀၀ ကျပ်။ ယခုမှပေါ်သော ရွှေမှုန်ရတီ ငွေမှုန်ရတီ ခမောက်တစ်လုံးစာ ၁၂၀၀ ကျပ်၊ ချုပ်ခ ၁၅၀ ကျပ်၊ ရွှေအမှုန်၊ ငွေအမှုန် ဆေးဆိုး၊ ပန်းဆွဲ၊ လက်ခ ၂၅၀ ကျပ်၊ လမ်းစရိတ် တစ်လုံး ၅၀ ကျပ် (ဖောက်သည်ဈေး) တစ်လုံး ၂၀၀၀ ကျပ် သွင်းရသည်။ အရင်း ၁၆၅၀ ကျပ် ဂုံရိုးကျစ်လျှင် တစ်ရက် လူကြီးက အကြမ်းခွေ ၅ ခွေ ၅ လုံးစာ အနု ၃ ခွေ ၃ လုံးစာပြီးသည်။ ၁၀ နှစ်သမီး ကျောင်းသူတစ်ယောက် နေ့လည်ထမင်းစားပြန်စားပြီးတာနဲ့ကျစ်တယ်။ ညနေကျောင်းဆင်း ဂုံရိုးကျစ်တာ တစ်ရက် ၁၁၀၀ ကျပ် ဝင်ငွေရှိနေသည်။ ကလေး၊ လူကြီး ညတီဗွီကြည့်ရင်း ဂုံရိုးကျစ်ကြသည်။

"ကျွန်မတို့ ဂုံရိုးခမောက်အမျိုးအမည် အမယ်ရေ ၁၅ မျိုး ၁၈ မျိုးလောက်ထွက်ပါတယ်။ အိမ်မှာ လေးလုံးအပြင်မှာ နှစ်လုံး ပေါင်း စက် ၆ လုံးချုပ်တာ။ ကျွန်မတို့ ဂုံရိုးခမောက်တွေကို အထက်မြန်မာပြည် အောက်မြန်မာပြည်အနှံ့ ပေးပို့လျက်ရှိပါတယ်။ ဒီဂုံရိုးခမောက်ပညာကို ရတာက တရုတ်ကလာတဲ့ ဂုံရိုးခမောက်ကို အစအဆုံးဖြည် ကြည့်တယ်။ အဲဒီကနေ ဒီပညာကိုရခဲ့တာပါ။ ဂုံရိုးခမောက်လုပ်လာတာ ၂၆ နှစ်လောက်ရှိပြီ။ ကျွန်မတို့ရွာက ဂုံရိုးခမောက် တစ်နှစ်ကို ၁၀ လလုပ်တယ်။ ၂ လက ကုန်ကြမ်းစုဆောင်းရပါတယ်။ ဒီအလုပ်နဲ့ တစ်ရွာလုံး အဆင်ပြေကြပါတယ်" ဟု ခမောက်လုပ်ကိုင်သူတစ်ဦးကပြောပြသည်။

ယင်းကျေးရွာတွင် လွန်ခဲ့သောနှစ် ၅၀ ခန့်က မြင်းမူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်ရှိ သမန်းပင်၊ ကိုင်းပင်များ သွားရောက်ခုတ်ပြီး ဝါးလုံးလက်သန်းတစ်လုံးစာ ထန်းလျှော်တုတ်ပြီး သက်ငယ်တစ်ပစ် ငါးပြား၊ ပစ် ၁၀၀ စီးစီးပြီး လုပ်ကိုင်စားသောက်ခဲ့ရသော်လည်း ယခုအခါတွင် ခမောက်လုပ်ငန်းဖြင့် အဆင်ပြေလျက်ရှိသည်။ **(၆၂၄)**

## ယာဉ်အန္တရာယ်ကင်းရှင်းရေးလမ်းလယ်မျဉ်းနှင့် လမ်းအမှတ်သားများ ဆောင်ရွက်လျက်ရှိ

**တာချီလိတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် စည်ပင်သာယာရေးကော်မတီက ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီသွားလာရေး တာမိုပလတ်စတစ်စက်ဖြင့် လမ်းလယ်မျဉ်းနှင့် လမ်းအမှတ်သားများရေးဆွဲခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ်သိန်း ၁၅၀ ဖြင့် လမ်းအရှည် ၅ မိုင်အား လမ်းလယ်မျဉ်းနှင့် လမ်းအမှတ်သားများရေးဆွဲခြင်း၊ ယာဉ်မတော်တဆမှု မကြာခဏဖြစ်ပေါ်လျက်ရှိသည့် နေရာများတွင် ညပိုင်းရောင်ပြန်မီးများ (Cats eye) များ တပ်ဆင်ဆောင်ရွက်နေခြင်းကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မိုးထွန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးတို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



**(VAC)® VALUE ADDED CONSULTANCY**

**မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း**

(မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံခြားကုမ္ပဏီများမှအလုပ်တွေခေါ်နေပြီ)

## Job Openings for Foreign Firms

**Head Of Treasury** - Japan Bank – USD 2500 — M/F(1)
- B.Com / CPA / LCCI III , 6yrs Exp in Accounting & Finance Field.

**Dy HR Manager** - Japan Bank – USD 2000 — F(1)
- Any Grad , 5yrs Exp On Relevant Field, ( Pre Banking Field )

**General Affairs ( Admin )** – Japan Co – 500,000/- Kyats – 3yrs Exp, — F(1)

**Reception** – SG Co – 500,000/- Kyats – 2yrs Exp, English 4 Skills — F(1)

**Compliance Staff** - Japan Co – USD 300 - 2yrs Exp — M/F(1)

**Security** - 180,000Kyats –10th Standard,No Need Exp, Age 20 – 25 — M(10)

**Tax Manager** – UK Co — M/F(1)
– B.Com/ CPA ,LCC III, 5yrs Exp On Taxation , Fluent In English

**Accountant** – USD 800 – B.Com/CPA/ACCA II, 3yrs Exp — F(2)

**Internal Audit** - B.Com/ CPA/ACCA , 5yrs Exp On Relevant Field — (1)

**Logistics Manager** - USA Co - USD 1200 — M/F(1)
-Degree In BBA, Logistics, Supply Chain, 8yrs Exp On Supply Chain,( Pre SAP )

**Logistics Executive** - Telecom – USD 1100 — M/F(1)
-5yrs Exp On Relevant Field, ( Prefer Telecom Field )

**Courier / Express Sales** - USD 1000++ — M/F(2)
-3yrs Exp On Relevant Field, ( Prefer DHL , MGL , UCS , UPS , ECS )

**Web Developer** - Telecom – USD 1000 — M/F(1)
- B.C.Sc / BE/GTI(IT) ,5yrs Exp (Pre Exp On Mobile APP Developement)

**Sr Programmer** - Canada Co – 750,000 Kyats — M(2)
- 5yrs Exp in Developing Active Server Application In C# with ASP.NET

**Web Developer** - Japan Co - 600,000 Kyats — M/F(1)
- Proficiency In HTML, CSS & Java Script , CMS platform for rapid prototyping

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CVကို MicroSoft Word File ဖြင့်ပို့ပါ။

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ Like **Value Added Consultancy**

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094



**79 Home Builder Steel Structure & Construction Co., Ltd.** မှ
ဝန်ထမ်းအမြန်အလိုရှိသည်

1. **Auto Cad Drafter** — 1-Post
   - BE / B.Tech / AGTI (Civil)
   - အနည်းဆုံးလုပ်သက် (၂) နှစ်ရှိရမည်။
   - Auto Cad Software (2D / 3D) ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
   - Sketch Up / Render အခြေခံရှိသူဦးစားပေးမည်။
2. **Site Engineer** — 3-Posts
   - BE / B.Tech / AGTI (Civil)
   - အနည်းဆုံးလုပ်သက် (၃) နှစ်ရှိရမည်။
   - Steel Structure အဆောက်အဦဆောက်လုပ်မှု အတွေ့အကြုံရှိရမည်။
3. - စာရင်းကိုင် — 1-Post
   - Any Graduate
   - အနည်းဆုံးလုပ်သက် (၁) နှစ်ရှိရမည်။
   - Photoshop & Power Point ကျွမ်းကျင်သူဦးစားပေးမည်။
   - E-mail ကောင်းမွန်စွာ သုံးစွဲနိုင်ရမည်။
4. **Accountant** — 1-Post
   - LCCI (Level 2)
   - ကွန်ပျူတာကျွမ်းကျင်ရမည်။
   - အနည်းဆုံးလုပ်သက် (၁) နှစ်ရှိရမည်။
5. အထွေထွေရုံးဝန်ထမ်း — 2-Post (M/F)
   - အခြေခံပညာအထက်တန်း

Position အားလုံးအတွက် တောင်ဥက္ကလာပ၊ မြောက်ဒဂုံ၊ သဃ်န်းကျွန်း၊ ရန်ကင်းမြို့နယ်များတွင် နေထိုင်သူဦးစားပေးမည်။ လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှစ၍ (၂) ပတ်အတွင်း လိုအပ်သောစာရွက်စာတမ်းများနှင့် အောက်ပါ လိပ်စာသို့ ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

Address : No (294), Parami Road, (4) Quarter, South Okkalar Township, Yangon.
Phone : 09-8625750, 09-773797979.



# ဝန်ထမ်းအလိုရှိသည်

KL Seven ကားအရောင်းစင်တာတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

(၁) Office Staff — (ကျား/မ) — (၄)ဦး
ပညာအရည်အချင်း တက္ကသိုလ်မှဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
အသက် ၁၈ နှစ်မှ ၂၈ နှစ်အတွင်း ဖြစ်ရမည်။ ဖယ်ရီကြို/ပို့ရှိသည်။
**အခြေခံလစာ(၁၅၀၀၀၀)ကျပ်**

(၂) အရောင်းစာရေး — (ကျား/မ) — (၄)ဦး
ပညာအရည်အချင်း တက္ကသိုလ်ဝင်တန်းအောင်မြင်ရမည်။
အသက် ၁၈ နှစ်မှ ၂၈ နှစ်အတွင်း ဖြစ်ရမည်။
ဖယ်ရီကြို/ပို့ရှိသည်။
**အခြေခံလစာ(၁၂၀၀၀၀)ကျပ်**

(၃) သန့်ရှင်းရေး — (ကျား/မ) — (၂)ဦး
အသက်၁၈နှစ်မှ ၃၀နှစ်အတွင်းဖြစ်ရမည်။
**အခြေခံလစာ(၁၂၀၀၀၀)ကျပ်**

(၄) လုံခြုံရေး — (ကျား) — (၃)ဦး
အသက်(၁၈)နှစ်မှ ၅၀ နှစ်အတွင်း ဖြစ်ရမည်။
**အခြေခံလစာ(၁၂၀၀၀၀)ကျပ်**

(လျှောက်ထားလိုသူများသည် အမှတ်(၁၀/ခ)၊ ဝန်မင်းလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်သို့ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူပါရှိရမည်။)

**ဆက်သွယ်ရန်**
**ဖုန်း-၀၁-၅၅၇၇၁၈၊ ၀၉-၇၃၆၃၀၇၆၁၊ ၀၉-၇၃၆၃၀၇၆၂**



# ဝန်ထမ်းအမြန်အလိုရှိပါသည်။

MTWK Co,Ltd မှလုပ်ငန်းများအတွက်ထိုက်တန်သောလစာနှင့်အောက်ပါအလုပ်များအတွက် ဖိတ်ခေါ်လိုက်ပါရစေ...

(1) Sales and Marketing Manager — (1) Pos
(2) Sales Manager — (1) Pos
(3) Assistant Sales Manager — (1) Pos
(4) Area Manager — (1) Pos
(5) Area Supervisor — (8) Pos
(6) Sales Man — (10)Pos
(7) Sales Trainee — (20) Pos
(8) Sales Promoter — (20) Pos

(showroom နှင့် Promotion ပွဲများတွင်တာဝန်ထမ်းဆောင် နိုင်သူ ဖြစ်ရမည်)

စိတ်ဝင်စားသော သူများအနေဖြင့်လိုအပ်သော စာရွက်စာတမ်းများ အပြည့်အစုံဖြင့်လူကိုယ်တိုင်ဖြစ်စေ E- Mail ဖြင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

MTWK Co,Ltd
No(4B/1),Parami Road, 10th Quarter Mayangone Township Yangon
Ph:01665634, 09264671387, 09791606793, 09791606792,09264671386,
E-mail - m.t.w.k.office01@gmail.com



ပင်လယ်ကမ်းခြေမြို့ရှိ
KTV & Beauty Saloon တွင်
မန်နေဂျာ (မ) (၂)ဦး
စာရင်းကိုင် (မ) (၂)ဦး
အမြန်အလိုရှိသည်။
ဖုန်း-၀၉-၂၅၂၅၄၁၁၅၅၊ ၀၉-၃၀၇၃၅၇၇၃



မင်္ဂလာပါ
Box
09-450042704
09-250095116
09-420096296






FAME
**Cholecrush®**
For gallstones
သည်းခြေကျောက်ပျော်ဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 010682(0816)

FAME
**MilkThistle**
Potent Antioxidant for Liver
အသည်းဆေး
ISO 9001 : 2015
ISO 14001 : 2015
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007178 (0716)







Since 1965

ကျိုက်ထီးရိုး • မြဝတီ

ချောင်းသာ • ငပလီ

01-392704, 09 73017110

ရွှေအနွယ်တော် ... 09-442595612,09-777445619

GOLDEN STAR

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

ရွှေခေါင်းလောင်း

Ph : 09 254499128, 09 255857899, 09 451127809

တောင်ကြီးမီးပုံးပျံပွဲတော်-အင်းလေး-ပင်းတယ-ကလော-လျှိုင်ကော်

(11.11.2016) ရက်နေ့ထွက်မည်

ကျိုက်ထီးရိုး မော်လမြိုင် ကျိုက္ကမီ စက်ဆဲ ဘားအံ

(18.11.2016) ရက်နေ့ထွက်မည်

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

ဂုဏ်ထူး ဦးအောင်နိုင်

ဒေါ်စန္ဒာအောင်နိုင်

English Speaking ( အင်္ဂလိပ် စကားပြော )

၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်

B.A ( English )
Diploma in Travel & Tourism
City College of San Francisco

၂၅၂ ပန်းဆိုးတန်း 01 252 919, 09 964 252 919 ပညာနန်းတော်၊ သံသုမာလမ်း 09 798 443320


## ကမ်းလွန်လုပ်ကွက် M8တွင် ရှာဖွေရေးတွင်းတူးခြင်း လုပ်ငန်းအပေါ် သဘာဝပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင်ဆိုင်ရာ ထိခိုက်မှု လေ့လာဆန်းစစ်မှုလုပ်ကိုင်ခြင်း

ဘာလင်ဂါ မြန်မာပရိုက်ဗိတ်လီမိတက်သည် မြန်မာနိုင်ငံ ဧရာဝတီတိုင်းဒေသကြီးတွင်ရှိသော ကမ်းလွန်လုပ်ကွက် M8 တွင် ရှာဖွေရေးတွင်းတူးခြင်း အစီအစဉ်ကို လုပ်ကိုင်ရန် အဆိုပြုထားပါသည်။ အဆိုပါရှာဖွေရေးတွင်းတူးခြင်း လုပ်ငန်းကို ၂၀၁၈ခုနှစ် နှစ်ဦးပိုင်း သို့မဟုတ် နှစ်ကုန်ပိုင်းတွင် ရွေ့လျားနေရာချထားနိုင်သော မိုဘိုင်းတွင်းတူးစက်ဖြင့် တူးဖော်မည်ဖြစ်ပါသည်။ ရှာဖွေရေးတွင်းတူးဖော်မည့်နေရာမှာ အနီးဆုံးကမ်းရိုးတန်းမှ ၁၆ကီလိုမီတာနှင့် ပင်မကုန်းမြေမှ ၁၃၀ကီလိုမီတာတွင်တည်ရှိပါသည်။

ဘာလင်ဂါအနေဖြင့် အစိုးရအဆင့်၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်စသည်တို့တွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများအရ ဘာလင်ဂါအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ခြင်း လုပ်ငန်းကိုလုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည်။ ဘာလင်ဂါကိုယ်စား သဘာဝပတ်ဝန်းကျင်အရင်းအမြစ်များစီမံခန့်ခွဲမှု (အီးအာအမ်)မှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းအပါအဝင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း(၂၀၁၅)အရ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပြုထားသော လုပ်ငန်းဆောင်ရွက်မှုများ၊ ဘာလင်ဂါ၏ မြန်မာပြည်တွင်း ဆောင်ရွက်မှုများကို ပိုမိုသိရှိလိုပါက ဘာလင်ဂါ၏ အင်တာနက်စာမျက်နှာ www.berlanga-group.comတွင် တွေ့ရှိနိုင်ပါသည်။

စီမံကိန်းအစီရင်ခံစာနှင့် ပတ်သက်၍ စုံစမ်းမှုများ၊ မှတ်ချက်များ၊ အကြံပေးမှုများ ပေးပို့ပြုလုပ်လိုပါက စာဖြင့်ရေးသား၍ yangon@berlanga-group.com သို့ ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်ကို နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။













# (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

## လာမည့်နှစ်တွင် ကျန်ရှိသေးသည့် တိုင်းရင်းသားရိုးရာအကများ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်း

**နေပြည်တော်  အောက်တိုဘာ  ၂၅**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှစတင်၍ နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပြိုင်ပွဲများမှ ရွှေတံဆိပ် ၁၅၃ ဆု၊ ငွေတံဆိပ် ၁၃၂ ဆု၊ ကြေးတံဆိပ် ၁၁၂ ဆု၊ နှစ်သိမ့်ဆု ၄၇ ဆုနှင့် အထူးဆု သုံးဆုတို့ကို ရွေးချယ်ချီးမြှင့်နိုင်ခဲ့သည်။

အဆိုပါ ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၂ ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ ဆုများ ချီးမြှင့်သည်။

အခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကက တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဆုများရရှိကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဆုရရှိသူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆုမရရှိသော်လည်း ရိုးရာယဉ်ကျေးမှုများကို မြတ်နိုးစိတ်နှင့် အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်ခဲ့မှုကိုလည်း အလေးထား မှတ်တမ်းတင်ပါကြောင်း။

မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပနေခြင်းသည် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အနုသုခုမများကို ထိန်းသိမ်းခြင်းအပြင် တိမ်မြုပ်ပျောက်ကွယ်မသွားသင့်သော အမွေအနှစ်များ စဉ်ဆက်မပြတ် ထွန်းကားပြန့်ပွားစေလိုသည့် ရည်ရွယ်ချက်များပါရှိသကဲ့သို့ ယခုပြိုင်ပွဲကြီးသည် လူမျိုးတစ်မျိုး၊ တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁



ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်းစဉ်)

## အဝါရောင်အဆင့် ဆိုင်ကလုန်းမုန်တိုင်း မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားခြင်းမရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ည ၇ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "ကြံ့" (KYANT)သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်ဘက်မိုင် ၂၃၅ ခန့်၊ ဂွမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၂၃၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက် ၂၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗိဇာကာပတ္တနမ်မြို့၏ အရှေ့ - အရှေ့တောင်ဘက် မိုင် ၄၂၅ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ကြံ့" (KYANT)သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပြီး မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားခြင်းမရှိသဖြင့် ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေကို အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳



စစ်တွေမြို့ အထက(၄)မှ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။ တင်ထွန်း(ပြန်/ဆက်)

## မောင်တောမြို့နယ်တွင် ကျောင်းများ အမြန်ဆုံးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေ

**စစ်တွေ  အောက်တိုဘာ  ၂၅**

သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလ ပြီးဆုံးသွားသော်လည်း နယ်မြေအခြေအနေအရ မောင်တောခရိုင်အတွင်းရှိ စာသင်ကျောင်းအနည်းငယ်သာဖွင့်လှစ်နိုင်ပြီး စာသင်ကျောင်းအများစုမှာ ကျောင်းဖွင့်လှစ်နိုင်ခြင်းမရှိသေးကြောင်း စစ်တွေမြို့ရှိ ပညာရေးမှူးရုံးမှ သိရသည်။

"ကျောင်းတွေမဖွင့်နိုင်သေးဘူးဆိုတာက အဓိကလုံခြုံရေးပါ။ ဆရာ ဆရာမတွေလုံခြုံရေးလည်းပါသလို စစ်ရှောင်တဲ့မိသားစုတွေ နေရပ်ပြန်မရောက်လာသေးလို့ ကျောင်းတက်မယ့်ကျောင်းသားမရှိတဲ့အနေအထားအပေါ်

**စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❖